# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက် ၂၀၁၈ ခုနှစ်၊ ဇွန် ၁၀ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၇)၊ အမှတ် (၂၅၁)


**ဂုဏ်သတင်း ပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကို မသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်း ပန်းအနံ့သည်လည်း လေညာသို့ မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့ သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် သတင်းစာရှင်းလင်း

## အဂတိလိုက်စားမှုရှိကြောင်း ခိုင်လုံသောအထောက်အထားတွေ့ရှိပါက မည်သူ့ကိုမဆို အရေးယူမည်



**နေပြည်တော် ဇွန် ၉**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါကော်မရှင်ရုံး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

သတင်းစာရှင်းလင်းပွဲ၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ကော်မရှင်၏ မူဝါဒပိုင်းဆိုင်ရာ သဘောထားများနှင့် ရှေ့ဆက်လက် လုပ်ဆောင်သွားမည့် လုပ်ငန်းအစီအစဉ်များ၊ ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်းက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အတွေ့အကြုံများနှင့် ကော်မရှင်အဖွဲ့ဝင် ဦးစိုးတင့်က တိုင်တန်းချက်များနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့မှ တွေ့ရှိချက်များကို ရှင်းလင်းပြောကြားကြသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က အဂတိလိုက်စားမှုကို ထိန်းချုပ်နိုင်ရန်အတွက် ဆောင်ရွက်သည့်နည်းလမ်းများကို လေ့လာကြည့်ပါက အကြမ်းဖျင်းအားဖြင့် ဆောင်ရွက်သည့် နည်းလမ်းအမျိုးအစား သုံးမျိုးရှိသည်ကို တွေ့ရှိရပါကြောင်း၊ ၎င်းတို့မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေများကို ပြဋ္ဌာန်းထားပြီး အရေးယူကြပ်မတ်မည့် အာဏာပိုင်အဖွဲ့ သီးခြားဖွဲ့စည်းမထားသည့် အမျိုးအစား၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ပြဋ္ဌာန်းပြီး ဥပဒေကြပ်မတ်မည့် အာဏာပိုင်အဖွဲ့အစည်းအများအပြား ဖွဲ့စည်းထားသော အမျိုးအစားနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကိစ္စအတွက် သီးသန့်ဥပဒေပြဋ္ဌာန်းပြီး ဥပဒေကြပ်မတ်မှု အာဏာပိုင်အဖွဲ့အစည်းကိုလည်း သီးသန့်ဖွဲ့စည်းဆောင်ရွက်သည့် အမျိုးအစားတို့ဖြစ်ပါကြောင်း။

အာရှနိုင်ငံများ၌ ထိရောက်မှုအရှိဆုံးဟု ယူဆရသည့် တတိယအမျိုးအစားကို အများဆုံး ကျင့်သုံးကြပါကြောင်း၊ မိမိတို့နိုင်ငံတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက်

စာမျက်နှာ ၄ ကော်လံ ၁ ❋

**ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများနှင့် တွေ့ဆုံမေးမြန်းခြင်း** အပိုင်း (၂)

စာမျက်နှာ » ၉

**ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မည်သည့်အကြောင်းနှင့်မျှ မော်တော်ယာဉ်တင်သွင်းခြင်းမရှိသည့်အပြင် နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရသည့် ဖြစ်စဉ်လည်းမရှိ**

စာမျက်နှာ » ၁၁


**ကုလအစည်းအဝေးတွင် လုံခြုံရေးကောင်စီ အလှည့်ကျအဖွဲ့ဝင်နိုင်ငံများအဖြစ် ငါးနိုင်ငံအား ရွေးချယ်**

နိုင်ငံတကာ စာမျက်နှာ » ၁၄

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

**နေပြည်တော် ဇွန် ၉**

ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်ကမ်းခြေတွင် ဆက်လက်တည်ရှိနေသည်။



အဆိုပါ လေဖိအားနည်းရပ်ဝန်း သည် ပိုမိုအားကောင်းလာကာ နောက် ၃၆ နာရီအတွင်း မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိလာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

**မြန်မာ့အလင်း**

## ရန်ကုန်စက်မှုဇုန်၌ နိုင်ငံတကာအဆင့်မီ ဆေးဝါးနှင့်စားသောက်ကုန် ဖြန့်ချိရေးစင်တာဖွင့်

**ရန်ကုန် ဇွန် ၉**

နိုင်ငံအတွက် ကျန်းမာရေးကဏ္ဍတွင် အဓိကအရေးပါသည့် နိုင်ငံတကာအဆင့်မီ ဆေးဝါးနှင့် စားသောက်ကုန်များ ဖြန့်ချိပေးမည့် ရန်ကုန်ဖြန့်ချိရေးစင်တာကို မင်္ဂလာဒုံမြို့နယ် ရန်ကုန်စက်မှုဇုန်၌ ဇွန် ၉ ရက် နံနက်ပိုင်းက ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဆိုပါစင်တာဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ဇော်၊ ထိုင်းနိုင်ငံဆိုင်ရာ သံမှူးကြီး၊ Maxxcare မှ စီအီးအိုနှင့် Maga lifesciences ဥက္ကဋ္ဌတို့ တက်ရောက်ကာ စင်တာအဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

"ဒီစီမံကိန်းကြီးဟာ ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာကနေ အထောက်အကူပြုနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်၊ နိုင်ငံအတွင်းမှာ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာဖို့အတွက် အစိုးရရဲ့ ပူးပေါင်းဆောင်ရွက်မှုတစ်ခုလည်း ဖြစ်ပါတယ်၊ မြန်မာပြည်သူတွေအတွက် ဒီရန်ကုန်ဖြန့်ချိရေးစင်တာကြီးကနေ ဆေးဝါးနဲ့စားသုံးကုန်တွေကို

စာမျက်နှာ ၁၁ ကော်လံ ၁ ❑




# နိုင်ငံတကာ၏ လှိုက်လှဲစွာ အသိအမှတ်ပြု ကြိုဆိုမှုများ

ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးသည် အစဉ်အဆက် တရားမျှတစွာ ရပ်တည်ခဲ့သည်သာ ဖြစ်ပါသည်။ သို့သော် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ငွေကြေးစနေအင်အားများစွာ ရင်းနှီးမြှုပ်နှံလျက် အမည်ဆန်းတပ်ထားသည့် မျိုးနွယ်တို့အတွက် နှစ်ပေါင်းများစွာ သွေးထိုးလှုံ့ဆော်ကြိုးပမ်းလျက်ရှိသော အဖျက်အမှောင့်အင်အားစုတို့၏ ဝါဒဖြန့်ထိုးနှက်မှုတို့ကြောင့် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူတို့၏ မှန်ကန်သောရပ်တည်မှုသည် မပေါ်လွင်ဖြစ်ခဲ့ရပါသည်။ သို့သော် ပတ္တမြားမှန်လျှင် နွံမနစ်ဟူသော စကားအတိုင်း နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူတို့၏ ရပ်တည်ချက်အပေါ် နိုင်ငံတကာက လှိုက်လှဲစွာအသိအမှတ်ပြုကြိုဆိုခဲ့ပြီ ဖြစ်ပါသည်။

ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရသည် လွတ်လပ်သော စုံစမ်းရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့်အတူ ကုလသမဂ္ဂ အေဂျင်စီ နှစ်ရပ်နှင့်လည်း နားလည်မှုစာချွန်လွှာတစ်ရပ်ကို သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံတော်အစိုးရ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ အေဂျင်စီများဖြစ်ကြသော ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် **(UNDP)** နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး **(UNHCR)** တို့ အကြား နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်ပါသည်။ ဤဖြစ်ပေါ်တိုးတက်မှုတို့သည် နိုင်ငံတော်အစိုးရက အစဉ်အဆက် ဆုပ်ကိုင်ခဲ့သော မှန်ကန်သည့်မူဝါဒကို ထပ်လောင်းအားဖြည့်လိုက်ခြင်း ဖြစ်ပါသည်။

အထက်၌ ရည်ညွှန်းတင်ပြခဲ့သည့် ဖြစ်ပေါ်တိုးတက်မှုတို့အပေါ် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး တာရိုကိုနိုက "လူ့အခွင့်အရေး အခြေအနေများနှင့် လူသားချင်းစာနာထောက်ထားသောကိစ္စရပ်များ တိုးတက်ရန်အတွက် အရေးကြီးသည့် တိုးတက်ဖြစ်ထွန်းမှုများ ဖြစ်သကဲ့သို့ ရခိုင်ပြည်နယ်၌ နေရပ်စွန့်ခွာသွားသူများအတွက် ဘေးအန္တရာယ်ကင်းကင်း၊ မိမိတို့၏သဘောဆန္ဒအလျောက် သိက္ခာရှိရှိပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များအတွက်လည်း အရေးကြီးသည့်ခြေလှမ်းများ ဖြစ်ပါသည်"ဟု လှိုက်လှဲစွာ အသိအမှတ်ပြု ကြိုဆိုခဲ့ပါသည်။ ထို့အပြင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး တာရိုကိုနိုက အဆိုပါ နားလည်မှုစာချွန်လွှာအား ရခိုင်ပြည်နယ်ကိစ္စရပ်များ ဖြေရှင်းရေး၏ အခြေခံအုတ်မြစ်အဖြစ် ရှုမြင်ခဲ့ပြီး ဂျပန်နိုင်ငံ၏ကူညီထောက်ပံ့မှုများ ဆက်လက်ပြုလုပ်သွားရန်ကိုလည်း ကတိကဝတ်ပြု ပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချွန်ရင်က မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်ကိစ္စသည် ရှုပ်ထွေးလှသော နောက်ခံသမိုင်းကြောင်း လူမျိုးစုရေးနှင့် ဘာသာရေးကိစ္စများ ဖြစ်ပါကြောင်းဟု ပြောကြားခဲ့ခြင်းသည် ရခိုင်ပြည်နယ်အရေးကိစ္စ၏ ဇာစ်မြစ်ပြဿနာကို အသိအမှတ်ပြု ထောက်ပြခဲ့ခြင်းဖြစ်ပါသည်။ တည်ငြိမ်မှုထိန်းသိမ်းရေးမှသည် နေရပ်ပြန်ရေးအပါအဝင် ခိုလှုံခွင့်ပြုရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ပါဝင်သည့် တရုတ်နိုင်ငံ၏ သုံးဘက်သုံးတန် ဆွေးနွေးညှိနှိုင်းအဖြေရှာဟူသော သဘောထားသည် နိုင်ငံတော်အစိုးရ၏ သဘောထားနှင့် အမြင်ခံယူချက် တူညီမှုရှိပါသည်။ ရခိုင်ပြည်နယ်အခြေအနေ အဆင့်ဆင့်ပြောင်းလဲ ဖြစ်ပေါ်တိုးတက်လာစေရေး အတွက် တရုတ်နိုင်ငံက အိမ်နီးချင်းနိုင်ငံများဖြစ်သည့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်မည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချွန်ရင်က ပြောကြားခဲ့ခြင်းသည် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုအပေါ် လှိုက်လှဲစွာကြိုဆိုခဲ့ခြင်း ဖြစ်ပါသည်။

ဥရောပနှင့် နိုင်ငံခြားရေးရာကိစ္စရပ်များဆိုင်ရာ ပြင်သစ်ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အဆိုပါ "သုံးဦးဆိုင် သဘောတူညီချက်သည် နေရပ်စွန့်ခွာဒုက္ခသည်များ အန္တရာယ်ကင်းကင်း၊ ကိုယ့်သဘောနှင့်ကိုယ်၊ ဂုဏ်သိက္ခာရှိရှိ နေရပ်ပြန်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ အရေးကြီးသည့် ခြေလှမ်းတစ်ရပ်"အဖြစ် လှိုက်လှဲစွာ အသိအမှတ်ပြုကြိုဆို ပြောဆိုသကဲ့သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့်အစိုးရ၏ ကြိုးစားမှုများနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးများတွင်လည်း ပြင်သစ်နိုင်ငံအနေဖြင့် ကူညီထောက်ပံ့သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုပြောကြားခဲ့ပါသည်။ ဤသည်တို့မှာ နိုင်ငံတကာ၏ လှိုက်လှဲစွာ အသိအမှတ်ပြုကြိုဆိုမှုများ ဖြစ်ပါကြောင်း လေးနက်စွာ တင်ပြအပ်ပါသည်။ ။

# ရေနံဓာတ်ငွေ့ရည်ကို မြို့ပြမှ ကျေးရွာအထိ ကျယ်ပြန့်စွာသုံးစွဲလာနိုင်ရေး ဆောင်ရွက်ကြရန်လို

**နေပြည်တော် ဇွန် ၉**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ရေနံဓာတ်ငွေ့ရည် အိမ်ထောင်စုတစ်သန်းအထိ သုံးစွဲနိုင်ရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် ရေနံဓာတ်ငွေ့ရည်ကို မြို့ပြမှကျေးရွာအထိ ကျယ်ပြန့်စွာသုံးစွဲလာနိုင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ဇွန် ၇ ရက်က ပြုလုပ်သည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအခမ်းအနားမှ သိရသည်။

ရေနံဓာတ်ငွေ့ရည်ကို မီးဖိုချောင်သုံး၊ စီးပွားရေးလုပ်ငန်းနှင့် စက်မှုလုပ်ငန်းသုံးလောင်စာအဖြစ်သာမက မော်တော်ယာဉ်များတွင်လည်း အသုံးပြုလာနိုင်စေရန် ရည်ရွယ်၍ မော်တော်ယာဉ်သုံး ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်များ ဖွင့်လှစ်ခြင်း၊ LPG conversion kit များ တပ်ဆင်ခြင်းတို့အတွက် စည်းကမ်းချက်များ ရေးဆွဲလျက်ရှိကြောင်း၊ ရေနံဓာတ်ငွေ့ရည်တင်သွင်းဖြန့်ဖြူးမှုအနေဖြင့် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍနှစ်ခုမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တစ်လလျှင် ၅၀၀၀ မက်ထရစ်တန်ခန့်ဖြန့်ဖြူးခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တစ်လလျှင် ၆၀၀၀ မက်ထရစ်တန်ခန့် တိုးတက်ဖြန့်ဖြူးလျက်ရှိကြောင်း မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၏ Existing LPG Terminal (MLT) ကို ငှားရမ်းခွင့်ရရှိခဲ့သော Parami Energy Services Co.,Ltd. သည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအထိ ရေနံဓာတ်ငွေ့ရည် ၄၉၅၈ ဒသမ ၆၅ တန်နှင့် LPG Terminal အသစ် တည်ဆောက်ပြီးစီးခဲ့သော Elite Petrochemical Co.,Ltd. မှ ၂၀၀၀ တန်ခန့်ကို ရေလမ်းမှတင်သွင်းခဲ့ပြီး ဖြစ်ကြောင်း သိရသည်။


ထို့အပြင် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းအနေဖြင့် ရေနံဓာတ်ငွေ့ရည် တင်သွင်းသိုလှောင် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို စနစ်တကျပိုမိုကျယ်ပြန့်စွာလုပ်ကိုင်နိုင်ရန်နှင့် ထိရောက်စွာ ထိန်းသိမ်း ကြပ်မတ်ဆောင်ရွက်နိုင်ရန်အတွက် လိုင်စင်အမျိုးအစားခြောက်မျိုးအထိ ခွဲခြားသတ်မှတ်ပြီး စိစစ်ခွင့်ပြုခဲ့ကြောင်း သိရသည်။

ယခုအချိန်ထိ လိုင်စင်(က) ရေနံဓာတ်ငွေ့ရည်ကို ပြည်ပမှ တင်သွင်း၍ တင်၊ ချ ဆိပ်ခံတံတားအပါအဝင် သိုလှောင်စခန်းဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကို ကုမ္ပဏီနှစ်ခုသို့လည်းကောင်း၊ လိုင်စင်(ခ) ရေနံဓာတ်ငွေ့ရည်ကို ပြည်ပမှ LPG Bowser ဖြင့် တင်သွင်း၍ သိုလှောင်ကန်နှင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကို ကုမ္ပဏီ ၁၅ ခုသို့လည်းကောင်း၊ လိုင်စင်(ဂ) ရေနံဓာတ်ငွေ့ရည်ကို Filling Station ဖြင့် သိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကို Filling Station နှစ်ခုအတွက် ကုမ္ပဏီ တစ်ခုသို့လည်းကောင်း၊ လိုင်စင်(ဃ) ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးများကို သိုလှောင်ရုံဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကို ဆိုင် ၉၂ ဆိုင်သို့လည်းကောင်း၊ လိုင်စင်(င) ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးများကို တိုက်ခန်း၊ ဆိုင်ခန်းများဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကို ဆိုင် ၇၇၄ ဆိုင်သို့ လည်းကောင်း၊ လိုင်စင်(စ) ရေနံဓာတ်ငွေ့ရည်ကို ပြည်ပမှ ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးဖြင့် တင်သွင်း၍ သိုလှောင်ရုံနှင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကို ကုမ္ပဏီခြောက်ခုသို့လည်းကောင်း ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ လေ့လာ

**နေပြည်တော် ဇွန် ၉**

နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ KOICA တို့ ပူးပေါင်းအကောင်အထည်ဖော် ဖွင့်လှစ်ထားသော ဆေးမားလ်အူအွန်ဒုံ ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်း၏ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရန်လင်း ဦးဆောင်သော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ ဇွန်လပထမပတ်က ကွင်းဆင်းလေ့လာခဲ့ကြကြောင်း သိရသည်။



အဆိုပါ ကွင်းဆင်းလေ့လာရေးအဖွဲ့များကို စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက မြန်မာနိုင်ငံတွင် လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသော ဆေးမားလ်အူအွန်ဒုံ ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သင်တန်းကျောင်း ကျောင်းအုပ်ကြီး Mr. chung kap jin က နှုတ်ခွန်းဆက်စကားပြောကြားပြီး လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့ သိရှိလိုသည်များကို မေးမြန်းကြသည်။ ထို့နောက် ရေဆင်းစိုက်ပျိုးရေးသုတေသနရုံးရှေ့ရှိ ရိတ်သိမ်းချိန်လွန် နည်းပညာဌာန၏ လုပ်ငန်းဆောင်ရွက်ပုံများနှင့် ဓာတ်ခွဲခန်းများသို့ ဝင်ရောက်လေ့လာခဲ့ကြရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်က ရှင်းလင်းတင်ပြသည်။

အဆိုပါ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသည် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် စတင်ဖွင့်လှစ်ဆောက်ရွက်ခဲ့ပြီး ယနေ့အထိ သင်တန်းအကြိမ်ရေ ၄၂ ကြိမ်မြောက် သင်ကြားပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**




**ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တရားရေး အရာရှိများနှင့် ဝန်ထမ်းများ၏ သားသမီးများထဲမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရရှိသူတစ်ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူနှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူသုံးဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူ သုံးဦးနှင့် သာမန်အဆင့်ဖြင့်အောင်မြင်သူ ငါးဦးတို့အား ငွေကျပ် ၁၀၆၀၀၀၀ တန်ဖိုးရှိ ဆုများချီးမြှင့်ခြင်းနှင့် အခြေခံပညာကျောင်းသားကျောင်းသူ ၁၈၃ ဦး အတွက် စာရေးကိရိယာများ ထောက်ပံ့ပွဲကို တိုင်းဒေသကြီးတရားလွှတ်တော် အစည်းအဝေးခန်းမ၌ ဇွန် ၉ ရက်က ကျင်းပစဉ်။** သန့်စင်(ပဲခူး)

# လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး အသိပညာပေး

**မိုးညို ဇွန် ၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့၌ ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် မြို့နယ်လျှပ်စစ်မှူး ဦးမျိုးထိုက်နှင့်အဖွဲ့က ဇွန် ၇ ရက်တွင် ရွှေဥဒေါင်းရပ်ကွက် ပေါက်ကုန်းအခြေခံပညာအထက်တန်းကျောင်း၌ လျှပ်စစ်အသိပညာပေးဟောပြောပွဲနှင့် လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်အချက်များ ပါဝင်သည့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **မြင့်နိုင်(ပြည်)**

# နမ့်ဆန်၌ ကျေးရွာမီးလင်းရေး ဆောင်ရွက်

**နမ့်ဆန် ဇွန် ၉-** ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ကျောက်ဖြူကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ၌ မြန်မာ့ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ်နှင့် စွမ်းအင်ဦးစီးဌာနမှ ကျေးရွာမီးရရှိနိုင်ရေးအတွက် ဇွန် ၇ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် နမ့်ဆန်မြို့နယ်ရှိ မန်ကန်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့အား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် မြို့နယ်လျှပ်စစ်နှင့်စွမ်းအင်ဦးစီးဌာန AE နှင့်ဝန်ထမ်းများက မီးတိုင်စိုက်ထူမည့် နေရာများ ကြည့်ရှုတိုင်းတာခြင်း၊ မီးကြိုးသွယ်ယူရာတွင် မလွတ်ကင်းသည့် သစ်ပင်များအား ဖယ်ရှားခြင်း၊ မီးကြိုး၊ မီးတိုင်ဖြတ်သန်းမည့် လမ်းကြောင်းပြမြေပုံကြမ်းများကို စနစ်တကျ တိုင်းတာရေးဆွဲခြင်း၊ ရွာတွင်း လိုင်းခွဲများအတွက် တိုင်းတာ ခြင်းလုပ်ငန်းများကို ညောင်ပင်သာကျေးရွာ၌ အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့ပြီ ဖြစ်သည်။ အလားတူ မန်ကန်ကျေးရွာသို့တွင်လည်း ကွင်းဆင်းတိုင်းတာခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် မီးတိုင်၊ မီးကြိုးများ ရောက်ရှိပါက မီးသွယ်ယူရေးလုပ်ငန်းများကို ခြောက်လအတွင်း အပြီးသတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် တရားဝင်ထုတ်ပြန်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၉**

စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာကို အစိုးရ၊ တောင်သူလယ်သမား၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအကြား ပူးပေါင်းဆောင်ရွက်မှု အခြေခံအုတ်မြစ်အပေါ် တည်ဆောက်ထားကြောင်း၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ၏ မဏ္ဍိုင်ကြီး (၃)ရပ်တို့ကို အခြေခံ၍ စီမံကိန်းများ၊ လုပ်ငန်းစဉ်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇွန် ၇ ရက်က နေပြည်တော် Horizon Lake View Hotel ၌ ကျင်းပသည့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် တရားဝင်ထုတ်ပြန်ခြင်းနှင့် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဒေါက်တာ သန်းမြင့်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များ၏ ရေးရာကော်မတီတို့မှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီဝင်၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့မှ တာဝန်ရှိသူများ၊ FAO၊ ADB၊ LIFT စသည့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ADB၊ FAO၊ LIFT Fund စသည့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာတွင် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ထပ်မံမွမ်းမံပြင်ဆင်ရေးဆွဲရေး လုပ်ငန်းများ၊ မဏ္ဍိုင်တစ်ခုချင်းစီအလိုက် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအစဉ်များအား ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာစာအုပ်ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက လွှဲပြောင်းပေးအပ်ရာ သမဝါယမကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးရေ/ ကျေးလက်ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများက လက်ခံယူကြသည်။

ဆက်လက်၍ သမဝါယမကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးရေ/ကျေးလက် ကဏ္ဍများအလိုက် အုပ်စုသုံးစုခွဲ၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးချက်ရလဒ်များကို မွန်းလွဲပိုင်းတွင် ကျင်းပသည့် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးတွင် သက်ဆိုင်ရာအဖွဲ့ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးလှကျော်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကို ၂၀၁၈-၂၀၁၉ ခုနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ်အထိ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေး မတည်ရန်ပုံငွေအဖွဲ့ (LIFT Fund) တို့နှင့် ပူးပေါင်းအကောင်အထည်ဖော် ရေးဆွဲဆောင်ရွက်ခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အောက်ရှိ စီမံကိန်းလုပ်ငန်းစဉ်များကို ပုံသေသတ်မှတ်ထားခြင်းမရှိဘဲ လာမည့်အနာဂတ်ကာလတွင် ဖြစ်ပေါ်လာနိုင်သော စီမံကိန်းလိုအပ်ချက်များအရ ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်သည်။

စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာသည် အဓိကထပ်ဆင့်ရလဒ် သုံးခု၊ ချက်ချင်းရလဒ် ၂၇ ခု၊ လုပ်ဆောင်ချက် ၂၇၀ တို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်နှစ်ခု အပါအဝင် ဦးစီးဌာန ၁၂ ခုတို့မှ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ခရမ်း အထက(၁)ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၉**

Shwe Taung Group မှ အမှတ်စဉ်(၁၀၀)မြောက် ဆောက်လုပ်လှူဒါန်းသည့် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း နှစ်ထပ် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် ခရမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မာဆွေ၊ ခရမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမင်းထွန်းနှင့် Shwe Taung Group မှ CEO ဦးအောင်ဇော်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ Shwe Taung Group ဥက္ကဋ္ဌ ဦးအိုက်ထွန်း၊ စင်ကာပူသံအမတ်ကြီး H.E. Ms. Vanessa Elisabeth Chan Yuen Ying နှင့် တာဝန်ရှိသူများက စက်ခလုတ်နှိပ်ဖွင့်လှစ်ကြပြီး ကျောင်းဆောင်များအား လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကျောင်းသား ကျောင်းသူများ ပညာသင်ကြားသင်ယူမှုလုပ်ငန်းများ အဆင်ပြေစေရန် ရွှေတောင်ကုမ္ပဏီမှ စာသင်ကျောင်းများ ဆောက်လုပ်လှူဒါန်းပေးခြင်းသည် ဒေသခံကျောင်းသား ကျောင်းသူများအတွက် များစွာအကျိုးရှိသကဲ့သို့ နိုင်ငံတော်အတွက်လည်း များစွာအကျိုးရှိပါကြောင်း၊ ကျောင်းနေအရွယ် ကလေးသူငယ်တိုင်း ပညာသင်ယူခွင့်ရရှိခြင်းဖြင့် နိုင်ငံအတွက် တာဝန်ယူ တာဝန်ခံ၍ ပူးပေါင်းတီထွင် ဆန်းသစ်နိုင်စွမ်းရှိသော လူသားများ ပိုမိုပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်ပြီး အခြေခံပညာ တတ်မြောက်ခြင်းဖြင့် သက်မွေးဝမ်းကျောင်းပညာသင်တန်း သို့မဟုတ် အဆင့်မြင့်ပညာ အထူးပြုနယ်ပယ်များတွင် ဆက်လက်သင်ယူနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် Shwe Taung Group မှ ဥက္ကဋ္ဌ ဦးအိုက်ထွန်းက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး Shwe Taung Group မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းက ကျောင်းဆောင်သစ်အား လွှဲပြောင်းပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးသိန်းဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာကြီး ဦးသိန်းဝင်းနှင့် တာဝန်ရှိသူများက Shwe Taung Group မှ ဆောက်လုပ်လှူဒါန်းခဲ့သည့် အမှတ်(၁)အခြေခံပညာကျောင်း ဆောက်လုပ်လှူဒါန်းရာတွင် ပါဝင်ခဲ့ကြသည့် စင်ကာပူနိုင်ငံမှ အလှူရှင်များ၏ကိုယ်စား Mr.Bernard Shaw နှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ခရမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်း၊ ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး၊ ကျောင်းအကျိုးတော်ဆောင် ဒေါက်တာဇော်ဝင်း၊ စင်ကာပူနိုင်ငံ သံအမတ်ကြီး H.E.Ms. Vanessa Elisabeth Chan Yuen Ying နှင့် ကျောင်းအုပ်ဆရာကြီး ဦးသိန်းဝင်းတို့က ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် အဆောက်အအုံတွင် စာသင်ခန်း ရှစ်ခန်း၊ စာသင်ခုံ ၁၂၀ ၊ အိမ်သာ ၁၀ ခန်းပါဝင်သော အလျား ၁၃၂ ပေ၊ အနံ ၃၉ ပေ၊ စတုရန်းပေ ၁၀၂၉၆ ပေကျယ်ဝန်းသည့် RC နှစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဖိလစ်ပိုင်နိုင်ငံ လွတ်လပ်ရေးနေ့ ညှိ့ခံပွဲကျင်းပ

ဇွန် ၈ ရက် ညပိုင်းက ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ နှစ် ၁၂၀ ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညှိ့ခံပွဲအခမ်းအနားကို Mella Hotel ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Eduardo Kapunan. Jr က ကြိုဆိုနှုတ်ဆက်စဉ်။

သတင်းစဉ်





*ရှေ့ဖုံးမှ*

နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းမှုအနေဖြင့် တတိယအမျိုးအစားကို ကျင့်သုံးပါကြောင်း၊ ကော်မရှင်သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် နိုင်ငံတော်အစိုးရမှ သီးသန့်တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ကော်မရှင်အနေဖြင့် ဥပဒေနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသော အဖွဲ့အစည်းဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အေဂျင်စီများ၏ အခြေခံစည်းမျဉ်းဖြစ်သည့် ၂၀၁၂ ခုနှစ် ဂျာကာတာထုတ်ပြန်ကြေညာချက်အရ မိမိတို့ကဲ့သို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်များသည် နိုင်ငံရေးအရ လွတ်လပ်ခွင့်၊ လွတ်လပ်စွာစုံစမ်း စစ်ဆေးနိုင်ခွင့်နှင့် ပညာရပ်ဆိုင်ရာ လွတ်လပ်စွာရပ်တည်နိုင်မှုတို့ ရှိရပါကြောင်း။

**တိုင်တန်းချက်အပေါ်အခြေခံပြီးစစ်ဆေး**

ကော်မရှင်အနေဖြင့် လုပ်ပိုင်ခွင့်နှင့် တာဝန်များကို ထမ်းဆောင်ရာတွင် ဘက်လိုက်မှုကင်းခြင်းဆိုသည့် စံနှုန်းကို အမြင့်မားဆုံး ထိန်းသိမ်းပြီး အဂတိလိုက်စားမှုများကို ကိုင်တွယ်ဖြေရှင်းရာ၌ နိုင်ငံရေးကင်းရှင်းကြောင်း သေချာစေရန် အထူးဂရုပြုဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မရှင်၏ ဆုံးဖြတ်ချက်များ သို့မဟုတ် လုပ်ဆောင်ချက်များအပေါ် လျော်ကန်သင့်မြတ်ခြင်းမရှိသည့် မည်သည့်ဩဇာလွှမ်းမိုးမှုကိုမျှ မိမိတို့က လက်ခံခြင်းမပြုသည်ကို အတိအလင်း ပြောကြားလိုပါကြောင်း၊ မိမိတို့ ကော်မရှင်သည် ပညာရပ်ပိုင်းဆိုင်ရာ ကိုယ်ပိုင်ရပ်တည်ခွင့်ရှိသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ကိုယ်ပိုင်မှုများရှိပါကြောင်း၊ ၎င်းတို့မှာ မျှတမှုရှိခြင်း၊ ကောင်းမွန်သော စရိုက်လက္ခဏာ ဖြစ်ပေါ်စေခြင်း၊ ဘက်လိုက်မှုကင်းခြင်းနှင့် အပြန်အလှန်လေးစားခြင်းတို့ကို အခြေခံ၍ ချမှတ်သည်ဟု အသိပေးပြောကြားလိုပါကြောင်း၊ ကော်မရှင်သည် တည်ဆဲဥပဒေအရ တိုင်တန်းချက်အပေါ်တွင်သာ အခြေခံပြီး စစ်ဆေးရခြင်းဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေတစ်ရပ်တည်းကိုသာ ကိုင်စွဲရသည့် အဖွဲ့အစည်းဖြစ်သည့်အတွက် အခြားပြစ်မှုများနှင့်ပတ်သက်ပြီး တရားစွဲဆိုရန် တာဝန်မရှိပါကြောင်း၊ မိမိတို့ ကော်မရှင်၏ စစ်ဆေးတွေ့ရှိချက်များသည် တော်တည့်မှန်ကန်သော ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိတို့အနေဖြင့် ဆုံးဖြတ်ချက် သုံးခုထဲမှ တစ်မျိုးကို ရွေးချယ်ချမှတ်ရပါကြောင်း၊ ၎င်းတို့မှာ ပုဒ်မ ၂၈ (က)(၁)အရ တိုင်တန်းချက်ကို ပယ်ချနိုင်ခြင်း၊ ပုဒ်မ ၃၀(ခ)အရ ဝန်ထမ်းစည်းကမ်းအရသာ အရေးယူသင့်လျှင် ဝန်ထမ်းအကြီးအကဲထံ အကြောင်းကြားနိုင်ခြင်းနှင့် ပုဒ်မ ၂၈ (က)(၂)အရ တရားစွဲဆိုရန် တာဝန်ပေးအပ်နိုင်ခြင်းတို့ ဖြစ်ပါကြောင်း။

**လက်ဆောင်ပေးခြင်းသတိပြုရှောင်ကြဉ်သင့်**

တည်ဆဲဥပဒေ၌ အရေးကြီးသည့် စကားလုံးတစ်ခုမှာ တံစိုးလက်ဆောင်ဆိုသည့် စကားဖြစ်ပါကြောင်း၊ တံစိုးလက်ဆောင်ဆိုရာတွင် ငွေကြေး၊ ပစ္စည်း၊ လက်ဆောင်ပစ္စည်းသာမက ဝန်ဆောင်မှုပေးခြင်းနှင့် ဧည့်ခံပြုစုမှုခံယူခြင်းတို့ကို ထိုက်သင့်သည့် အဖိုးစားနားမပေးဘဲ လက်ခံခြင်းတို့ ပါဝင်ပါကြောင်း၊ ယင်းအချက်ကို လုပ်ပိုင်ခွင့်အာဏာရှိသူများ သိရှိထားသင့်သည့်အပြင် အဂတိလိုက်စားမှုသည် အဆိုပါ တံစိုးလက်ဆောင်ကို လက်ခံခြင်းသာမက ပေးခြင်းလည်း ပါဝင်သည်ဖြစ်သောကြောင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် တံစိုးလက်ဆောင်ပေးခြင်းကိုလည်း သတိပြုရှောင်ကြဉ်သင့်သည်ဟု မိမိအနေဖြင့် အကြံပြုစကားပြောကြားလိုပါကြောင်း။

ကော်မရှင်သည် ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၇ ရက်၌ဥပဒေအာဏာတည်သည့် ရက်နောက်ပိုင်း အဂတိလိုက်စားမှုရှိကြောင်း ခိုင်လုံသောအထောက်အထားတွေ့ရှိပါက မည်သူ့ကိုမဆို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်၍ နစ်နာသူများ သို့မဟုတ် ကိုယ်တိုင်မြင်တွေ့သိရှိသူများအနေဖြင့် တိကျခိုင်လုံသော အထောက်အထားဖြင့် တိုင်ကြားကြစေလိုပါကြောင်း၊ တာဝန်ခံမှုကင်းမဲ့သော ပြောကြားချက်များဖြင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား ဂုဏ်သရေပျက်စေရန်၊ နစ်နာစေရန် ရည်ရွယ်၍ တိုင်ကြားမည်ဆိုပါက ပုဒ်မ ၅၉ အရ မမှန်မကန်တိုင်တန်းမှုအဖြစ် အရေးယူခြင်းခံရနိုင်ကြောင်းကိုလည်း အသိပေးပြောကြားလိုပါကြောင်း။

မိမိတို့ ကော်မရှင်သည် လက်ရှိကျယ်ပြန့်စွာ ဖြစ်ပေါ်နေသော အဂတိလိုက်စားမှု အခြေအနေများကို ယုတ်လျော့ကျဆင်းသွားရန်အတွက် ရည်မှန်းချက် ၃ ရပ် ချမှတ်ထားပါကြောင်း၊ ၎င်းတို့မှာ အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်နေသော ပြည်သူ့ဘဏ္ဍာ ရန်ပုံငွေဆုံးရှုံးမှုကို ပွင့်လင်းမြင်သာမှု၊ တာဝန်ယူ တာဝန်ခံမှုတို့ဖြင့် ထိရောက်စွာလျှော့ချနိုင်ရန်၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများတွင် စနစ်တစ်ခုကဲ့သို့ နက်ရှိုင်းစွာ ပျံ့နှံ့နေသော အဂတိလိုက်စားမှုကို တိုက်ဖျက်သွားရန်နှင့် ကမ္ဘာ့ဘဏ်မှ နှစ်နှစ်လျှင် တစ်ကြိမ် ထုတ်ပြန်သော အဂတိလိုက်စားမှု ထိန်းချုပ်နိုင်ခြင်း အညွှန်းကိန်းတွင် သိသာထင်ရှားစွာ တိုးတက်လာစေရန်တို့ ဖြစ်ပါကြောင်း။




အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ သတင်းစာရှင်းလင်းပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် တာဝန်ရှိသူများ ရှင်းလင်းစဉ်။ သတင်းစဉ်

## ◆ တိုင်ကြားစာလုပ်ငန်းကော်မရှင်အနေဖြင့် ရောက်ရှိလာသည့် တိုင်ကြားစာ ၃၈၉၈ စောင်တွင် အစည်းအဝေးဆုံးဖြတ်ပြီး ဆောင်ရွက်ပြီးစီးသည့် တိုင်ကြားစာ ၃၀၄၅ စောင်ရှိ

## ◆ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအပါအဝင် အခြားဌာနများသို့ ပုဒ်မ ၃၀ (ခ)နှင့် လွှဲပြောင်းပေးမှု ရာခိုင်နှုန်းအားဖြင့် ၃၂ ဒသမ ၄ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး

ပြီးခဲ့သည့် ဇန်နဝါရီလတွင် ရန်ကုန်မြို့၌ ကော်မရှင်မှ ကြီးမှူးပြုလုပ်ခဲ့သည့် ကိုယ်ကျင့် သိက္ခာမြှင့်တင်ရေး စာတမ်းဖတ်ကြားဆွေးနွေးပွဲတွင် မိမိတို့ ဆွေးနွေးတင်ပြခဲ့သည့်အတိုင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ဘက်စုံစစ်ပွဲတစ်ခုကဲ့သို့ သတ်မှတ်ပြီး ဘက်ပေါင်းစုံမှနေ၍ တိုက်ပွဲဝင်နိုင်ရန်အတွက် မိမိတို့ ယခုအချိန်အထိ ပြင်ဆင်ဆောင်ရွက်နေဆဲ ရှိပါကြောင်း။

**ထိရောက်သောစုံစမ်းစစ်ဆေးခြင်းများဆောင်ရွက်**

အဂတိလိုက်စားမှုကို တိုက်ဖျက်ရန်အတွက် လုပ်ငန်းနယ်ပယ်များကို မိမိတို့ ရွေးချယ်သတ်မှတ်ထားပါကြောင်း၊ ၎င်းနေရာများအတွက် အခြေခံကောင်းများကို တည်ဆောက်ဆဲဖြစ်ပါကြောင်း၊ ဥပဒေမူဘောင်ပြင်ဆင်ခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် အများပြည်သူဆိုင်ရာလုပ်ငန်းများသာမက ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအထိ အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် ပူးပေါင်းပါဝင်ရေး၊ လူထုပညာပေးရေးလုပ်ငန်းများ၊ အခြေခံပညာ မူလတန်းမှစတင်၍ ကိုယ်ကျင့်တရား မြှင့်တင်ရေးလုပ်ငန်းများ၊ သတင်းပေးသူများ အကာအကွယ်ပေးရေးလုပ်ငန်းများ၊ အဂတိလိုက်စားမှုကို သည်းမခံ၊ ခွင့်မလွှတ်၊ လျစ်လျူမရှုသော ယဉ်ကျေးမှုဖြစ်ပေါ်စေရေး လုပ်ငန်းများ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းရေးလုပ်ငန်းများ၊ စီးပွားရေး၊ လူမှုရေးအဖွဲ့အစည်းများပါ အဂတိလိုက်စားမှုကို ဆန့်ကျင်သော ကျင့်ဝတ်များ ကိုယ်တိုင်ရေးဆွဲပြီး လိုက်နာကျင့်သုံးရေး လုပ်ငန်းများ၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ပွင့်လင်းမြင်သာရေး လုပ်ငန်းများ၊ တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများတွင် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေအန္တရာယ် အကဲဖြတ်ဆန်းစစ်သည့် လုပ်ငန်းများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ ကာကွယ်တားဆီးရေးလုပ်ငန်းများနှင့် သဘာဝသယံဇာတ ထုတ်လုပ်မှုလုပ်ငန်းများတွင် အဂတိလိုက်စားမှုကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းကျဆင်းရေးအတွက် စောင့်ကြည့်ခြင်းနှင့် ထိရောက်သော စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်နိုင်သည့် လုပ်ငန်းများ အစရှိသဖြင့် အစီအစဉ်များကို မိမိတို့ ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ အစီအစဉ်များအနက် အများစုသည် ၂၀၁၉ ခုနှစ် အစပိုင်းလောက်တွင် စတင်ပြီး အသက်ဝင် လှုပ်ရှားလာနိုင်မည်ဟု မိမိတို့ မျှော်လင့်ပါကြောင်း၊ ၂၀၁၉ ခုနှစ် အကုန်ပိုင်းတွင် ပြည်သူလူထုသည် အဂတိလိုက်စားမှုရောဂါဆိုးကြီးကို ခံစားနေရာမှ အတော်အတန်သက်သာမှုရလာနိုင်မည်ဟု မိမိတို့ ယုံကြည်ထားပါကြောင်း၊ ယခုအခါ မိမိတို့၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်သည် လမ်းကြောင်းအမှန်ပေါ် တိတိကျကျရောက်နေပြီဟု ပြောနိုင်ပါကြောင်း၊ အဆိုပါ အစီအစဉ်များ အောင်မြင်ရန်အတွက် အစိုးရဌာနများ၊ အစိုးရ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ၊ သတင်းမီဒီယာဆိုင်ရာ ပုဂ္ဂိုလ်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ စိတ်အားထက်သန်စွာ အားပေးကူညီမှုတို့အပေါ်တွင် တည်နေပါကြောင်း၊ ထို့ကြောင့် အများပြည်သူတို့၏ ဘဝများ သာယာဝပြောစေရေးအတွက် မိမိတို့အားလုံး အတူတကွ လက်တွဲပြီး အဂတိလိုက်စားမှုကို တိုက်ဖျက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး ဦးစန်းဝင်းက မိမိတို့တာဝန်ယူဆောင်ရွက်ခဲ့သည့် ၆ လတာကာလအတွင်း ပြည်သူများ၏ တိုင်ကြားစာပေါင်း ၃၈၉၈ စောင်ရရှိခဲ့ပါကြောင်း၊ ရရှိလာသည့် တိုင်ကြားစာများအပေါ် အဆင့် ၃ ဆင့်ဖြင့် စိစစ်ဆုံးဖြတ် ဆောင်ရွက်ရပါကြောင်း၊ ပထမအချက်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့်ကိုက်ညီပြီး အထောက်အထား အထိုက်အလျောက် ပြည့်စုံစွာပါရှိသဖြင့် အရေးယူနိုင်သည့် တိုင်ကြားစာများအား ဆက်လက်စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် ကြိုတင်စုံစမ်းမှု ပြုလုပ်ပါကြောင်း၊ ဒုတိယအချက်အနေဖြင့် တိုင်ကြားစာပါ အကြောင်းအရာများနှင့် အထောက်အထားများအရ စစ်ဆေးပေါ်ပေါက်ချက်များအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ အရေးယူသင့်သော ကိစ္စရပ်များကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၀ (ခ) အရ အရေးယူနိုင်ရန် လွှဲပြောင်းပေးအပ်ပါကြောင်း၊ တတိယအချက်အနေဖြင့် တိုင်ကြားစာပါအကြောင်းအရာကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် အကျုံးဝင်သက်ဆိုင်မှု မရှိသော၊ ဆောင်ရွက်ပေး၍မရသော တိုင်ကြားစာများအား ကော်မရှင်အနေဖြင့် အရေးယူဆောင်ရွက်ပေး၍မရပါကြောင်း။

**မဲခွဲသည့်စနစ်ကျင့်သုံးဆောင်ရွက်**

အဆိုပါ အချက် ၃ ချက်ဖြင့် တိုင်းတာပြီး တိုင်ကြားစာများအပေါ် ဆောင်ရွက်ပါကြောင်း၊ တိုင်ကြားစာများကို အဆင့်ဆင့် စိစစ်ပြီးသည့်အခါတွင် ဥက္ကဋ္ဌထံ တင်ပြပြီး အတည်ပြုချက်ရပြီဆိုပါက အနီးစပ်ဆုံး ကော်မရှင်အစည်းအဝေးတွင် တင်ပြရပါကြောင်း၊ ကော်မရှင်အစည်းအဝေးတွင် တိုင်ကြားစာလုပ်ငန်း ကော်မတီက သဘောထားရယူထားသည့်ကိစ္စကို တင်ပြပါကြောင်း၊ တင်ပြသည့်အခါတွင် အဖွဲ့ဝင်အားလုံး၏ သဘောတူချက်ရယူပြီး ဆုံးဖြတ်သကဲ့သို့ သဘောထားကွဲလွဲသည့်အခါတွင်လည်း မဲခွဲသည့်စနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ မဲခွဲသည့်စနစ်ကျင့်သုံးဆောင်ရွက်ရာတွင် ကော်မရှင်အဖွဲ့ဝင် ၁၂ ဦးရှိသည့်အနက် သုံးပုံနှစ်ပုံ၏ အထက်က သဘောတူညီချက်ဖြင့် ဆုံးဖြတ်ဆောင်ရွက်သည့်အတွက် ဆုံးဖြတ်ချက်များသည် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နှင့် မှန်မှန်ကန်ကန် ဆောင်ရွက်လျက်ရှိပါကြောင်း။

စုံစမ်းတွေ့ရှိချက် အစီရင်ခံစာကို ဥပဒေပုဒ်မ ၂၇ အရ ကော်မရှင်ဥက္ကဋ္ဌထံ တင်ပြမည်ဖြစ်ပါကြောင်း၊ ထိုသို့တင်ပြရာတွင် ပုဒ်မ ၂၇ (ခ)အရ ကော်မရှင်ဥက္ကဋ္ဌက အစီရင်ခံစာရပြီး ရက်ပေါင်း ၃၀ အတွင်း ဆွေးနွေးဆုံးဖြတ်ရန် လိုအပ်ပြီး ကော်မရှင်အစည်းအဝေးကို ခေါ်ယူကျင်းပရပါကြောင်း၊ လက်တွေ့ကျင်းပသည့်နေရာတွင် တစ်ပတ်အတွင်း ကော်မရှင်အစည်းအဝေးကို ခေါ်ယူကျင်းပပြီး ဆုံးဖြတ်ချက်ချဆောင်ရွက်ကြပါကြောင်း၊ အစည်းအဝေးတွင် ပုဒ်မ ၂၈ (က)အရ စုံစမ်းစစ်ဆေးတွေ့ရှိချက်သည် တရားစွဲတင်နိုင်သော ခိုင်လုံသည့် အထောက်အထားများမရှိဟု ယူဆပါက စွပ်စွဲတိုင်တန်းချက်ကို ပယ်ဖျက်ရန် ဆုံးဖြတ်ပါကြောင်း၊ ပုဒ်မ ၂၈ (က)(၂)အရ စွပ်စွဲခံရသူသည် ဥပဒေမှာပါသည့် ပြစ်မှုတစ်ခုခုကို ကျူးလွန်သည်ဟု ကော်မရှင်အဖွဲ့ အစည်းအဝေးကဆုံးဖြတ်ပါက ၎င်းကို သက်ဆိုင်ရာတရားရုံးတွင် တရားစွဲရန်အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို တာဝန်ပေးပြီး ဆောင်ရွက်ပါကြောင်း။

တရားစွဲမည်ဟု ဆုံးဖြတ်သည့်နေရာတွင် ကော်မရှင်အဖွဲ့ဝင်တစ်ဦးချင်းကနေပြီး အစည်းအဝေးတွင် တစ်ဦးချင်းစီ၏ ဆွေးနွေးချက်များကို ကော်မရှင်က ဆင်ခြင်တုံတရားများနှင့် အပြန်ပြန်အလှန်လှန်စဉ်းစားသုံးသပ်ပြီးမှ တာဝန်ယူ၊ တာဝန်ခံပါကြောင်း၊ ကော်မရှင်အစည်းအဝေးက ဆုံးဖြတ်သည့် ဒုတိယအချက်မှာ စစ်ဆေးရေးတွေ့ရှိချက် အစီရင်ခံစာအရဖြစ်စေ၊ ကြိုတင်စုံစမ်းတွေ့ရှိချက်အရဖြစ်စေ ပေါ်ပေါက်သည့်အချက်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် အရေးယူရန်မသင့်ဘဲ ဝန်ထမ်းစည်းကမ်းအရသာ အရေးယူသင့်သည်ဟု ကော်မရှင်က တညီတညွတ်တည်း ဆုံးဖြတ်သည့်အခါတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၀(ခ)တွင် ပြဋ္ဌာန်းချက်နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန အကြီးအကဲထံသို့ လွှဲပြောင်းပေးပါကြောင်း။

ထိုသို့လွှဲပြောင်းပေးရာတွင် တိုင်ကြားစာကို အလေးဂရုပြုသည့်အနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်သည့် အရေးယူဆောင်ရွက်မှု ပြုနိုင်ရန်အတွက် ညှိနှိုင်းမေတ္တာရပ်ခံခြင်းနှင့် ရက်ပေါင်း(၆၀)အတွင်း ဆောင်ရွက်ချက်ကို ပြန်ကြားပေးပါဆိုသည့် မေတ္တာရပ်ခံမှုမျိုးနှင့် လွှဲပြောင်းပေးခြင်း ဖြစ်ပါကြောင်း။

**တိုင်ကြားစာ အလေးဂရုပြုဆောင်ရွက်နေ**

တိုင်ကြားစာလုပ်ငန်းကော်မရှင်အနေဖြင့် ပြည်သူများ၏ တိုင်ကြားစာကို အလေးဂရုပြုပြီး ဆောင်ရွက်နေကြောင်းကိုလည်း တင်ပြလိုပါကြောင်း၊ ရောက်ရှိလာသည့် တိုင်ကြားစာ ၃၈၉၈ စောင်တွင် အစည်းအဝေးဆုံးဖြတ်ပြီး ဆောင်ရွက်ပြီးစီးသည့် တိုင်ကြားစာ ၃၀၄၅ စောင်ရှိပါကြောင်း၊ ခြောက်လတာအတွင်း ဆောင်ရွက်ပြီးစီးခြင်းဖြစ်ပါကြောင်း၊ ၃၀၄၅ စောင်တွင် စစ်ဆေးရေးအဖွဲ့ဖြင့်စစ်ဆေးခြင်း၊ ကြိုတင်စုံစမ်းခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအပါအဝင် အခြားဌာနများသို့ ပုဒ်မ ၃၀ (ခ)နှင့် လွှဲပြောင်းပေးမှု ရာခိုင်နှုန်းအားဖြင့် ၃၂ ဒသမ ၄ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပါကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် အကျုံးမဝင် သက်ဆိုင်ခြင်းမရှိသဖြင့် အရေးယူဆောင်ရွက်ပေး၍မရသည့် တိုင်ကြားစာ ၂၀၅၇ စောင် ရှိပါကြောင်း၊ ဆောင်ရွက်ပြီးစီးသည့် ၃၀၄၅ စောင်ထဲတွင် အရေးယူဆောင်ရွက်ပေးခြင်းမရှိသည့် တိုင်ကြားစာ ၂၀၅၇ ဖြစ်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၆၇ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့ပြင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးစိုးတင့်က ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း အပေါ် လိုအပ်သည့် အရေးယူမှုများ ဆောင်ရွက်ပေးပါဟု တိုင်ကြားစာကို ၂၀၁၈ ခုနှစ် မေ ၃ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က လက်ခံရရှိခဲ့ပါကြောင်း၊ လက်ခံရရှိသည့် တိုင်ကြားစာကို တိုင်ကြားမှု စိစစ်ရေးယန္တရားနှင့်အညီ စိစစ်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေလ ၇ ရက်တွင် ကျင်းပပြုလုပ်သည့် ကော်မရှင်အစည်းအဝေး အမှတ်စဉ် (၁၇/၂၀၁၈)၌ ဆွေးနွေးခဲ့ပါကြောင်း၊ ကော်မရှင်အစည်းအဝေး၌ အဆိုပါတိုင်ကြားစာကို စုံစမ်းစစ်ဆေးရန် ကော်မရှင်အဖွဲ့ဝင်များက သဘောတူညီခဲ့ကြပြီး စုံစမ်းစစ်ဆေးရေးအဖွဲ့ခေါင်းဆောင်အဖြစ် မိမိကို တာဝန်ပေးခဲ့ပါကြောင်း။

**စုစုပေါင်း ၂၂ ဦး စစ်ဆေးခဲ့**

စုံစမ်းစစ်ဆေးရေးအဖွဲ့အနေဖြင့် ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် စုံစမ်းစစ်ဆေးမှုများကို တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ စစ်ဆေးရေးလုပ်ငန်းများကို ၂၀၁၈ ခုနှစ် မေ ၇ ရက်မှ ၂၂ ရက်အထိ ဆောင်ရွက်ခဲ့ပါကြောင်း၊ စစ်ဆေးရာတွင် တိုင်ကြားသတင်းပေးပို့သူ၊ တိုင်ကြားခံရသူနှင့် သက်သေများ စုစုပေါင်း ၂၂ ဦးကို စစ်ဆေးခဲ့ပါကြောင်း၊ ထိုသို့ စစ်ဆေးရာတွင် အဆင့်မြင့်အရာရှိကြီးများ၊ ဝန်ထမ်းများနှင့် လုပ်ငန်းရှင်ကြီးများလည်း ပါဝင်ပါကြောင်း။

တိုင်ကြားစာ၌ တိုင်ကြားချက် အရေအတွက် ၈ ချက် ပါရှိပါကြောင်း၊ အဆိုပါ ၈ ချက် အနက် ၃ ချက်မှာ လူမှုရေးကိစ္စရပ်များဖြစ်ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း၊ ကျန်သည့် ၂ ချက်မှာ ကျူးလွန်မှုရှိပါက သေချာပေါက်အရေးယူနိုင်မည့် အချက်များ ဖြစ်ပါကြောင်း၊ ၎င်းတို့မှာ ငွေကြေးခဝါချမှု တိုင်တန်းချက်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အောက်သို့ သွတ်သွင်းဖွဲ့စည်းခွင့်ပေးသည့် ကိစ္စရပ်များ ဖြစ်ပါကြောင်း။

အဆိုပါ ၂ ချက်အနက် ပထမအချက်ဖြစ်သည့် ငွေကြေးခဝါချမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရာ၌ ပုဂ္ဂလိကဘဏ်တစ်ခု၏ မတည်ရင်းနှီးငွေသည် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေနှင့် ငြိစွန်းနေခြင်း ရှိ၊ မရှိ၊ နိုင်ငံတော်သို့ အခွန်ပေးဆောင်ရန် ကျန်၊ မကျန်တို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏

*စာမျက်နှာ ၅ သို့*

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း အိုင်ယာလန်နှင့် အက်စ်တိုးနီးယားနိုင်ငံတို့ရှိ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အဖွဲ့အစည်းများနှင့် လေ့ကျင့်သင်ကြားရေးတက္ကသိုလ်များသို့ သွားရောက်လေ့လာ

**နေပြည်တော် ဇွန် ၉**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ရှိ ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ရုံးမှ စီစဉ်ဖိတ်ကြားချက်အရ မေ ၂၇ ရက်မှ ဇွန် ၉ ရက်အထိ အိုင်ယာလန်နိုင်ငံရှိ Institute of Public Administration နှင့် အက်စ်တိုးနီးယားနိုင်ငံရှိ Ministry of Finance of the Republic of Estonia တို့သို့ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ကိစ္စရပ်များ သွားရောက်လေ့လာသည်။



မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိုင်ယာလန်နိုင်ငံသို့ ရောက်ရှိစဉ်ကာလအတွင်း Institute of Public Administration ၏ ညွှန်ကြားရေးမှူးချုပ် Dr. Marian O'Sullivan နှင့် ယခင် ညွှန်ကြားရေးမှူးချုပ် Dr. Brian Cawley တို့နှင့်တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍ၊ နည်းဗျူဟာ၊ ဖွဲ့စည်းပုံနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ ဝန်ထမ်းများ၏ အရည်အချင်း မူဘောင်သတ်မှတ်ချက်၊ ပညာရပ်ဆိုင်ရာ သင်တန်းများ ပို့ချမှုနည်းစနစ်များ၊ ပြည်သူ့ဘဏ္ဍာငွေ အသုံးစရိတ် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ၊ အဆင့်မြင့် အရာထမ်းများအတွက် ခေါင်းဆောင်မှုအရည်အသွေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ချဉ်းကပ်မှုပုံစံနည်းလမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ဦးစားပေးအစီအစဉ်များအပေါ် လေ့လာဆွေးနွေးခြင်း၊ ပြည်သူ့ဘဏ္ဍာငွေအသုံးစရိတ်နှင့် ပြုပြင်ပြောင်းလဲရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ခန့်ထားမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် အရည်အသွေးများ သတ်မှတ်မှုပုံစံများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့သည် အက်စ်တိုးနီးယားနိုင်ငံသို့ သွားရောက်ပြီး အက်စ်တိုးနီးယားနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး H.E. Mr. Janek Maggi နှင့် တွေ့ဆုံ၍ အက်စ်တိုးနီးယားနိုင်ငံ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ၊ ပြည်သူ့အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များအပေါ် လေ့လာဆွေးနွေးခြင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ နိုင်ငံတော်သမ္မတ၏ သံတမန်ရေးရာ အကြံပေးပုဂ္ဂိုလ် သံအမတ်ကြီး H.E. Mr. Mart Tarmak နှင့် တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် e-Governance အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးခြင်း၊ State Chancellery တွင် Head of Top Civil Service Excellence Centre Ms. Eve Limbach-Pirn နှင့် တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းများအား ရွေးချယ်ခန့်ထားခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် အကဲဖြတ်သုံးသပ်ခြင်း၊ သင်တန်းများပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဆင့်မြင့် အရာထမ်းများအား ခန့်ထားနိုင်ရေးအတွက် အရည်အချင်းသတ်မှတ်ချက် မူဘောင်များနှင့်စပ်လျဉ်း၍ လေ့လာဆွေးနွေးခြင်း၊ Tallinn City Government မြို့တော်ဝန်နှင့် Parnu မြို့တော်ဝန်တို့နှင့် တွေ့ဆုံ၍ ICT ကိုအခြေခံသော e-Services များ ဝန်ဆောင်မှုပေးခြင်း၊ ဗဟိုနှင့်ဒေသအဆင့်လိုက် နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ခန့်ထားခြင်း၊ စွမ်းဆောင်မှုနှင့် သင်တန်းများပေးခြင်းတို့အပေါ် လေ့လာဆွေးနွေးခြင်း၊ ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့တော်စီမံခန့်ခွဲမှုနှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုတို့အပေါ် လေ့လာဆွေးနွေးခြင်း၊ အက်စ်တိုးနီးယားနိုင်ငံ၊ Tallinn Technical University မှ Professor ဖြစ်သူ Dr.Tiina Randma နှင့်တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းများအတွက် ဝန်ထမ်းအဖွဲ့အစည်းအလိုက် သင်တန်းများ ဖွင့်လှစ်ပို့ချမှုများအပေါ် လေ့လာဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရှိခဲ့ရသည်။ ထို့အပြင် Estonian Academy of Security Sciences မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ရဲဝန်ထမ်းအရာရှိများအား ရွေးချယ်ခန့်ထားခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် ပြည်သူအပေါ် လုံခြုံမှုဆိုင်ရာ e-Services များ ဝန်ဆောင်မှုပေးခြင်းတို့အပေါ် လေ့လာဆွေးနွေးခဲ့ကြသည်။

အဆိုပါ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်သည့် (၁၃)ကြိမ်မြောက် သုတစွယ်စုံစာပေဆု ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၉

**စွယ်စုံမီဒီယာဂရုဏ် သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်သည့် (၁၃)ကြိမ်မြောက် သုတစွယ်စုံစာပေဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာ ဟိုတယ်၌ ကျင်းပသည်။**

အခမ်းအနားတွင် (၁၃)ကြိမ်မြောက် သုတစွယ်စုံစာပေ တစ်သက်တာဆုကို ဦးတင်ခ (ဆရာတက္ကသိုလ်တင်ခ)က ရရှိခဲ့ပြီး သုတစွယ်စုံတစ်သက်တာဆု အပါအဝင် တစ်သက်တာ စာပေဆု ငါးဆုရ စည်သူဒေါက်တာဦးသော်ကောင်းက ပေးအပ် ချီးမြှင့်ခဲ့သည်။ **(ယာပုံ)**

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ "ရေထဲမှာလူ…လူထဲမှာရေ" စာအုပ်ဖြင့် ဘာသာပြန်စာပေဘာသာရပ်ဆုရရှိသူ ဆရာဟိန်းလတ်ကို သုတစွယ်စုံ တစ်သက်တာစာပေဆုရ စာရေးဆရာကြီး ဒေါက်တာခင်မောင်ညွန့်က လည်းကောင်း၊ "ရှင်သန်ခွင့်" စာအုပ်ဖြင့် နိုင်ငံတကာရေးရာဘာသာရပ်ဆုရရှိသူ ဆရာ စိန်ဝင်းစိန်ကို သုတစွယ်စုံတစ်သက်တာစာပေဆုရ စာရေးဆရာမကြီး ဒေါက်တာရီရီလှ(ယုဝတီခင်ဦး)က လည်းကောင်း၊ "ဂျော့ဆိုရော့စ် သို့မဟုတ် မေတ္တာရှင် သန်းကြွယ်သူဌေးကြီး" စာအုပ်ဖြင့် အတ္ထုပ္ပတ္တိစာပေဘာသာရပ်ဆုရရှိသူ ဆရာကျော်ထက်ထွန်းကို မြန်မာနိုင်ငံစာရေးဆရာအသင်းနာယက စည်သူဦးတင်လှိုင် (ဆရာလယ်တွင်းသားစောချစ်) က လည်းကောင်း၊ "ရိုးတံကျဲတွေ မြိုင်ထဲမှာ အငိုတိတ်စေချင်" စာအုပ်ဖြင့် စာပဒေသာဘာသာရပ်ဆုရရှိသူ ဆရာမြင့်သိန်းလှိုင်ကို ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က လည်းကောင်း၊ "အနက်ဖော်ရခက်သော နေ့စဉ်သုံးမြန်မာ ဝေါဟာရများအဘိဓာန်" စာအုပ်ဖြင့် ရည်ညွှန်း စာပေဘာသာရပ်ဆုရရှိသူ ဆရာသန်းဝင်းလှိုင်နှင့် "အသိဉာဏ်မဲ့ခြင်းဟာအပြစ်လား" စာအုပ်ဖြင့် သုတသိပ္ပံဘာသာ ရပ်ဆု ရရှိသူ ဒေါက်တာခင်မောင်ညိုတို့ကို စွယ်စုံမီဒီယာဂရုဏ် ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက လည်းကောင်း၊ "ဆေးပညာပေါင်းချုပ် (၂)" စာအုပ်ဖြင့် အသုံးချသိပ္ပံဘာသာရပ်ဆု ရရှိသူ ပါမောက္ခ သိန်းနှင့် ဒေါက်တာဆုတို့ကို စွယ်စုံမီဒီယာဂရုဏ် မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာခင်မိုးမိုးကလည်းကောင်း ဆုများ ပေးအပ် ချီးမြှင့်ခဲ့ကြသည်။

ယခုနှစ်အတွက် ၂၀၁၆ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များမှ ရွေးချယ်၍ ဆုချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး သုတစွယ်စုံ တစ်သက်တာစာပေဆုအတွက် ငွေကျပ်သိန်း ၂၀ နှင့် သုတစွယ်စုံ စာပေဆုများအတွက် ငွေကျပ် ၁၀ သိန်းစီ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(၁၃)ကြိမ်မြောက် သုတစွယ်စုံစာပေဆု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် စွယ်စုံမီဒီယာဂရုက ၂၀၁၈ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များနှင့် သက်ကြီး သတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲ၊ မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့ (၁၄)ကြိမ်မြောက် အသက်ရာကျော်ဘိုးဘွား ပူဇော်ပွဲနှင့် ဟင်္သာတမြို့နယ်ရှိ သုတစွယ်စုံစာကြည့်တိုက် နှစ်ခုသို့ အလှူငွေကျပ် ၅၈ သိန်း ပေးအပ်လှူဒါန်းသည်။




ထို့နောက် သုတစွယ်စုံစာပေဆုရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ စည်သူဒေါက်တာ ဦးသော်ကောင်းနှင့် အဖွဲ့ဝင်များအား စွယ်စုံမီဒီယာဂရုမှ ဒေါက်တာတင်ထွန်းဦးနှင့် ဒေါက်တာခင်မိုးမိုးတို့က အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး သုတစွယ်စုံဆု ရရှိသူများကိုယ်စား ဆရာဟိန်းလတ်၊ ဆရာဒေါက်တာခင်မောင်ညို၊ ဦးတင်ခ (ဆရာတက္ကသိုလ်တင်ခ) တို့က ကျေးဇူးတင်စကားပြောကြားခဲ့ကြသည်။

**နန္ဒာဝင်း၊ မီမီဖြိုး၊ ဓာတ်ပုံ- လှမိုး**

*စာမျက်နှာ ၄ မှ*

လုပ်ထုံး လုပ်နည်းများနှင့်အညီ သက်ဆိုင်ရာ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ကို အကြောင်းကြားပေးပို့စိစစ်စေပြီး ၎င်းဝန်ကြီးဌာနများ၏ ပြန်ကြားချက်ပေါ်မူတည်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်တွင် ဘဏ်လိုင်စင် ထုတ်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၎င်းဘဏ်လိုင်စင် ထုတ်ပေးခြင်းသည် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း တာဝန်မယူခင်အချိန်က ကိစ္စဖြစ်သည်ကို စစ်ဆေးတွေ့ရှိခဲ့ပါကြောင်း။

**လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ခွင့်ပြု**

ဒုတိယအချက်ဖြစ်သည့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြီးကြပ်မှုအောက်မှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်သို့ သွတ်သွင်းဖွဲ့စည်းခွင့်ပြုခဲ့သည့်ကိစ္စမှာ ယခင်အစိုးရ သက်တမ်းကာလအတွင်း စတင်ဆောင်ရွက်ခဲ့ပြီး အစိုးရသက်တမ်းပြီးဆုံးသည်အထိ မပြီးပြတ်ခဲ့သဖြင့် ယခုအစိုးရ လက်ထက်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဥက္ကဋ္ဌအဖြစ် ပါဝင်သော ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်ရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ အဖွဲ့၏ စိစစ်တွေ့ရှိချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ခွင့်ပြုခဲ့ပါကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်သော တိုင်တန်းချက်မှာ မှန်ကန်သည့်တိုင်တန်းချက်မဟုတ်ကြောင်း ကော်မရှင်မှ ယူဆခဲ့ပါကြောင်း။

**တညီတညွတ်တည်း ဆုံးဖြတ်ခဲ့**

တိုင်ကြားချက် ၈ ချက်အနက် ကျန်ရှိသည့် ၃ ချက်ကို ဆက်လက်စိစစ်ရာတွင် ၂ ချက်မှာ မမှန်ကန်သော တိုင်တန်းချက်ဖြစ်ပြီး ကျန် ၁ ချက်မှာ ဝန်ကြီးဌာနပေါင်းစုံ လျှပ်တစ်ပြက်ဂေါက်ရိုက်ပြိုင်ပွဲကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမည်ခံ၍ လုပ်ငန်းရှင်တစ်ဦးက စီစဉ်ပေးခဲ့သည့်ကိစ္စဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းရှင်က ဂေါက်ရိုက်ပြိုင်ပွဲ ကျင်းပပေးသည်ကို ဝန်ကြီးဌာနအနေဖြင့် လက်ခံခဲ့ပါကြောင်း၊ ထိုသို့ ဂေါက်ရိုက်ပြိုင်ပွဲကျင်းပပေးသည့်အတွက် လုပ်ငန်းရှင်မှ အခွင့်အရေးတစ်စုံတစ်ရာပေးခဲ့ခြင်း၊ ရယူခဲ့ခြင်း မပေါ်ပေါက်သည့်အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအရ အဂတိလိုက်စားမှု အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျုံးမဝင်သည့်အတွက် ခိုင်လုံသော အထောက်အထားမရှိဟု ကော်မရှင်က ဆုံးဖြတ်ခဲ့ပါကြောင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးတွေ့ရှိချက်များကို မေ ၂၄ ရက်တွင် ကျင်းပသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၏ (၂၀/၂၀၁၈) အစည်းအဝေးတွင် တင်ပြခဲ့ပြီး ကော်မရှင်အဖွဲ့ဝင် ၁၂ ဦးက တိုင်ကြားချက်များသည် ခိုင်လုံမှုမရှိသော တိုင်ကြားချက်များဖြစ်သည်ဟု တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ပါကြောင်း ပြောကြားသည်။

**ပြန်လည်ရှင်းလင်းဖြေကြား**

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် စပ်လျဉ်း၍ ကော်မရှင်သို့ တိုင်ကြားခဲ့မှု၊ အဂတိလိုက်စားမှု ကော်မရှင်ရုံးခွဲများ ဖွင့်လှစ်မည့်အခြေအနေ၊ စနစ်တစ်ခုကဲ့သို့ နက်ရှိုင်းစွာ ပျံ့နှံ့နေသော အဂတိလိုက်စားမှုကို တိုက်ဖျက်သွားမည့် အစီအစဉ်နှင့် တံစိုးလက်ဆောင် လက်ခံခြင်း ကိစ္စရပ်များကို မေးမြန်းကြရာ ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ကို စတင်ဖွဲ့စည်းသည့် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်အထိ တိုင်ကြားစာပေါင်း ၄၄၇၁ စောင် လက်ခံရရှိခဲ့သည်။ ကော်မရှင်အသစ် ထပ်မံဖွဲ့စည်းသည့် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၄ ရက်မှ ၂၀၁၈ ခုနှစ် မေလ အထိ တိုင်ကြားစာပေါင်း ၃၉၉၈ စောင် လက်ခံရရှိခဲ့ပြီး တိုင်ကြားစာများအပေါ် စိစစ်ဆောင်ရွက်ပြီးစီးမှုမှာ ၃၀၄၅ စောင်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ယင်းမာပင် ရေလျှံဇုန်၏ လက်ရှိအခြေအနေနှင့် မြေအောက်ရေသယံဇာတ အချိန်မီ ထိန်းသိမ်းစောင့်ရှောက်ရေး

သန်းဇော် (ဆည်/ရေ)

**အဓိကလိုအပ်ချက်**

ယင်းမာပင်ရေလျှံဇုန်တွင် တောင်သူလယ်သမားအများစု၏ စိုက်ပျိုးရေးအတွက် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သည့် စိုက်ပျိုးရေရရှိရေးမှာ ရေလျှံတွင်းများမှ ထွက်ရှိသည့် မြေအောက်ရေသည်သာလျှင် အဓိကအားကိုးအားထားပြုရာ အရင်းအမြစ်တစ်ခု ဖြစ်ပေသည်။

ရေသည်လူသားတို့သာမက ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါနှင့် အပင်များ ရှင်သန်ရပ်တည်နိုင်ရေးအတွက် မရှိမဖြစ်အရေးပါလှပါသည်။ ကမ္ဘာပေါ်ရှိ ရေသယံဇာတ စုစုပေါင်း ပမာဏကို ၁၅၀ လီတာ ရှိမည်ဟု ယူဆပါက ပင်လယ်သမုဒ္ဒရာအတွင်းရှိ ရေငန်ပမာဏမှာ ၁၄၆ လီတာ ခန့်ရှိပြီး ကျန် လေးလီတာခန့်သာ ရေချိုအဖြစ် တည်ရှိနေပါသည်။ အဆိုပါ ရေချိုလေးလီတာအတွင်း ရေသုံးလီတာခန့်မှာ ထုတ်ယူသုံးစွဲ၍ မရသော ရေခဲတောင်များ၊ ဝင်ရိုးစွန်းရေခဲပြင်များအဖြစ် တည်ရှိနေရာ ကျန်တစ်လီတာခန့်သာ ထုတ်ယူသုံးစွဲနိုင်သည့် ရေချိုအဖြစ်တည်ရှိနေပြီး ယင်းရေချို တစ်လီတာတွင် ပါဝင်သည့် ၉၉ ရာခိုင်နှုန်းသောရေများကို မြေအောက်ရေအဖြစ် သိုလှောင်ထားရှိကြောင်း ယူနက်စကို အဖွဲ့ကြီးမှ ရေကျွမ်းကျင်ပညာရှင်များက ခန့်မှန်းထားသဖြင့် မြေအောက်ရေသည်ကမ္ဘာပေါ်တွင် မည်မျှအရေးကြီးကြောင်း သိသာထင်ရှားလှပေသည်။

**မြေအောက်ရေကို နေ့စဉ်နှင့်အမျှ ထုတ်ယူသုံးစွဲ**

ယနေ့ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသော နိုင်ငံအများစုကို လေ့လာဆန်းစစ်ကြည့်မည်ဆိုပါက နိုင်ငံအများစုသည် မြေအောက်ရေကို နေ့စဉ်နှင့်အမျှ တိုးတက်ထုတ်ယူသုံးစွဲမှုသာရှိပြီး မြေအောက်ရေသယံဇာတရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အစီအမံများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားနည်းနေကြောင်း သုံးသပ်တွေ့ရှိရမည် ဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ ၉၉ ကန်ရေလျှံတွင်းနှင့် ရေလှောင်ကန်စီမံကိန်းကို လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ရည်ရွယ်၍ နိုင်ငံတော်မှ ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလတွင် ရေလျှံတွင်း ၄၁၇ တွင်းနှင့် ရေလှောင်ကန် ၉၉ ကန်ကို တည်ဆောက်ပေးခဲ့သည်။ ၂၀၀၀ ပြည့်နှစ် ဧပြီလတွင် ဖြည့်စွက်ရေလျှံတွင်း ၃၂ တွင်းနှင့် ရေလှောင်ကန် ရှစ်ကန်ကို ထပ်မံတည်ဆောက်ပေးခဲ့ရာ စုစုပေါင်း ရေလျှံတွင်း ၄၄၉ တွင်းနှင့် ရေလှောင်ကန် ၁၀၇ ကန်ကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါဒေသအတွင်း သဘာဝမှပေးသော ဆုလာဘ်အဖြစ် မြေအောက်ရေတွင်းများမှ ရေသည် အလိုအလျောက်လျှံထွက်ပြီးနေရုံသာမက သောက်သုံးရေနှင့် စိုက်ပျိုးရေအဖြစ် သုံးစွဲရန် ရေအရည်အသွေးပါ ထူးခြားကောင်းမွန်လှပေသည်။

၉၉ ကန်ရေလျှံတွင်း၊ ရေလှောင်ကန် စီမံကိန်းသည် ရေလျှံဇုန်အတွင်း မြေမျက်နှာသွင်ပြင်အရ အမြင့်ပိုင်း ရေလျှံနိုင်သော နေရာများကို ရွေးချယ်၍ရေလျှံတွင်းများ တူးဖော်ပေးပြီး ရေလှောင်ကန်များဖြင့် ရေကိုစုကာ ရေပေးမြောင်းငယ်များမှတစ်ဆင့် အနိမ့်ပိုင်းရှိ စိုက်ကွင်းများသို့ အလိုအလျောက် ရေစီးဆင်းသည့် စနစ် (Gravity Flow System) ဖြင့် စိုက်ပျိုးရေပေးဝေသွားရန် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ဒေသစိမ်းလန်းစိုပြည်စေရေး၊ ယာမြေမှ လယ်မြေပြောင်းလဲသွားနိုင်ရေး၊ သီးထပ်စွမ်းအားတိုးမြင့်လာပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရေးနှင့် ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

**အဖိုးတန်လှသော မြေအောက်ရေ**

အလွန်တရာမှ အဖိုးတန်လှသော မြေအောက်ရေကို ထုတ်ယူသုံးစွဲရာတွင် နိုင်ငံသူ နိုင်ငံသားများအနေဖြင့် မြေအောက်ရေ သယံဇာတသည် အကန့်အသတ်ဖြင့် တည်ရှိနေခြင်း၊ မိုးရွာသွန်းမှုအခြေအနေအရ မြေအောက်ရေပြန်လည် ဖြည့်တင်းနိုင်မှု (Groundwater Recharge) အခြေအနေပေါ် မူတည်နေခြင်း၊ ထုတ်ပေးနိုင်သည့် သယံဇာတအရင်းအမြစ်ထက် ပိုမိုထုတ်ယူ (Over Exploitation) ပါကရေရှည်တွင် သယံဇာတပြုန်းတီးမှု ဖြစ်ပေါ်လာစေနိုင်ခြင်းတို့ကို သတိချပ်မိစေရန်မှာ အရေးပါလှပါသည်။

စာရေးသူအနေဖြင့် ယင်းမာပင်ရေလျှံဇုန်ဒေသတွင် မြေအောက်ရေတွင်းများကို ဌာနမှ တူးဖော်ပေးခဲ့သော တွင်းများရှိသလို ပုဂ္ဂလိကမှ သောက်သုံးရေအတွက်ရော စိုက်ပျိုးရေအတွက်ပါ နေ့စဉ် အမြောက်အမြား စဉ်ဆက်မပြတ်တူးဖော်လျက်ရှိရာ နှစ်စဉ်နှင့်အမျှ တိုးတက်တူးဖော် ထုတ်ယူသုံးစွဲနေမှု အခြေအနေကို ဌာနမှ ကျေးရွာများအရောက် စစ်တမ်းကောက်ယူမှု စာရင်းများအရ အကျဉ်းချုပ်မျှ တင်ပြလိုက်ရပါသည်။

**၁၉၆၂ ခုနှစ်မှ ယနေ့အထိ တူးဖော်ခဲ့သောတွင်းများ**

| ခုနှစ် | သောက်သုံးရေတွင်း | | | စိုက်ပျိုးရေတွင်း | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | ဌာန | ပုဂ္ဂလိက | ပေါင်း | ဌာန | ပုဂ္ဂလိက | ပေါင်း | |
| ၁၉၆၂-၁၉၉၄ | - | ၃၉ | ၃၉ | - | ၃၀ | ၃၀ | ၆၉ |
| ၉၉ ကန် စီမံကိန်းတွင်း | - | - | - | ၄၅၀ | - | - | ၄၅၀ |
| ၁၉၉၅ | - | ၈၅ | ၈၅ | - | ၂၀၅ | ၂၀၅ | ၂၉၀ |
| ၁၉၉၄-၂၀၀၀ | - | ၁၀၂ | ၁၀၂ | - | ၅၄၈ | ၅၄၈ | ၆၅၀ |
| ၂၀၀၀-၂၀၀၉ | - | ၆ | ၆၈၅ | - | ၁၇၄ | ၁၇၄ | ၁၁၅၉ |
| ၂၀၀၉-၂၀၁၆ | | | | | | | |
| **စုစုပေါင်း** | **-** | **၁၂၁၁** | **၁၂၁၁** | **၄၅၀** | **၉၅၇** | **၉၅၇** | **၂၆၁၈** |

ရေလျှံဇုန်တွင်းသို့ တိုးတက်များပြားစွာ မြေအောက်ရေတွင်းများ တူးဖော်ခြင်း၏ အကျိုးဆက်အဖြစ် မူလဌာနမှ ဆောင်ရွက်ပေးခဲ့သည့် ရေလျှံနေသော ၉၉ ကန်စီမံကိန်းမှတွင်းများမှာ ရေထွက်လျော့နည်းပြီး မူလရေအားလုံးလျှံနေသော ရေလျှံတွင်း၊ ရေလှောင်ကန်များမှာ ယနေ့အချိန်တွင် ကန် ၃၄ ကန်မှာ ရေလျှံမှုမရှိတော့ကြောင်းကို ဖော်ပြပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

| ရေလျှံမှုအခြေအနေ | ကန်ဦးရေ | တစ်နာရီ ပျမ်းမျှရေလျှံဂါလန် |
|---|---|---|
| ရေကောင်းမွန်စွာ လျှံသောကန် | ၆ ကန် | ၅၀၀၀ အထက် |
| အသင့်အတင့် ရေလျှံသောကန် | ၃၄ ကန် | ၁၀၀၀ မှ ၅၀၀၀ |
| ရေဝေရုံသာဝေသောကန် | ၃၃ ကန် | ၁၀၀၀ အောက် |
| ရေလုံးဝမလျှံသောကန် | ၃၄ ကန် | - |
| **စုစုပေါင်း** | **၁၀၇ ကန်** | |



ယင်းမာပင်ရေလျှံဇုန် ဧရိယာအတွင်း တူးဖော်ထားသော မြေအောက်ရေတွင်းများမှ ရေလျှံထွက်နေမှုနှင့် အမှန်တကယ်ကျေးရွာများအတွက် သောက်သုံးရေ၊ စိုက်ပျိုးရေနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန် အသုံးပြုရန် ရေလိုအပ်ချက်တို့ကို ကွင်းဆင်းလေ့လာခန့်မှန်းတွက်ချက်မှုအရ နေ့စဉ်ရေဂါလန် သန်း ၃၀ ခန့်မှာ မလိုအပ်ဘဲ လျှံထွက်ပြီး စီးဆင်းလျက်ရှိရာ လေလွင့်ဆုံးရှုံးမှုများစွာရှိနေကြောင်း တွေ့ရှိရမည် ဖြစ်ပေသည်။

**မြေအောက်ရေသယံဇာတများ အလေအလွင့်မရှိစေရန်**

အသုံးပြုရန်မလိုဘဲ အလိုအလျောက် လျှံထွက်နေသည့် မြေအောက်ရေသယံဇာတများ လေလွင့်ဆုံးရှုံးမှုမရှိစေရန်နှင့် ရေမလိုအပ်ချိန်တွင် ပိတ်ထားနိုင်ရန်အတွက် ရေလျှံတွင်းများ အားလုံးကို မြေအောက်ရေ မျက်နှာပြင် တက်လာနိုင်သည့် အမြင့်အထိ ပိုက်များထောင်၍ လိုအပ်ချိန်တွင် အသုံးပြုနိုင်ရန် ဂိတ်ဘားများ တပ်ဆင်ပေးခြင်း (မြေအောက်ရေဘာသာရပ်ဆိုင်ရာ အခေါ်အဝေါ်အဖြစ် Piezometric Pipe များ တပ်ဆင်ပေးခြင်း)ကို ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပေသည်။

ထို့အပြင် ဒေသခံပြည်သူလူထုအား အဖိုးတန်သယံဇာတဖြစ်သော မြေအောက်ရေ၏သဘောသဘာဝကို ပိုမိုသိရှိနားလည်လာစေပြီး ကိုယ်တိုင်စိတ်ပါဝင်စားမှုဖြင့် ပါဝင်ပူးပေါင်း ထိန်းသိမ်းတတ်လာစေရန် အသိပညာပေးဟောပြောပွဲများ ကျင်းပပေးရန်မှာလည်း အထူးလိုအပ်မည်ဖြစ်ပေသည်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် ၂၀၀၀ ပြည့်နှစ်မှ စတင်၍ ယနေ့အထိ ယင်းမာပင်ရေလျှံဇုန်ဒေသအတွင်း မြေအောက်ရေဆိုင်ရာ တောင်သူအသိပညာပေး ဟောပြောပွဲ(၁၄)ကြိမ်တွင် ဒေသခံတောင်သူဦးရေ ၇၂၈ ဦးအား အသိပညာပေးဟောပြောခဲ့ပြီး ဖြစ်ပါသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ယင်းမာပင်ဒေသရေလျှံတွင်း၊ ရေလှောင်ကန် ၉၉ ကန် စီမံကိန်းမှ လျှံထွက်နေသောရေများကို အလေအလွင့်မရှိစေရေးအတွက် ရေလှောင်ကန်များအတွင်းရှိ ရေလျှံတွင်းများကို တွင်းဆေး၊ ရေမှုတ်ပြုလုပ်ခြင်းဖြင့် ရေလျှံတွင်းများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းခြင်း၊ ကန်အတွင်းရှိ ပေါင်းမြက်နှင့် ဒိုက်များ ဆယ်ယူခြင်း၊ ရေလျှံတွင်းများမှ ထွက်ရှိသော ရေများ လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ ရေမလိုအပ်ချိန်တွင် ပိတ်ထားနိုင်ရန် ပိုက်ထောင်၊ ဂိတ်ဘားတပ်ဆင်ခြင်းနှင့် ရေလှောင်ကန်ပြုပြင်ခြင်းတို့ကိုလည်း ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး ရန်ပုံငွေတို့ဖြင့် နိုင်ငံတော်မှ ပြုပြင်ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ၄၆ ကန် ပြုပြင်ဆောင်ရွက်ပြီး ဖြစ်ပါသည်။

| ဘဏ္ဍာရေးနှစ် | ပြုပြင်ထိန်းသိမ်းခဲ့သည့် ကန်ဦးရေ | မှတ်ချက် |
|---|---|---|
| ၂၀၁၅-၂၀၁၆ | ၂ | ပြည်ထောင်စုအစိုးရရန်ပုံငွေ |
| ၂၀၁၆-၂၀၁၇ | ၂၉ | ပြည်ထောင်စုအစိုးရရန်ပုံငွေ-၁၇ ကန်<br>တိုင်းဒေသကြီးအစိုးရရန်ပုံငွေ-၁၂ကန် |
| ၂၀၁၇-၂၀၁၈ | ၁၅ | ပြည်ထောင်စုအစိုးရရန်ပုံငွေ-၅ ကန်<br>တိုင်းဒေသကြီး အစိုးရရန်ပုံငွေ-၁၀ ကန် |
| **စုစုပေါင်း** | **၄၆** | **ပြည်ထောင်စုအစိုးရရန်ပုံငွေ-၂၄ ကန်<br>တိုင်းဒေသကြီး အစိုးရရန်ပုံငွေ-၂၂ ကန်** |

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ (၂၀၀၆ - ၂၀၀၇) ဘဏ္ဍာရေးနှစ်မှ စတင်၍ (၂၀၁၇ - ၂၀၁၈) ဘဏ္ဍာရေးနှစ် မတ်လကုန်အထိ နှစ်အလိုက် စိုက်ပျိုးရေပေးဝေနိုင်ခဲ့သည့် သီးနှံစိုက်ဧက (အဓိကအားဖြင့် နွေစပါး၊ မိုးစပါး ဖြည့်စွက်ရေနှင့် အခြား သီးနှံများဖြစ်သော ပဲမျိုးစုံ၊ ကြက်သွန်၊ နေကြာ၊ နွေနှမ်းနှင့် ဂျုံ) စာရင်းများကို အောက်ပါအတိုင်း တွေ့ရှိရမည် ဖြစ်ပေသည် -

| ဘဏ္ဍာရေးနှစ် | ရေပေးဝေနိုင်သည့် ဧက | | စုစုပေါင်း |
|---|---|---|---|
| | စပါးသီးနှံ | အခြားသီးနှံ | |
| ၂၀၀၆-၂၀၀၇ | ၅၇၃၀ | ၇၁၀၉ | ၁၂၈၄၉ |
| ၂၀၀၇-၂၀၀၈ | ၁၄၄၆ | ၁၈၃၆ | ၃၂၈၂ |
| ၂၀၀၈-၂၀၀၉ | ၄၈၀၉ | ၄၃၀၂ | ၉၁၁၁ |
| ၂၀၀၉-၂၀၁၀ | ၆၀၇၀ | ၄၆၂၅ | ၁၀၆၉၅ |
| ၂၀၁၀-၂၀၁၁ | ၅၉၀၈ | ၇၃၁၄ | ၁၃၂၂၂ |
| ၂၀၁၁-၂၀၁၂ | ၅၄၈၄ | ၃၆၈၁ | ၇၁၆၅ |
| ၂၀၁၂-၂၀၁၃ | ၁၈၆၆ | ၅၁၇၆ | ၇၀၄၂ |
| ၂၀၁၃-၂၀၁၄ | ၁၇၃၃ | ၅၁၇၄ | ၆၉၀၇ |
| ၂၀၁၄-၂၀၁၅ | ၃၂၇၄ | ၅၂၅၀ | ၈၅၂၄ |
| ၂၀၁၅-၂၀၁၆ | ၂၀၀၀ | ၁၅၃၆ | ၃၅၃၆ |
| ၂၀၁၆-၂၀၁၇ | ၁၇၃၇ | ၁၁၂၅ | ၂၈၆၂ |
| ၂၀၁၇-၂၀၁၈ (မတ်လအထိ) | ၁၈၉၇ | ၁၄၂၂ | ၃၃၁၉ |
| **စုစုပေါင်း(၁၂)နှစ်** | **၄၁၅၉၄** | **၄၈၅၆၀** | **၉၀၁၅၄** |

မြေအောက်ရေသယံဇာတ အရင်းအမြစ်များ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေစေရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရန်မှာ နိုင်ငံတော်နှင့်ကိုက်ညီမည့် အမျိုးသားအဆင့် ရေမူဝါဒ၊ မြေအောက်ရေဆိုင်ရာထိန်းချုပ်မှုဥပဒေများ ပေါ်ထွက်လာပြီးနောက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များကိုယ်တိုင်ကြီးကြပ်ထိန်းချုပ်ခြင်း၊ မြေအောက်ရေတွင်းသစ်များ တူးဖော်ခြင်းနှင့်ပတ်သက်သည့် တူးဖော်ခွင့်လိုင်စင်များ စိစစ်ခွင့်ပြုပေးခြင်း၊ ပုဂ္ဂလိက စက်ရေတွင်းတူးကုမ္ပဏီ၊ အဖွဲ့အစည်းများကို စိစစ်၍ စက်ရေတွင်းတူးခွင့် လိုင်စင် ထုတ်ပေးခြင်း၊ မြေအောက်ရေစဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

သို့ဖြစ်၍ ရေနှင့် ပတ်သက်ဆက်နွှယ်ဆောင်ရွက်နေသည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ဘာသာရပ်ဆိုင်ရာပညာရှင်များ ပူးပေါင်းဆွေးနွေး၍ မြေအောက်ရေ ထိန်းချုပ်မှုဆိုင်ရာ ဥပဒေတစ်ရပ် အမြန်ပေါ်ထွက်လာရေးနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများက လိုလားစွာ ပူးပေါင်းပါဝင်လာရေး ဆောင်ရွက်ရန်မှာ အဓိကလိုအပ်ချက်များသာလျှင် ဖြစ်ပါကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ယင်းမာပင် ၉၉ ကန်ဒေသ ရေလျှံဇုန် ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေနှင့် နိုင်ငံတော်၏ အဖိုးတန် မြေအောက်ရေသယံဇာတ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် လိုအပ်သောအစီအမံများ ချမှတ်နိုင်ရန် ရည်ရွယ်လျက် ရေးသားဖော်ပြအပ်ပါသည်။ ။

# အပြည်ပြည်ဆိုင်ရာမော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်အဖြစ် မော်ကွန်းပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၉**

နှစ် (၇၀)ပြည့် အပြည်ပြည်ဆိုင်ရာမော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်အဖြစ် မော်ကွန်းပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်က အပြည်ပြည်ဆိုင်ရာမော်ကွန်းတိုက်များကောင်စီ(ICA)ကို ၁၉၄၈ ခုနှစ် ဇွန် ၉ ရက်တွင် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုအဖြစ် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ကမ္ဘာ့မော်ကွန်းဆိုင်ရာ အမွေအနှစ်များကို ရေရှည်တည်တံ့စေရေးအတွက် ကမ္ဘာ့နိုင်ငံ အသီးသီးရှိ မော်ကွန်း၊ မှတ်တမ်းပညာရှင်ကိုယ်စားလှယ်များမှတစ်ဆင့် ထိန်းသိမ်းနိုင်မှု၊ ဂရုစိုက်နိုင်မှုနှင့် အသုံးပြုနိုင်မှုတို့ကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနကို ၁၉၇၂ ခုနှစ်ကတည်းက တည်ထောင်ခဲ့ပြီး ပထမဆုံးအကြိမ် ကျင်းပသည့် အခမ်းအနားဖြစ်ပါကြောင်း၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသည် International Council On Archives(ICA) အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သလို Southeast Asia Regional Branch of International Council On Archives(SARBICA)၏ ဒေသဆိုင်ရာ အဖွဲ့ဝင်လည်း ဖြစ်ပါကြောင်း။

ဦးစီးအနေဖြင့် မော်ကွန်းမှတ်တမ်းများကို ရယူစုဆောင်းခြင်း၊ ရေရှည်သိမ်းဆည်းနိုင်ရန် နည်းပညာအမျိုးမျိုးဖြင့် Preservation လုပ်ငန်းများဆောင်ရွက်ခြင်း၊ အစိုးရဌာနများ၊ အများပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သော အထောက်အထားများရရှိနိုင်ရန်နှင့် သုတေသနလုပ်ငန်းများကို တည်ဆဲအမျိုးသား မှတ်တမ်းနှင့် မော်ကွန်းဥပဒေနှင့်အညီ ဝန်ဆောင်မှုလုပ်ငန်းများလည်း ဆောင်ရွက်ပေးနေပါကြောင်း။

နှစ် (၇၀)ပြည့်မြောက် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့အထိမ်းအမှတ် လှုပ်ရှားမှုအနေဖြင့် မြန်မာနိုင်ငံမော်ကွန်းတိုက်တွင် အများပြည်သူများကို ပြခန်းများ ခင်းကျင်းပြသခြင်းနှင့် မော်ကွန်းပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကို ကျင်းပခဲ့သည့်အတွက် ICA ၏ ရည်ရွယ်ချက်ဖြစ်သည့် မော်ကွန်းတိုက်၏ အခန်းကဏ္ဍနှင့် မော်ကွန်းပညာရပ်ဆိုင်ရာ လုပ်ငန်းများကို သိရှိစေပြီး နိုင်ငံ၏သမိုင်း၊ ယဉ်ကျေးမှုမှတ်တမ်း အမွေအနှစ်များ ဆုံးရှုံးမှုမဖြစ်စေရန်နှင့် ထာဝစဉ်တည်တံ့မှုရှိစေရန် အစိုးရဌာနများနှင့် လုပ်ငန်းဆက်စပ်ဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး (ငြိမ်း) ဒေါ်ခင်ခင်ထွန်း၊ တက္ကသိုလ်များ စာကြည့်တိုက် စာကြည့်တိုက်မှူး(ငြိမ်း) ဒေါ်တင်ဘုန်းနွယ်၊ တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး(ငြိမ်း) မြန်မာသမိုင်းကော်မရှင်အဖွဲ့ဝင် ဦးမြဟန်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာလတ်လတ်စိုးတို့က မော်ကွန်းမှတ်တမ်းပညာရပ်ဆိုင်ရာ စာတမ်းလေးစောင်ကို ဖတ်ကြားကြသည်။




အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ စာတမ်းဖတ်ကြားမည့် ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်အဖြစ် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (နေပြည်တော်)နှင့် ရန်ကုန်(ရုံးခွဲ)တို့တွင် ဇွန် ၁ ရက်မှ ၁၄ ရက်အထိ ပြခန်းများဆက်လက်ခင်းကျင်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နယ်နိမိတ်ကိစ္စရပ်များ ဆွေးနွေး



(၁၇)ကြိမ်မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။

**နေပြည်တော် ဇွန် ၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဇွန် ၇ ရက်တွင် ကျင်းပခဲ့သော (၁၇)ကြိမ်မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ဇွန် ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ဇွန် ၇ ရက် မွန်းတည့် ၁၂ နာရီတွင် နယူးဒေလီမြို့ The Taj Mahal ဟိုတယ် အစည်းအဝေးခန်းမ၌ (၁၇)ကြိမ်မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် H.E. Mr. Vijay Gokhale တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ အဆိုပါဆွေးနွေးပွဲသို့ မြန်မာဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့်အတူ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နယူးဒေလီမြို့မြန်မာသံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အိန္ဒိယဘက်မှ နိုင်ငံခြားရေးအတွင်းဝန် H.E. Mr. Vijay Gokhale နှင့် အိန္ဒိယ ပြည်ပရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား နှစ်နိုင်ငံချစ်ကြည်ရေး ဆက်လက်တိုးမြှင့်သွားရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ နယ်နိမိတ်ကိစ္စရပ်များနှင့် နယ်နိမိတ်ပူးပေါင်းဆောင်ရွက်ရေး၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ကောင်စစ်ရေးရာ၊ ယဉ်ကျေးမှုကဏ္ဍများ အပါအဝင် လက်ရှိဆောင်ရွက်လျက်ရှိသည့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် ရှေ့ဆက်အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များအပေါ် နှစ်ဖက် ကျယ်ပြန့်စွာဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အသက် ၇၅ နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ ထောက်ပံ့ငွေများပေးအပ်

**ကျိုက်ထို ဇွန် ၉**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းဗဟိုဌာနချုပ်မှ ဒုတိယဥက္ကဋ္ဌနှင့် ကျိုက်ထိုမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တွေ့ဆုံပွဲကို ဇွန် ၄ ရက်က ကျိုက်ထိုမြို့၌ ပြုလုပ်ခဲ့သည်။ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ်မှ ဒုတိယဥက္ကဋ္ဌ (၂)ဗိုလ်မှူးကြီး ကျော်ဦးလွင်(ငြိမ်း)က အမှာစကားပြောကြားပြီး ကျိုက်ထိုမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးသက်ထွန်း(ငြိမ်း)က မြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် အသက် ၇၅ နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း ဗဟိုဌာနချုပ်မှပေးအပ်သည့် ထောက်ပံ့ငွေများကို ဒုတိယဥက္ကဋ္ဌ ကျော်ဦးလွင် (ငြိမ်း)က ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသော ၂၀၁၈ ခုနှစ် ဇွန်လ ၁ ရက်နေ့မှဇွန်လ ၆ ရက်နေ့အထိ တစ်ပတ်အတွင်း ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | အာဇာနည်နေ့ကိုဖြင့် မမေ့သင့်ပါ | သန်းဝင်းလှိုင် | ၃၀၀၀ | ကျော်စိုးမိုး |
| ၂ | ည | တင်မောင်မြင့် | ၂၀၀၀ | လင်းလွန်းခင် |
| ၃ | အနုပညာ --သေပြီ | မင်းသန့် | ၂၀၀၀ | လူငယ် တစ်ယောက် |
| ၄ | စက်ရုပ် | ကန္တာရမိုးစက် | ၂၀၀၀ | ဆိပ်ကမ်းသာ |
| ၅ | စာရိတ္တမြှင့်တင်ရေး ပုံပြင်အလှများ-ပထမတွဲ | ခင်မောင်တိုး (မိုးမိတ်) | ၂၅၀၀ | စိတ်ကူးချိုချို |
| ၆ | ပွိုင့် ၂၀၂ (သို့မဟုတ်) သွေးနဲ့ရေးတဲ့ကမ္ပည်းကျောက်စာ | မင်းထက်ကျော်ဇော | ၂၅၀၀ | စိတ်ကူးသစ် |
| ၇ | မာတီးလ် (ဒါ) | လင်းတည်ဦး | ၂၀၀၀ | ပင်ဝါးရုံ |
| ၈ | အပ်ချုပ်သမ | ခင်စောတင့် | ၃၈၀၀ | ကံ့ကော်ဝတ်ရည် |
| ၉ | Court Dictionory | U Kyaw Zeya | ၂၅၀၀ | မယ်နှင့်မောင် |
| ၁၀ | အမှတ်တရလက်ဆောင် | စူတန် | ၂၀၀၀ | ကျော်မွှေး |
| ၁၁ | မင်္ဂလာအလွမ်း | ကြည်စိုးထွန်း | ၂၃၀၀ | စိတ်ကူးချိုချို |
| ၁၂ | အက်ကြောင်းများနှင့် မြန်မာနိုင်ငံ | နေစိုးထက် | ၂၅၀၀ | စိတ်ကူးသစ် |
| ၁၃ | ရုပ်ဆိုးပေးတဲ့ဝေဒနာနှင့် အခြားဝတ္ထုတိုများ | မေတ္တာရှင် (ရွှေပြည်သာ) | ၂၄၀၀ | ရွှေပြည်သာ |
| ၁၄ | ဗဒုံမင်းရှင်းတမ်း | မောင်သန်းဆွေ (ထားဝယ်) | ၃၂၀၀ | ကံ့ကော်ဝတ်ရည် |
| ၁၅ | သဗ္ဗရနံ့ | သိမ်းတင်သား | ၂၇၀၀ | စိတ်ကူးချိုချို |
| ၁၆ | ဘဏ်ချေးငွေနှင့် တရားမမှတ်စု | ဦးအုန်းသန်း | ၅၀၀၀ | Global Piece Group |
| ၁၇ | ဇာဟိဂ်ရ် | သူရိန်ဝင်း | ၄၅၀၀ | ကွမ်းခြံလမ်း |
| ၁၈ | ကဗျာဘာသာပြန် အလုပ်စခန်း | မောင်သာနိုး | ၄၅၀၀ | စိတ်ကူးချိုချို |
| ၁၉ | ဗောဒသ်သုမောဓေ | မောင်သာနိုး | ၄၅၀၀ | ကွမ်းခြံလမ်း |
| ၂၀ | ကလေးသူငယ်ဖတ်ဖွယ် သုတ (၄) ၂၀ရာစု အစောပိုင်းသမိုင်း | မိုးဇက်ပိုင် | ၁၃၀၀ | စိတ်ကူးချိုချို |
| ၂၁ | အင်္ဂလိပ်သဒ္ဒါပေါင်းချုပ် | ဟိန်းလတ် | ၇၀၀၀ | ဇေယျာမိုး |
| ၂၂ | မှော်ဝင်ပန်းခြံ | မြတ်သိင်္ဂီကျော် | ၁၃၀၀ | စိတ်ကူးချိုချို |
| ၂၃ | ထာဝရအမှတ်ရထင်ကျန်နေမည့်အမည်နာမ လင်ကွန်းသမ္မတ | ခင်စုစုစံ၊ မြနှင်းရည်ရှိန် | ၃၀၀၀ | မျိုးဆက်သစ် |
| ၂၄ | ဒေါ်အောင်ဆန်းစုကြည်၏ အင်္ဂလိပ်မိန့်ခွန်းများနှင့် အင်တာဗျူး | ချမ်းဇော်ထက် | ၆၀၀၀ | Top စာပေ |
| ၂၅ | စာပေမင်းသားကြီး ဦးအောင်သင်းနှင့် စကားပြောခြင်း | မြတ်ခိုင် | ၂၀၀၀ | Quality |
| ၂၆ | ကောင်းစေချင်တဲ့ စကားများ | ကလောင်စုံ | ၂၅၀၀ | စိတ်ကူးသစ် |
| ၂၇ | ဘီလ်ဂိတ်၏ဘဝနှင့် စီးပွားရေးသင်ခန်းစာများ | နေနီ | ၁၅၀၀ | ပန်းဆက်လမ်း |
| ၂၈ | စာရိတ္တမြှင့်တင်ရေးပုံပြင် အလှများ-ဒုတိယတွဲ | ခင်မောင်တိုး (မိုးမိတ်) | ၂၅၀၀ | စိတ်ကူးချိုချို |
| ၂၉ | ရွှေခေတ်ဂန္ထဝင်မင်းသား၊ မင်းသမီးများ | မောင်နေကြည် | ၅၀၀၀ | အဖြူရောင် |
| ၃၀ | အိမ်သုံး၊ ကျောင်းသုံး၊ ရုံးသုံး Gmail နဲ့ Google Office Application အခြေခံလမ်းညွှန် | မောင်မောင်ဝင်း | ၆၀၀၀ | ဆိပ်ကမ်းသာ |
| ၃၁ | ရွှေ (၇၂) | ကလောင်စုံ | ၉၀၀၀ | ငါတို့စာပေ |

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု သံတွဲခရိုင် ပညာရည်ချွန်ဆုပေးအပ်ပွဲသို့ တက်ရောက်ပြီး ဂွမြို့တွင် ပြည်သူများနှင့် တွေ့ဆုံ

**ဂွ ဇွန် ၉**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် သံတွဲမြို့ဒွါရာဝတီခန်းမ၌ ကျင်းပသည့် သံတွဲခရိုင်အတွင်း မြို့နယ်များရှိ စာစစ်ဌာနများမှ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီး ဒေါက်တာ ချမ်းသာတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူး ဦးအောင်သန်းမြင့်က ဆုချီးမြှင့်ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သံတွဲခရိုင်အတွင်းမှ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာဂုဏ်ထူးရရှိသူ သုံးဦးအား ငွေကျပ် သိန်း ၂၀ စီကို လည်းကောင်း၊ ငါးဘာသာဂုဏ်ထူးရရှိသူ ၂၀ အား ငွေကျပ် ၁၅ သိန်းစီကို လည်းကောင်း၊ လေးဘာသာဂုဏ်ထူးရရှိသူ ၁၁ ဦးအား ငွေကျပ် ရှစ်သိန်းစီကိုလည်းကောင်း၊ သုံးဘာသာဂုဏ်ထူးရရှိသူ ၃၁ ဦးအား ငွေကျပ် လေးသိန်းစီကိုလည်းကောင်း၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ၅၂ ဦးအား ငွေကျပ် တစ်သိန်းစီကို လည်းကောင်း၊ တစ်ဘာသာဂုဏ်ထူးရရှိသူ ၃၀၆ ဦးအား ငွေကျပ် ငါးသောင်းစီကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ပြီး မြို့နယ်အဆင့် ဆုရမြို့နယ်များ၊ ခြောက်ဘာသာဂုဏ်ထူးရရှိခဲ့သည့် ကျောင်းများနှင့် ခြောက်ဘာသာဂုဏ်ထူးရရှိအောင် သင်ကြားပြသပေးခဲ့ကြသည့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် သံတွဲခရိုင် ဂွမြို့ အောင်မင်္ဂလာခန်းမ၌ ဂွမြို့ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်နယ်အစိုးရအဖွဲ့၏ အဓိကအခန်းကဏ္ဍတစ်ရပ် ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန် ပညာရေး၊ ကျန်းမာရေး၊ လမ်း၊ တံတား၊ လျှပ်စစ်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး စသည့်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါကြောင်း၊ အဆိုပါ လိုအပ်ချက်များကို ပြည်နယ်အစိုးရအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ တစ်ဦးကောင်း တစ်ယောက်ကောင်း၊ အဖွဲ့အစည်းတစ်ရပ်ကောင်းဖြင့် တည်ဆောက်၍မရဘဲ ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ပိုမိုအောင်မြင်မည်ဖြစ်ပါကြောင်း၊ လူမှုစီးပွားဘဝများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိနေမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ် ပီပြင်စွာ ပေါ်ထွန်းလာရေးအတွက် ပြည်သူများ ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် အားနည်းချက် အားသာချက်များကို အပြုသဘောဆောင်၍ လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဂွမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးခိုင်က ၂၀၁၈ ခုနှစ် ကာလတို ဘဏ္ဍာရေးနှစ် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက တင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# မောင်တော၌ ပြန်လည်နေရာချထားရေးနှင့် ထောက်ပံ့မှုများ ဆောင်ရွက်

**မောင်တော ဇွန် ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက မောင်တောမြို့နယ် ရွှေဇားကျေးရွာတွင် အိန္ဒိယနိုင်ငံအစိုးရ၏ ထောက်ပံ့လှူဒါန်းမှုဖြင့် ဆောင်ရွက်နေသော နေအိမ်ဆောက်လုပ်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးရွာတွင် နေအိမ် ၁၄၈ လုံး ဆောက်လုပ်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့အား Hindustan Prefab Limited မှ ဒုတိယ အထွေထွေမန်နေဂျာ Mr. A Shashikanta Sharma နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ ဆောက်လုပ်ရေးပစ္စည်းများ အရည်အသွေးပြည့်မီရေးတို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မောင်တောမြို့ရှိ ဟိန္ဒူယာယီစခန်းသို့ သွားရောက်၍ အိမ်ထောင်စု ၂၉၃ မှ လူဦးရေ ၁၂၅၅ ဦးအတွက် ငွေကျပ် ၂၈ သိန်းကျော်တန်ဖိုးရှိ စားနပ်ရိက္ခာတစ်ပတ်စာ ဆန် ၈၉ အိတ်၊ ဆီ ၁၀၇ ပိဿာ၊ ပဲ ၄၂၈ ပိဿာနှင့် ဆား ၂၁ ဒသမ ၄၃၇ ပိဿာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ နေအိမ်များဆောက်လုပ်မှုလုပ်ငန်းများတွင် ဒေသခံပြည်သူ ၄၀ ခန့်မှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြောင်း သိရသည်။

**သတင်း- ဇင်ဦး၊ နိုင်လင်းကြည်**
**ဓာတ်ပုံ- သက်လွင်စိုး (ပြန်/ဆက်)**



# ရခိုင်ပြည်နယ်၌ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အမှတ်စာရင်းများ စတင်ထုတ်ပေး



**စစ်တွေ ဇွန် ၉**

ရခိုင်ပြည်နယ်၌ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အမှတ်စာရင်းများကို စစ်တွေမြို့ အမှတ် ၄ အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၉ ရက် နံနက်ပိုင်းမှ စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ရခိုင်ပြည်နယ်အတွင်း တက္ကသိုလ်ဝင်တန်းအောင်၊ ရှုံး အမှတ်စာရင်းများကို စတင်ထုတ်ပေးလျက်ရှိရာ စစ်တွေခရိုင်နှင့် မောင်တောခရိုင်တို့၌ ဇွန်လ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း ထုတ်ပေးလျက်ရှိသည်။

ထို့အပြင် ဇွန် ၁၂ ရက်တွင် ကျောက်တော်မြို့နယ်၊ ၁၃ ရက်တွင် မြောက်ဦးမြို့နယ်၊ ၁၅ ရက်တွင် အမ်းမြို့နယ်နှင့် ၁၆ ရက်တွင် သံတွဲမြို့နယ်တို့၌ ထုတ်ပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

ယခင်နှစ်များက အမှတ်စာရင်းများကို သိရှိနိုင်ရန် စောင့်ဆိုင်းခဲ့ရသော်လည်း ယခုအခါ အမှတ်စာရင်းများကို တစ်ပတ်အတွင်းရရှိသည့်အတွက် အလုပ်ခွင်ဝင်ရောက်ရန်နှင့် တက္ကသိုလ်တစ်ခုခုကို လျှောက်ထားနိုင်ရန် များစွာအကျိုးရှိပြီး ကျရှုံးကျောင်းသား ကျောင်းသူများအတွက်လည်း ဖြည့်စွက်ကြိုးစားရမည့် ဘာသာရပ်များအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း အမှတ်စာရင်းလာရောက်ထုတ်ယူသူ မမျိုးမြစံက ပြောသည်။

**တင်ထွန်း (ပြန်/ဆက်)**

# မုတ်သုံလေ အားအလွန်ကောင်းနေ

**နေပြည်တော် ဇွန် ၉**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။

မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၄ ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအလွန်ကောင်းနေမည်။

**မိုး/ဇလ**

အဂတိလိုက်စားမှုကို နစ်နာသူကဖြစ်စေ၊ ကိုယ်တိုင်မြင်တွေ့ရသူကဖြစ်စေ တိကျသေချာသော သက်သေအထောက်အထားများဖြင့် ဖော်ပြပါလိပ်စာသို့ ပေးပို့တိုင်ကြားနိုင်ပါသည်-

ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
အားကစားလေ့ကျင့်ရေးစခန်း၊ တောင်ညိုလမ်း
နေပြည်တော်
Email- myanmaracc2014@gmail.com

# ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများနှင့် တွေ့ဆုံမေးမြန်းခြင်း အပိုင်း (၂)


မာမတ်အီနူစ်


အဒူဆော်လိမ်


နူရ်ဗူဆလင်


အီဒီရိစ်


ဒိလ်ဒါမာမောက်


ဟာမိတ်တူဆောင်း


နူအာလာမ်


အာဘွာလ်ဟူဆောင်း


ဆူနာဘီဘီ


ဂျာနေအာလောင်

**မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးသဘောတူညီချက်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် သဘောတူညီချက်လက်မှတ်ရေးထိုးခဲ့ကြပါသည်။**

ထို့ပြင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ ၁၉၉၃ ခုနှစ် သဘောတူညီချက်တွင် သဘောတူညီခဲ့သည့်အတိုင်း နေရပ်စွန့်ခွာသူများ ပြန်လည်ရောက်ရှိလာလျှင် အကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်ခြင်းမရှိပါက အရေးယူခြင်းပြုမည်မဟုတ်ကြောင်း နှစ်နိုင်ငံသဘောတူညီခဲ့ကြပါသည်။

ယခုအခါ မိမိသဘောဆန္ဒဖြင့် ပြန်လည်ဝင်ရောက်လာသော နေရပ်စွန့်ခွာသူအချို့မှာ အကြမ်းဖက်မှုတွင် ပါဝင်ခဲ့ခြင်း ရှိ၊ မရှိ စိစစ်မှုခံယူပြီးနောက် မောင်တောမြို့နယ်ရှိ မိမိတို့နေရပ် အသီးသီးတွင် ပြန်လည်ရောက်ရှိနေထိုင်နေကြပြီဖြစ်ရာ ၎င်းတို့အား သတင်းအဖွဲ့က သွားရောက် တွေ့ဆုံမေးမြန်းထားပါသည်။

**မာမတ်အီနူစ်**
**နေရပ် - ယခင်ငါးခူရ တောင်ရွာ**
**ယခု - ငါးခူရ မိမိနေအိမ်**

ကျွန်တော်က ဘင်္ဂလားဒေ့ရှ်နိုင်ငံကို သွားတယ်ဆိုပြီးတော့ တရားစွဲဆိုခံခဲ့ရပါတယ်။ ဘင်္ဂလားဒေ့ရှ်ကို အရင်ကနှစ်ခါသုံးခါလောက် သွားဖူးပါတယ်။ အဲဒီလိုပဲသွားပြီးတော့ ပြန်လာခဲ့တယ်။ မိသားစုလိုက် သွားတာတော့မဟုတ်ပါဘူး။ မိသားစုကတော့ ငါးခူရမှာပဲရှိပါတယ်။

အခုကျွန်တော့်မှာလည်း NVC ကတ်ရပြီးပါပြီ။ ကျွန်တော့်မိသားစုမှာလည်း NVC ကတ်တွေရထားပြီးပါပြီ။ မောင်တောမြို့ဘက်ကို သွားတဲ့အခါမှာ NVC ကတ်ရှိဖို့လိုတယ်ဆိုတာကြောင့် ကျွန်တော်ယူထားတာပါ။

အခုအသက်မွေးဝမ်းကျောင်းအတွက် အလုပ်လုပ်ဖို့ဘာလုပ်ငန်းမှ မရှိသေးပါဘူး။ အရင်ကတော့ မောင်တောမြို့က ပစ္စည်းတွေကိုယူလာပြီး ဒီမှာပြန်ရောင်းတာမျိုး လုပ်ပါတယ်။ ကျွန်တော်လွတ်ငြိမ်း ချမ်းသာခွင့်နဲ့ ပြန်လွတ်လာတဲ့အချိန်မှာ နိုင်ငံတော်အစိုးရက ဒန်အိုး၊ ဒန်ခွက်နဲ့ စောင်တွေ၊ ခြင်ထောင်တွေ ပေးပါတယ်။ မိသားစုအတွက် ရိက္ခာတွေကိုလည်းပေးပါတယ်။

**အဒူဆော်လိမ်**
**နေရပ် - ယခင်ငါးခူရကျေးရွာအုပ်စု၊ တောင်ရွာ**
**ယခု - ငါးခူရမိမိနေအိမ်**

NVC ကတ်ကတော့ ကျွန်တော်တစ်ယောက်တည်းပဲရသေးတာပါ။ ကျွန်တော့်မိသားစုကတော့ မရသေးပါဘူး။ NVC ကတ်ရပြီဆိုပေမယ့် ပုစွန်ကန်ဘက်သွားဖို့နဲ့ ချောင်းထဲမှာငါးရှာ၊ ဖားရှာလုပ်ငန်းတွေကို လုပ်ခွင့်မရသေးတဲ့အတွက်တော့ စားဝတ်နေရေး အခက်အခဲရှိပါတယ်။

**နူရ်ဗူဆလင်**
**နေရပ် - ယခင် ငါးခူရအုပ်စု၊ တောင်ရွာ**
**ယခု - ငါးခူရမိမိနေအိမ်**

ဘင်္ဂလားဒေ့ရှ်ဘက်က ဆွေမျိုးသားချင်းတွေကိုတော့ ဖြစ်နိုင်ရင် မြန်မာနိုင်ငံကို ပြန်လာဖို့ အခုချက်ချင်း ခေါ်ချင်ပါတယ်။ ကျွန်တော်ကတော့ မြန်မာနိုင်ငံမှာနေတာဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ စည်းမျဉ်း၊ စည်းကမ်းတွေကိုလည်း လိုက်နာပါတယ်။ ဟိုဘက်ကမိသားစုတွေပြန်လာရင်လည်း မြန်မာနိုင်ငံရဲ့ စည်းမျဉ်း၊ စည်းကမ်းအတိုင်း လိုက်နာနိုင်ဖို့ ရှင်းပြပါမယ်။

မြန်မာနိုင်ငံမှာနေတာကတော့ ပိုပြီးတော့ ကောင်းပါတယ်။ အခု ကျွန်တော်လည်း NVC ကတ်ရတယ်။ ကျွန်တော့်မိန်းမမှာလည်း NVC ကတ်ရထားပါပြီ။ NVC ကတ်နဲ့ပတ်သက်ပြီးတော့ သေချာတော့မသိပါဘူး။ ဘင်္ဂလားဒေ့ရှ်ဘက်မှာ ရောက်နေတဲ့ သူတွေကို ပြန်လာလို့ရတယ်ဆိုတာမျိုး ဟိုဘက်က ပြောတယ်ဆိုတာတော့ မကြားမိသေးပါဘူး။

အလုပ်အကိုင်အနေနဲ့ကတော့ အရင်တုန်းက ကျားပိုက်နဲ့ ငါးဖမ်းပါတယ်။ အခုက အဲဒီလို ငါးဖမ်း လုပ်ငန်းတွေမလုပ်ရတော့၊ ဝင်ငွေမရှိတော့ စားဖို့သောက်ဖို့ အခက်အခဲတော့ရှိပါတယ်။

**အီဒီရိစ်**
**နေရပ် - ယခင် - ငါးခူရကျေးရွာအုပ်စု၊ တောင်ရွာ**
**ယခု - ငါးခူရမိမိနေအိမ်**

ကျွန်တော့်ညီအစ်ကိုမောင်နှမတွေကတော့ ဘင်္ဂလားဒေ့ရှ်မှာ ရှိပါတယ်။ NVC ကတ်ကိုင်ရင် ဘာတွေလုပ်လို့ ရမယ်ဆိုတာလည်း မသိပါဘူး။ နိုင်ငံတစ်နိုင်ငံမှာနေရင် အသိအမှတ်ပြုကတ်တစ်ခု ကိုင်ဆောင်ထားရမယ်ဆိုတာသိပါတယ်။ NVC ကတ်ကို ကျွန်တော်ရော ကျွန်တော့် မိန်းမပါ ကိုင်ဆောင်ထားပါတယ်။

**ဒိလ်ဒါမာမောက်**
**နေရပ် - ယခင်ငါးခူရ တောင်ရွာ**
**ယခု - ငါးခူရမိမိနေအိမ်**

ကျွန်တော့်မိသားစုက ဖြစ်စဉ်ဖြစ်ပွားနေတဲ့အချိန်မှာ တုန်းကတော့ ဒီမှာရှိနေကြပြီး ကျွန်တော်ထောင်ကျပြီးတဲ့နောက်ပိုင်းမှာ ဘင်္ဂလားဒေ့ရှ်ဘက်ကို ထွက်ပြေးသွားကြပါတယ်။ ဖြစ်နိုင်မယ်ဆိုရင်တော့ ဘင်္ဂလားဒေ့ရှ်ဘက်က ကျွန်တော့်မိသားစုကို ပြန်ခေါ်ချင်ပါတယ်။

**ဟာမိတ်တူဆောင်း**
**နေရပ် - ယခင်ငါးခူရ တောင်ရွာ**
**ယခု - ငါးခူရမိမိနေအိမ်**

ဘင်္ဂလားဒေ့ရှ်ဘက်ကိုတော့ ကျွန်တော့်သားအကြီးတစ်ဦး အပါအဝင် မိသားစုဝင်လေးယောက် ထွက်ပြေးသွားကြပါတယ်။ သူတို့တွေက အကြမ်းဖက်မှုဖြစ်စဉ်တွေ ဖြစ်နေချိန်မှာ ထွက်ပြေးကြတဲ့ သူတွေနဲ့အတူ ပါသွားကြတာပါ။ သူတို့ကိုတော့ ပြန်လာစေချင်ပါတယ်။

NVC ကတ်နဲ့ပတ်သက်ပြီးတော့ အခုထိ ဘာမှမသိရသေးပါဘူး။ နောက်မှသိရမယ်လို့ ယူဆပါတယ်။ NVC ကတ်ကိုတော့ ကိုယ့်သဘောနဲ့ကိုယ်ကိုင်တာပါ။ ဘာသာရေးအရ၊ လူမျိုးရေးအရ ဘာမှအနှောင့်အယှက်ပေးတာတော့ မရှိပါဘူး။ တခြားသူတွေ ကိုင်ဖို့တော့ အသိပေးတာမျိုး မရှိပါဘူး။ ကျွန်တော့်အနေနဲ့ကတော့ မြန်မာနိုင်ငံမှာ နေတာပိုကောင်းတယ်လို့ ထင်ပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်ကိုသွားတဲ့သူတွေကိုလည်း ပြန်ခေါ်စေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီဘက်က လူတွေတော်တော်များများ အခက်အခဲတွေကြုံတွေ့နေရတယ်လို့ ပြောပါတယ်။

**နူအာလာမ်**
**နေရပ် - ယခင် ငါးခူရကျေးရွာအုပ်စု၊ တောင်ရွာ**
**ယခု - ငါးခူရမိမိနေအိမ်**

NVC ကတ်ကို ကျွန်တော်လည်းကိုင်ထားသလို ကျွန်တော့်မိန်းမလည်း ကိုင်ထားပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်ကနေ မြန်မာနိုင်ငံကို ပြန်လာဖို့ တိုက်တွန်းတာတွေလည်း မကြားရသေးပါဘူး။

**အာဘွာလ်ဟူဆောင်း**
**နေရပ် - ယခင် ဒိုးတန်းကျေးရွာအုပ်စု၊ စဉ်တောင်ကျေးရွာ**
**ယခု - ငါးခူရဆွေမျိုးအိမ်**

ဘင်္ဂလားဒေ့ရှ်နိုင်ငံကနေ မြန်မာနိုင်ငံဘက်ကိုကူးလာချိန်မှာ အဖမ်းခံရတာပါ။ ဘင်္ဂလားဒေ့ရှ်ဘက်ကိုတော့ ၂၀၁၆ ခုနှစ် ဖြစ်စဉ်အပြီးမှာ သွားခဲ့တာပါ။ ဘင်္ဂလားဒေ့ရှ် ကယ်ဆယ်ရေးစခန်းမှာတော့ မြန်မာနိုင်ငံကိုပြန်ဖို့ တိုက်တွန်းတာတွေ ကြော်ငြာကပ်ထားတာတွေ မတွေ့ခဲ့ပါဘူး။ ဒီမှာနေရတာတော့ အဆင်ပြေပါတယ်။

NVC ကတ်ကိုင်ထားတာတော့ ကျွန်တော်တစ်ယောက်တည်းပါ။ မိသားစုတွေကတော့ ဘင်္ဂလားဒေ့ရှ်ဘက်မှာပါ။ ဘင်္ဂလားဒေ့ရှ်ဘက်က မိသားစုတွေကို ခေါ်ချင်ပါတယ်။

ဘင်္ဂလားဒေ့ရှ်မှာနေရတာထက် ငါးခူရမှာ နေရတာပိုအဆင်ပြေပါတယ်။ ဘင်္ဂလားဒေ့ရှ်ကယ်ဆယ်ရေးစခန်းတွေမှာတော့ ဘာမှအထောက်အထားမပေးရပါဘူး။ ဝင်ချင်သလိုဝင် ထွက်ချင်သလိုထွက်လို့ရပါတယ်။ နေခဲ့တဲ့ကယ်ဆယ်ရေး စခန်းကတော့ ဘာလူဟာလီ ကယ်ဆယ်ရေးစခန်းပါ။

**ဆူနာဘီဘီ**
**နေရပ် - ယခင် ကြက်ရိုးပြင်ကျေးရွာအုပ်စု၊ ကြက်ရိုးပြင်ရွာမ**
**ယခု - ကြက်ရိုးပြင်ကျေးရွာ**

ကြက်ရိုးပြင်ကျေးရွာကနေ ဦးရှည့်ကျသွားတာ ဦးရှည့်ကျမှာ ဖမ်းထားတာပါ။ မိသားစုတွေလည်း ရွာမှာနေပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်ကိုပါသွားတဲ့ သားသမီးတွေရှိပါတယ်။ သားသမီးတွေကိုလည်း ဒီဘက်ကို ပြန်လာဖို့ဆန္ဒရှိပါတယ်။ NVC ကတ်ကတော့ မိသားစုမှာ တစ်ယောက်ပဲ လုပ်ထားရပါသေးတယ်။ ဒီမှာ NVC ကတ်လုပ်ထားတာနဲ့ ပတ်သက်ပြီး အခက်အခဲမရှိပါဘူး။ အဲဒီလိုလုပ်ပေးလို့လည်း ကျေးဇူးတင်ပါတယ်။ ဒန်အိုး၊ ပန်းကန်၊ အဝတ်အထည်တွေ ထောက်ပံ့ပေးထားပါတယ်။ ဒီမှာနေတဲ့အချိန်မှာ ကျပန်းအလုပ်လုပ်တယ်။ လယ်ယာစိုက်ပျိုးတယ်။ အဲဒါတွေပဲလုပ်ပါတယ်။

**ဂျာနေအာလောင်**
**နေရပ် - ယခင် ကြက်ရိုးပြင်ကျေးရွာအုပ်စု၊ ကြက်ရိုးပြင်ရွာမ**
**ယခု - ကြက်ရိုးပြင်ကျေးရွာ**

ဘင်္ဂလားဒေ့ရှ်ဘက်က ပြန်လာတာတော့ လေးငါးလရှိပါပြီ။ ဘင်္ဂလားဒေ့ရှ်ဘက်မှာ နေတုန်းကလည်း ကျပန်းအလုပ်လုပ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်မှာက ပေးလို့ရှိရင် စားလို့ရပြီး မရရင်တော့ ခက်ခဲပါတယ်။ ကူတိုဘာလိုဒုက္ခသည်စခန်းမှာနေခဲ့တာပါ။ ထောက်ပံ့ရေးပစ္စည်းတွေနဲ့ပဲ စားသုံးနေတာပါ။ ဘင်္ဂလားဒေ့ရှ်ဘက်မှာ တစ်လတိတိနေခဲ့ပါတယ်။

ကိုယ့်ရွာမှာပြန်နေချင်လို့ ချောင်းကိုလောင်းနဲ့ ကူးပြီး ပြန်လာတာပါ။ တခြားဆန္ဒတော့မရှိပါဘူး။ ဘင်္ဂလားဒေ့ရှ်ဘက်ကနေ မြန်မာနိုင်ငံဘက်ကို ပြန်ကိုပြန်ရမယ်လို့ ပြောတာတော့မရှိပါဘူး။ ဒီဘက်ကို တစ်ယောက်တည်းလာတာပါ။ မိသားစုကတော့ ဘင်္ဂလားဒေ့ရှ်ဘက်မှာ ကျန်ခဲ့ပါတယ်။ မိသားစုကတော့ လယ်သာစခန်းမှာ ကျန်ခဲ့ပါတယ်။ မိသားစုတွေလည်း လာဖို့ ဆန္ဒရှိပါတယ်။

ဘင်္ဂလားဒေ့ရှ်ဘက်က ဒုက္ခသည်စခန်းမှာတော့ ဝင်လို့ထွက်လို့မရဘူး။ ခိုးထွက်လာတာပါ။ အရင်က ထော်လာဂျီမောင်းပြီး ဆိုင်ကယ်ပြင်တယ်။ အခုတော့ ဆိုင်ကယ်ပဲပြင်ပြီး စားဝတ်နေရေး ဖြေရှင်းပါတယ်။

**သတင်းအဖွဲ့**

# ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**
**၁၃၈၀ ပြည့်နှစ်၊ လ ရက်**
**(၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **လောင်းကစားခြင်း** ဆိုသည်မှာ ကံစမ်းကစားခြင်း၊ ကျွမ်းကျင်မှုကစားခြင်း တစ်ခုခုတွင် ပါဝင်ပြီး ငွေကြေးအတွက်လည်းကောင်း၊ ငွေကြေးကဲ့သို့ တန်ဖိုးရှိသော သို့မဟုတ် ငွေကြေးတန်ဖိုးအဖြစ် လွှဲပြောင်းသတ်မှတ်ရန် သဘောတူပြီးဖြစ်သော ပစ္စည်းတစ်စုံတစ်ရာအတွက်လည်းကောင်း အကောက်အစားယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ လောင်းကစားခြင်းကို ဆိုသည်။

(ခ) **ပစ္စည်း**ဆိုသည်မှာ သက်ရှိသက်မဲ့၊ ရွှေ့ပြောင်းနိုင်သောပစ္စည်း သို့မဟုတ် မရွှေ့ပြောင်းနိုင်သောပစ္စည်းအားလုံးကိုဆိုသည်။ ယင်းစကားရပ်တွင် ယင်းပစ္စည်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်များလည်း ပါဝင်သည်။

(ဂ) **လောင်းကစားအိမ်** ဆိုသည်မှာ လောင်းကစားခြင်းပြုလုပ်သည့် အိမ်၊ အဆောက်အအုံ၊ ကာရံထားသော နေရာ၊ ဝင်း၊ ခြံ၊ အခန်း၊ ယာဉ်တစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် သက်ဆိုင်ရာ၏ခွင့်ပြုချက်ဖြင့်ဖွင့်လှစ်သော ကာစီနိုရုံများ မပါဝင်။

(ဃ) **လောင်းကစားကိရိယာ** ဆိုသည်မှာ လောင်းကစားခြင်းပြုလုပ်ရာ၌ အသုံးပြုသော ဖဲ၊ အန်စာ၊ မာကျောက်၊ တိုကင်၊ ဒင်္ဂါး၊ ဇယ်ပြား၊ ကစားခုံ၊ ကစားခွက်၊ ဇယားကားချပ်၊ သေတ္တာ၊ ပုံစံ၊ လက်မှတ်၊ စာရင်း၊ အီလက်ထရွန်နစ်ပစ္စည်းများနှင့် အီလက်ထရွန်နစ်ဆက်သွယ်ရေးနည်းပညာသုံးကိရိယာများကိုဆိုသည်။ ယင်းစကားရပ်တွင် လောင်းကစားခြင်းအတွက် ကြံစည်ပြုလုပ်ထားသော သို့မဟုတ် အသုံးပြုနိုင်သော အခြားအရာများနှင့် လောင်းကစားခြင်း၌ အသုံးပြုသော တိရစ္ဆာန်၊ ယာဉ်တို့လည်း ပါဝင်သည်။

(င) **အများပြည်သူနှင့်ဆိုင်သောနေရာ** ဆိုသည်မှာ မည်သူမဆို ဝင်ထွက်သွားလာနိုင်သောလမ်း သို့မဟုတ် နေရာကို ဆိုသည်။

(စ) **မြို့နယ်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး၏ တာဝန်များကို ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းကို ဆိုသည်။

(ဆ) **မြို့နယ်ရဲတပ်ဖွဲ့မှူး** ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ တာဝန်များကို ထမ်းဆောင်နေသော ရဲအရာရှိကိုဆို သည်။

(ဇ) **စခန်းမှူး** ဆိုသည်မှာ သက်ဆိုင်ရာ ရဲစခန်းနယ်မြေအတွင်း ရဲစခန်းမှူးတာဝန်ထမ်းဆောင်နေသူကို ဆိုသည်။

(ဈ) **အီလက်ထရွန်နစ်ထီလုပ်ငန်း** ဆိုသည်မှာ အီလက်ထရွန်နစ် အချက်အလက် အပြန်အလှန် ပို့ဆောင်သည့် အီးဒီအိုင်စနစ် (Electronic Data Interchange)၊ အီးမေးလ်၊ အက်စ်အမ် အက်စ်စနစ် (Short Message System)၊ တယ်လီကော်ပီ (Telecopy) တို့အပါအဝင် အီလက်ထရွန်နစ်နည်းဖြင့် ဖြစ်စေ၊ အလားတူ အခြားနည်းပညာတစ်ရပ်ရပ်ဖြင့် ဖြစ်စေ အသုံးပြု၍ ထီလက်မှတ်ရောင်းချခြင်းလုပ်ငန်းကို ဆိုသည်။

**အခန်း (၂)**
**အများပြည်သူနှင့်ဆိုင်သောနေရာတွင် လောင်းကစားခြင်းကို ဝရမ်းမပါဘဲဖမ်းဆီးခြင်း**

၃။ (က) မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တစ်ဦးဦးသည် အများပြည်သူနှင့်ဆိုင်သောနေရာတွင် အောက်ပါ ပုဂ္ဂိုလ်တစ်ဦးဦးကိုတွေ့ရှိလျှင် ထိုသူအား လုပ်ထုံး လုပ်နည်းများနှင့်အညီ ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်-

(၁) လောင်းကစားခြင်းပြုလုပ်ရန် လောင်းကြေးတောင်းခံ စုဆောင်းသူ၊

(၂) လောင်းကစားသူ၊ လောင်းကစားရန် အားပေးကူညီသူ၊ လူစုသူ၊ လှုံ့ဆော်သူ၊

(၃) မည်သည့်အားကစားပွဲ သို့မဟုတ် လေ့ကျင့်ပွဲတစ်ခုခု၌မဆို လောင်းကစားသူ သို့မဟုတ် လောင်းကစားရန် တစ်နည်းနည်းဖြင့် အားပေးကူညီသူ၊ လူစုသူ၊ လှုံ့ဆော်သူ။

(ခ) ပုဒ်မခွဲ (က) အရ အရေးယူဆောင်ရွက်သူတစ်ဦးဦးသည် ဖမ်းဆီးသည့်နေရာတွင် ဖြစ်စေ၊ ဖမ်းဆီးခံရသူများ၏ ကိုယ်ပေါ်တွင်ဖြစ်စေတွေ့ရှိသော လောင်းကစားကိရိယာများနှင့် ငွေကြေးအားလုံးကို လုပ်ထုံးလုပ်နည်းများနှင့်အညီ သိမ်းဆည်းရမည်။

**အခန်း (၃)**
**လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးခြင်း**

၄။ (က) မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် သက်ဆိုင်ရာ စခန်းမှူးသည် သက်ဆိုင်ရာ မြို့နယ်အတွင်း လောင်းကစားအိမ်တွင် လောင်းကစားနေကြောင်း ယုံကြည်လောက်သော သတင်းရလျှင် သို့မဟုတ် ယုံကြည်ရန် အခြားလုံလောက်သော အကြောင်းအချက်များရှိလျှင် ထိုသတင်း သို့မဟုတ် အကြောင်းအချက်များကိုရေးမှတ်ပြီး မိမိကိုယ်တိုင် ထိုလောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးနိုင်သည်။

(ခ) မြို့နယ်အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာမြို့နယ်မှ ဒုတိယရဲအုပ်အဆင့်အောက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးအားလည်းကောင်း၊ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) အောက်မနိမ့်သော နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးအားလည်းကောင်း ဝရမ်းထုတ်ပေး၍ လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးစေနိုင်သည်။

(ဂ) မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ၎င်းအား တိုက်ရိုက် ကြီးကြပ်ကွပ်ကဲသော ရဲအရာရှိတစ်ဦးဦးသည် ဒုတိယရဲအုပ်အဆင့်အောက် မနိမ့်သော ရဲအရာရှိတစ်ဦးဦးအား ဝရမ်းထုတ်ပေး၍ လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးစေနိုင်သည်။

၅။ (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ကျေးရွာတာဝန်ခံ သို့မဟုတ် ရာအိမ်မှူး သို့မဟုတ် ဆယ်အိမ်မှူး တစ်ဦးဦးအပါအဝင် အနည်းဆုံးနှစ်ဦးပါဝင်လျက် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း လောင်းကစားအိမ်တွင် လောင်းကစားနေကြောင်း ယုံကြည်လောက်သော သတင်းရလျှင် သို့မဟုတ် ယုံကြည်ရန် အခြားလုံလောက်သောအကြောင်းအချက်များရှိလျှင် ထိုသတင်း သို့မဟုတ် အကြောင်းအချက်များကို ရေးမှတ်ပြီး မိမိကိုယ်တိုင် ထိုလောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေ ဖမ်းဆီးနိုင်သည်။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ဒုတိယရဲအုပ် အဆင့်အောက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးအားလည်းကောင်း၊ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရှိ ကျေးရွာတာဝန်ခံ သို့မဟုတ် ရာအိမ်မှူး သို့မဟုတ် ဆယ်အိမ်မှူးပါဝင်သောအဖွဲ့အားလည်းကောင်း၊ ဝရမ်းထုတ်ပေး၍ လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးစေနိုင်သည်။

၆။ (က) ပုဒ်မ ၄ အရဖြစ်စေ၊ ပုဒ်မ ၅ အရဖြစ်စေ ဝရမ်းထုတ်ပေးနိုင်ခွင့်ရှိသူ သို့မဟုတ် ဝရမ်းဖြင့် တာဝန်ပေးအပ်ခြင်းခံရသူသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(၁) ဝရမ်းထုတ်ပေးနိုင်ခွင့်ရှိသူဖြစ်ပါက သတင်းရရှိပြီးနောက် ဖြစ်စေ၊ ဝရမ်းဖြင့် တာဝန်ပေးအပ်ခြင်းခံရသူဖြစ်ပါက ဝရမ်းထုတ်ပေးသောနေ့မှ (၁၄) ရက်အတွင်းဖြစ်စေ လိုအပ်သည့် အကူအညီများနှင့် လောင်းကစားအိမ်သို့ လိုအပ်လျှင် မည်သည့်နည်းဖြင့်မဆို အချိန်မရွေးဝင်ရောက်နိုင်ခွင့်၊

(၂) လောင်းကစားအိမ်တွင် လောင်းကစားနေသူများ၊ ရောက်ရှိနေသူများနှင့် အားပေးကူညီသူများအား ဖမ်းဆီးနိုင်ခွင့်၊

(၃) လောင်းကစားအိမ်တွင် တွေ့ရှိသော လောင်းကစားကိရိယာနှင့် လောင်းကစားရာ၌ အသုံးပြုသော သို့မဟုတ် အသုံးပြုမည်ဟု ယုံကြည်ရန်ရှိသော ငွေကြေးနှင့် ပစ္စည်းကို သိမ်းဆည်းနိုင်ခွင့်၊

(၄) လောင်းကစားအိမ်တွင် လောင်းကစားကိရိယာတစ်ခုခုကို လျှို့ဝှက်ထားကြောင်း ယုံကြည်ရန်အကြောင်းရှိလျှင် အဆိုပါ လောင်းကစားအိမ်၏နေရာအနှံ့အပြားနှင့် ဖမ်းဆီးထားသူများ၏ ကိုယ်တွင် ရှာဖွေ၍ တွေ့ရှိသမျှသော လောင်းကစားကိရိယာအားလုံးကို သိမ်းဆည်းနိုင်ခွင့်။

(ခ) ပုဒ်မ ၄ အရဖြစ်စေ၊ ပုဒ်မ ၅ အရ ဖြစ်စေ -

(၁) သတင်း သို့မဟုတ် အခြားယုံကြည်လောက်သောအကြောင်းအချက်များကို ရေးမှတ်သူသည် သတင်းပေးသူ၏အမည်ကို လိုအပ်မှသာ ဖော်ပြရေးသားရမည်။

(၂) ရှာဖွေသည့်အခါတိုင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရှာဖွေရမည်။

(၃) လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးသူသည် ဖမ်းဆီးရမိသူများ၊ သိမ်းဆည်းရရှိသည့် ပစ္စည်းများကို ရဲစခန်းသို့လွှဲအပ်ရမည်။

(၄) ဆောင်ရွက်သူသည် မည်သူ့ကိုမျှ ဖမ်းဆီးရမိခြင်းမရှိလျှင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း (၄)**
**တားမြစ်ချက်များ**

၇။ မည်သူမျှ အများပြည်သူနှင့်ဆိုင်သောနေရာတွင် -

(က) လောင်းကစားခြင်းပြုလုပ်ရန် လောင်းကြေးတောင်းခံစုဆောင်းခြင်း မပြုရ။

(ခ) လောင်းကစားခြင်း၊ လောင်းကစားရန် အားပေးကူညီခြင်း၊ လူစုခြင်း၊ လှုံ့ဆော်ခြင်း မပြုရ။

(ဂ) မည်သည့် အားကစားပွဲ သို့မဟုတ် လေ့ကျင့်ပွဲ၌မဆို လောင်းကစားခြင်း၊ လောင်းကစားရန် တစ်နည်းနည်းဖြင့် အားပေးကူညီခြင်း၊ လူစုခြင်း၊ လှုံ့ဆော်ခြင်းမပြုရ။

၈။ မည်သူမျှ လောင်းကစားအိမ်တွင် -

(က) လောင်းကစားခြင်းမပြုရ။

(ခ) ရောက်ရှိနေခြင်း မရှိစေရ။

၉။ မည်သူမျှ -

(က) လောင်းကစားအိမ်ဖွင့်လှစ်ခြင်း သို့မဟုတ် တည်ထောင်ခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်း သို့မဟုတ် ထိုသို့ဆောင်ရွက်ခြင်းကို တစ်နည်းနည်းဖြင့် အားပေးကူညီခြင်းမပြုရ။

(ခ) လက်ဝယ်ရှိသော သို့မဟုတ် အသုံးပြုခွင့်ရသော အိမ်၊ အဆောက်အအုံ၊ ကာရံထားသောနေရာ၊ ဝင်း၊ ခြံ၊ အခန်း၊ ယာဉ်တစ်ခုခုကို လောင်းကစားအိမ်အဖြစ် ဖွင့်လှစ်ရန် သို့မဟုတ် တည်ထောင်ရန် သို့မဟုတ် အသုံးပြုရန် ခွင့်မပြုရ။

*(ဆက်လက်ဖော်ပြပါမည်)*

## ကန္ဒာဟောဝန်ပန်းခြံ၌ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်တုထားရှိရန် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်

**လွိုင်ကော် ဇွန် ၉**

ကယားပြည်နယ် လွိုင်ကော်မြို့၏အထင်ကရ ကန္ဒာဟောဝန်ပန်းခြံအတွင်း ကယားပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်ဗိုလ်ချုပ်မြင်းစီးကြေးရုပ်တုထားရှိနိုင်ရန် မေ ၁၅ရက်မှ စတင်၍ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကန္ဒာဟောဝန်ပန်းခြံအတွင်းထားရှိမည့် ဗိုလ်ချုပ်မြင်းစီးကြေးရုပ်တုသည် ကြေးပိဿာချိန် ၁၀၀၀ ဖြင့် သွန်းလုပ်ပြီး အမြင့် ၁၅ ပေရှိမည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်တုထားရှိနိုင်ရန် အမြင့် ၁၀ ပေ၊ ထိပ်ဝအလျား ၁၅ပေ၊ အနံခြောက်ပေရှိ အောက်ခံခုံ၊ ပေ ၅၀ ပတ်လည်အကျယ်၊ အမြင့်သုံးပေရှိရင်ပြင်၊ အလျားပေ ၇၀၊ အနံပေ ၅၀၊ အမြင့်ကိုးလက်မရှိ ရင်ပြင်ရှေ့အဝင်လမ်းမနှင့် အရှည်ပေ ၂၂၀၊ အကျယ် ၁၈ပေ၊ အမြင့်တစ်ပေရှိ ကျောက်သားရင်ပြင်သို့ အဝင်လမ်းတို့ကို တည်ဆောက်လျက်ရှိပြီး ဇူလိုင် ၁၉ ရက် (အာဇာနည်နေ့) တွင် ရုပ်တုဖွင့်ပွဲကျင်းပနိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြို့နယ် လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးသောင်းမြင့်ထံမှ သိရသည်။

"လွိုင်ကော်မြို့မှာ ဗိုလ်ချုပ်ရုပ်တုမရှိသေးပါဘူး၊ အခုလို ပြည်နယ်အစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်တာ ကောင်းပါတယ်၊ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ ရုပ်တုတွေကိုတည်ဆောက်ထားရှိခြင်းအားဖြင့် ကြည့်မြင်ရသူတို့အဖို့ မြင့်မြတ်တဲ့စိတ်တွေ ခါတ်ကူးပြီး မြင့်မြတ်တဲ့ပုဂ္ဂိုလ်တွေလိုပဲ အများအကျိုးကိုယ်ကျိုးစွန့်ဆောင်ရွက်တဲ့ လူတော်လူကောင်းတွေဖြစ်လာနိုင်ပါတယ်၊ ဗိုလ်ချုပ်ရုပ်တုအပြင် နယ်ပယ်ပေါင်းစုံက ထူးချွန်ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေရဲ့ ရုပ်တုတွေ၊ ပြည်နယ်ဂုဏ်ဆောင်ပုဂ္ဂိုလ်တွေရဲ့ ရုပ်တုတွေလည်းထားရှိနိုင်ရင် ကောင်းပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ကန္ဒာဟောဝန်ပန်းခြံသည် လွိုင်ကော်မြို့ရှိ ထင်ရှားသော ပန်းခြံတစ်ခုဖြစ်ပြီး အဆိုပါပန်းခြံအတွင်း လွတ်လပ်ရေးကျောက်တိုင်၊ အထိမ်းအမှတ်ပွဲတော်များကျင်းပရာ ရင်ပြင်၊ စင်မြင့်နှင့်ပြည်နယ်ခန်းမကြီးတို့ကိုလည်း တည်ဆောက်ထားပြီးဖြစ်ကြောင်းသိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**



# အစ္စရေးနိုင်ငံအစိုးရအဖွဲ့က UEHRD ၏ CITF သို့ ရေသန့်စင်စက်နှင့် နည်းပညာလှူဒါန်း

**ရန်ကုန် ဇွန် ၉**

အစ္စရေးနိုင်ငံအစိုးရအဖွဲ့က ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ၏ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အဦတည်ဆောက်ရေးလုပ်ငန်းအဖွဲ့ (CITF) သို့ ရေသန့်စင်စက်နှင့် နည်းပညာလှူဒါန်းပွဲ အခမ်းအနားကို ယနေ့ ည ၇ နာရီက ရန်ကုန်မြို့ရှိ SKY STAR ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး ဒန်နီရယ်ဇွန်ရှိုင်းက လှူဒါန်းမှုနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က အမှာစကားပြောကြားပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ရခိုင်ပြည်နယ် ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးပုန်ဘွေ၊ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အဦ တည်ဆောက်ရေးလုပ်ငန်း အဖွဲ့ (CITF) ခေါင်းဆောင် ဦးကျော်ဝင်းတို့က ကျေးဇူးတင်စကားများ ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးက ရေသန့်စင်စက်




လေးလုံးကို လွှဲပြောင်းပေးအပ်ရာ UEHRD ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်က လက်ခံရယူပြီး (**အပေါ်ပုံ**) ဆောက်လုပ်ရေးနှင့် အခြေခံအဆောက် အဦတည်ဆောက်ရေးလုပ်ငန်းအဖွဲ့ (CITF) သို့ လွှဲပြောင်းပေးအပ်သည်။

လှူဒါန်းမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး ဒန်နီရယ်ဇွန်ရှိုင်းက "ရခိုင်ပြည်နယ်မှာရှိတဲ့ ပြည်သူတွေ သောက်ရေသန့်ရရှိဖို့ အခုလို လှူဒါန်း ရခြင်းပဲဖြစ်ပါတယ်၊ ဒီရေသန့်စက်တွေဟာ အရွယ်အစားသေးငယ်ပြီး အသုံးပြုရတာ လည်း လွယ်ကူပါတယ်၊ လျှပ်စစ်လည်း မလိုပါဘူး၊ တစ်ဖက်ကနေ ရေထည့်လိုက်ရင် စက်ထဲကို ကျော်ဖြတ်ပြီး အခြားတစ်ဖက်က ရေသန့် ပြန်ထွက်လာတာမျိုးပဲ ဖြစ်ပါတယ်၊ လူရဲ့ လက်အားကို အသုံးပြုပြီး လုပ်ဆောင်ရတဲ့ စက်မျိုးပါ၊ နောက်ထပ်လည်း ဆက်လက်ပြီး လှူဒါန်းသွားဖို့ ရှိပါတယ်၊ အခုလို လှူဒါန်းတာမျိုးတွေအပြင် ကျွန်တော်တို့ အနေနဲ့ မြန်မာနိုင်ငံကို ပညာရေး၊ စိုက်ပျိုးရေးကဏ္ဍတွေမှာလည်း အကူအညီတွေ ပေးသွားဖို့ရှိပါတယ်" ဟု ပြောကြားသည်။

ယနေ့လှူဒါန်းမှုတွင် တစ်နာရီလျှင် ရေသန့် ၅၀၀ လီတာနှုန်းထွက်ရှိနိုင်သည့် ရေသန့်စင်စက် လေးလုံး လှူဒါန်းခြင်းဖြစ်ပြီး အဆိုပါ ရေသန့်စင်စက်များကို ရခိုင် ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မည်သည့်အကြောင်းနှင့်မျှ မော်တော်ယာဉ် တင်သွင်းခြင်း မရှိသည့်အပြင် နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရသည့် ဖြစ်စဉ်လည်းမရှိ

**နေပြည်တော် ဇွန် ၉**

ဇွန် ၇ ရက်ထုတ် မြန်မာတိုင်းမ်နေ့စဉ် အတွဲ (၂)၊ အမှတ် (၁၄၁) တွင် ဖော်ပြခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းလာသော မော်တော်ယာဉ်များ စည်းမျဉ်းနှင့် မကိုက်၍ ခွင့်မပြုဆိုသည့် သတင်းဖော်ပြချက်သည် မှားယွင်းနေသည့်အတွက် ဇွန် ၉ ရက်ထုတ် မြန်မာတိုင်းမ်နေ့စဉ် အတွဲ(၂)၊ အမှတ် (၁၄၃) တွင် ပြန်ကြားရေး ဝန်ကြီးဌာန ကားတင်သွင်းခြင်းမရှိသလို တင်သွင်းကားကို ဖမ်းဆီးပြီး နိုင်ငံ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းခံရသည့် ဖြစ်စဉ်မရှိဟူသော ခေါင်းစဉ်ဖြင့် သတင်းအမှန်ပြန်လည် ရေးသားဖော်ပြခဲ့သည်။

"သတင်းမှားယွင်းမှုနဲ့ ပတ်သက်ပြီး စီးပွားကူးသန်းက အမြဲတမ်းအတွင်းဝန် အပါအဝင် ဌာနဆိုင်ရာတွေကို ပြန်ကြားရေးဝန်ကြီးဌာနက မေးမြန်းထားပြီးသား ဖြစ်ပါတယ်၊ မေးမြန်းထားတဲ့အခါမှာ ဖော်ပြထားတဲ့ သတင်းမျိုး မပြောခဲ့ကြောင်းနဲ့ ဖြစ်စဉ်လည်းမရှိကြောင်း ပြောပါတယ်၊ ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းလာတဲ့ ကားကို ဖမ်းပြီး နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားတဲ့ဖြစ်စဉ် မရှိပါဘူး၊ ပြန်ကြားရေး ဝန်ကြီးဌာနကနေ ကားတင်သွင်းဖို့အတွက် တင်ပြထားတာလည်း မရှိပါဘူး" ဟု ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ရှင်းလင်းပြော ကြားကြောင်းလည်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

### ကားတင်သွင်းတာမရှိ

"မြန်မာတိုင်းမ်နေ့စဉ်အနေနဲ့လည်း ယနေ့ပဲ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့် ကို မေးမြန်းထားတာကို သိရပါတယ်၊ သူပြောထားတဲ့အတိုင်းပါပဲ၊ ပြန်ကြားရေးအနေနဲ့ ကားတင်သွင်းတာမရှိပါဘူး၊ ပုဂ္ဂလိက ကုမ္ပဏီတစ်ခုကနေ ကားတင်သွင်းခွင့် လိုင်စင် လျှောက်ထားတဲ့အခါမှာ သူတို့ဖော်ပြတဲ့အခါမှာ ရွှေလျားစာကြည့်တိုက်ကို လှူဖို့ဆိုပြီး ဖော်ပြလာပါတယ်၊ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ရွှေလျားစာကြည့်တိုက် မဟုတ်ပါဘူး၊ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ဆက်စပ်နေတဲ့အတွက် ပြန်ကြားရေးဝန်ကြီးဌာန ရွှေလျား စာကြည့်တိုက်တွေကို လှူဒါန်းလာတဲ့အပေါ်မှာ သူတို့ခွင့်မပြုတဲ့ ကားအမျိုးအစား ဖြစ်နေတဲ့အတွက် တင်သွင်းဖို့ ခွင့်မပြုခြင်းဘဲ ပြောခြင်းဖြစ်ပါတယ်၊ ဒီကားတွေ နယ်စပ်မှာ ရောက်ပြီး ဖမ်းဆီးသိမ်းဆည်းထားတာဆိုတာလည်း မဟုတ်ပါဘူး" ဟု အမြဲတမ်းအတွင်းဝန်၏ ရှင်းလင်းချက်ကို ဖော်ပြထားသည်။

### သက်ဆိုင်မှုမရှိ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်မှုမရှိကြောင်းကို စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူက ရှင်းလင်းပြောကြားချက်နှင့် စပ်လျဉ်းပြီး မော်တော်ယာဉ် တင်သွင်းသည့် ပုဂ္ဂလိက ကုမ္ပဏီတစ်ခုက ပြန်ကြားရေးဝန်ကြီးဌာနသို့ လှူဒါန်းရန်အတွက် လာရောက်လျှောက်ထားခဲ့ခြင်းသာဖြစ်ပြီး လာရောက်လျှောက် ထားမှုမှာ သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသဖြင့် တင်သွင်းရန် ခွင့်မပြုခြင်းဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အဆိုပါသတင်းဖော်ပြချက်နှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန်က "ဇွန်လ ၇ ရက်ထုတ် မြန်မာတိုင်းမ် နေ့စဉ်သတင်းစာမှာ သတင်း ထောက် နိုင်အောင် ရေးတဲ့ ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းတဲ့ မော်တော်ယာဉ် တွေဟာ စည်းမျဉ်းနဲ့ မကိုက်ညီတဲ့အတွက် ခွင့်မပြုဘူးဆိုပြီးတော့ သတင်းစာ ကျောဖုံး မှာ ဖော်ပြခဲ့ပါတယ်။

"ဒီသတင်းဟာ လုံးဝမှားယွင်းနေပါတယ်၊ ဒီသတင်းကို ဖတ်ပြီး လူတိုင်းက ဘယ်လို တွေးမလဲဆိုတော့ ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းတဲ့ ကားတွေက စည်းမျဉ်းနဲ့ မကိုက်ညီဘူး၊ ဒီအတွက် နိုင်ငံပိုင်အဖြစ် သိမ်းဆည်းတယ်လို့ ထင်သွားစရာ ရှိပါတယ်၊ အဲဒီသတင်းမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တာဝန်ရှိသူ တစ်ဦးဆိုတာကိုလည်း ကိုးကားဖော်ပြထားတဲ့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနက အမြဲတမ်းအတွင်းဝန်အပါအဝင် တာဝန်ရှိသူတွေကို လှမ်းပြီးမေးမြန်းပါတယ်။

"သူတို့က ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းလာတဲ့ကားလည်း မရှိပါဘူး၊ ပြီးတော့ နိုင်ငံပိုင်အဖြစ် သိမ်းဆည်းခံရတဲ့ ဖြစ်စဉ်လည်း မရှိဘူးလို့ ပြန်လည် အကြောင်းပြန်ပါတယ်၊ ဒီလိုသိရတဲ့အတွက် ဒီသတင်းဟာ မှားယွင်းနေပါတယ်၊ ဒါကြောင့် အဖြစ်မှန်ကို ရေးသားပါဆိုပြီး မြန်မာတိုင်းမ်က သက်ဆိုင်ရာ တာဝန်ရှိသူ တွေကို ဆက်သွယ်ပြောကြားခဲ့ပါတယ်။

### အထင်လွဲမှုဖြစ်နိုင်

"ဒီသတင်းနဲ့ ပတ်သက်ပြီး ဘာကြောင့် ဖြေရှင်းရသလဲဆိုတော့ နံပါတ်တစ် အချက်က သတင်းက မှားယွင်းနေတယ်၊ သတင်းဆိုတာ တိကျရမယ်၊ မှန်ကန်ရမယ် ဆိုတဲ့ အချက်နဲ့ မကိုက်ညီပါဘူး၊ ဒီသတင်းကို ပြည်သူတွေက အမှန်လို့ ထင်လိုက်ရင် ပြန်ကြားရေးဝန်ကြီးဌာနက စည်းမျဉ်းနဲ့ မကိုက်ညီတာတွေ လုပ်နေတဲ့အတွက် အရေးယူခံရတယ်ဆိုပြီး ပြည်သူကြားမှာ အထင်လွဲမှုတွေ အများကြီးဖြစ်နိုင်တယ်၊ အထင်လွဲမှုတွေ၊ အမြင်မှားမှုတွေဟာ ဘယ်လောက်အထိ ဆိုးကျိုးသက်ရောက်နိုင် သလဲဆိုတာ စာဖတ်သူရဲ့တွေးမြင်မှုအပေါ်မှာ၊ အဖွဲ့အစည်းတွေရဲ့တွေးမြင်မှု အပေါ်မှာ မူတည်ပြီး သက်ရောက်မှုအားကြီးပါတယ်၊ ဒီသတင်းဟာ သတင်းမှား ဖြစ်ပါတယ်၊ သတင်းမှားကို ဖော်ပြခဲ့တဲ့ သက်ဆိုင်ရာ သတင်းစာက ပြန်လည်ပြီး ဖြေရှင်းရေးသားဖို့ လိုပါတယ်။

"နောက်တစ်ချက်က သတင်းကို ဖော်ပြတုန်းက သတင်းစာရဲ့ ကျောဖုံးမှာ ဖော်ပြထားတာဖြစ်ပါတယ်၊ သိသိသာသာ ထင်ထင်ရှားရှား ဖော်ပြထားတယ်၊ ဒါပေမယ့် ပြန်လည်ဖော်ပြတဲ့အခါမှာတော့ အတွင်းစာမျက်နှာမှာ ဖော်ပြထားတယ်၊ သတင်း မီဒီယာကျင့်ဝတ်အရ အမှားပြင်ဆင်မှုကို သက်ဆိုင်ရာ စာမျက်နှာနေရာနဲ့ အနီးစပ်ဆုံးနေရာမှာ ပြင်ဆင်ပေးရပါမယ်၊ တချို့ဆိုရင် ဒီစာမျက်နှာမှာ မှားတယ် ဆိုရင် ဒီစာမျက်နှာပဲ ပြင်ဆင်ချက် ထည့်ပေးပါတယ်၊ ဖော်ပြခဲ့တဲ့ အတိုင်းအတာနဲ့ လိုက်လျောညီထွေဖြစ်အောင် ဖော်ပြကြပါတယ်၊ ဒါတစ်ခုလည်း ပြောစရာ ရှိပါတယ်။

### ဘယ်ယာဉ်မှ မတင်သွင်း

"ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို အဓိက အကောင်အထည်ဖော်နေပါတယ်၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေကို အားပေးကူညီထောက်ပံ့ပေးတယ်၊ အခု စာကြည့်တိုက်တွေရဲ့ အခန်းကဏ္ဍကို တိုးမြှင့်နေတယ်၊ တိုးမြှင့်တဲ့နေရာမှာ အစိုးရတစ်ခုတည်းနဲ့ မရဘူး၊ စာကြည့်တိုက်နဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းတွေ၊ အသင်းအဖွဲ့တွေ၊ ဖောင်ဒေးရှင်းတွေ အားလုံးနဲ့ ပူးပေါင်းရတယ်၊ ရွှေ့လျားစာကြည့်တိုက်နဲ့ ပတ်သက်တာတွေကိုလည်း ဆောင်ရွက်နေတယ်၊ ရွှေ့လျားစာကြည့်တိုက်တွေအတွက် သယ်ယူပို့ဆောင်မယ့် မော်တော်ယာဉ်တွေကို လှူဒါန်းကြတာရှိပါတယ်၊ စေတနာရှင် အဖွဲ့အစည်းတွေ၊ အသင်းအဖွဲ့တွေ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းစီကနေ အသင်းအဖွဲ့တွေကို လှူကြတယ်၊ ဒီလိုလှူဒါန်းကြတဲ့ နေရာမှာ အဆင်ပြေချောမွေ့အောင် တင်သွင်းခွင့်လိုင်စင်နဲ့ ပတ်သက်ပြီး လိုအပ်သလို ထောက်ခံညှိနှိုင်းပေးတာကိုတော့ ကျွန်တော်တို့ ဝန်ကြီး ဌာနက ဆောင်ရွက်ပေးပါတယ်၊ ဒါပေမယ့် ဒီသတင်းထဲမှာ ဖော်ပြခဲ့သလို ပြန်ကြား ရေးဝန်ကြီးဌာနကို လှူတဲ့ယာဉ် အဖမ်းခံရတာလည်း မဟုတ်ပါဘူး၊ ပြန်ကြားရေး ဝန်ကြီးဌာနအနေနဲ့လည်း ဘယ်ယာဉ်မှ တင်သွင်းခဲ့တာမရှိပါဘူး၊ တင်သွင်းဖို့ တင်ပြ ထားတာလည်း မရှိပါဘူး၊ သတင်းတစ်ခုကို တိကျမှန်ကန်မှု မရှိဘဲနဲ့ ရေးသားခဲ့၊ ဖော်ပြခဲ့တဲ့အတွက် သတင်းစာ ကျင့်ဝတ်အနေနဲ့ တိကျရမယ်၊ မှန်ကန်ရမယ်ဆိုတဲ့ အပေါ်မှာ လိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

**မဟန်နီ**

❑ *ရှေ့ဖုံးမှ*

နိုင်ငံတကာအဆင့်မီ ဖြန့်ချိပေးနိုင် လိမ့်မယ်လို့ အခိုင်အမာယုံကြည်ပါတယ်၊ နိုင်ငံတကာကုမ္ပဏီပေါင်း ၄၀ ကျော်နဲ့ ချိတ်ဆက် ဆောင်ရွက်သွားမှာဖြစ်တဲ့ အတွက် လုံခြုံဘေးကင်းတဲ့ အစား အသောက်နဲ့ အလှကုန်ပစ္စည်းတွေ၊ ဆေးဝါးတွေကို စနစ်တကျ ဖြန့်ချိပေး နိုင်မှာဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ်က ပြောသည်။




အဆိုပါ ရန်ကုန်ဖြန့်ချိရေးစင်တာ ကြီးသည် မင်္ဂလာဒုံမြို့နယ် ရန်ကုန် စက်မှုဇုန် အမှတ် (၃၂၄/၇) စက်မှုဇုန် (၉) လမ်း၌ တည်ရှိပြီး အကျယ်အဝန်း ၁၁ ဧကကျော်ရှိကာ ရင်းနှီးမြှုပ်နှံမှု ကျပ်ငွေ ၁၈ ဒသမ ၈ ဘီလီယံ တန်ဖိုး ရှိကြောင်း၊ စင်တာကြီး ဖွင့်လှစ်နိုင်ခြင်း ကြောင့် ဆေးဝါးဖြန့်ချိရေးကို ပိုမို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်တော့ မည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ- မြင့်မောင်စိုး**

တိုင်ကြားချက်အပေါ် စုံစမ်းစစ်ဆေးချက်အရ အဂတိလိုက်စားကြောင်း ခိုင်လုံသော အထောက်အထား တွေ့ရှိလျှင် ကော်မရှင်သည် ဘက်လိုက်ခြင်း ကင်းစွာဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်။



# Alpine Cup 2018 ပြိုင်ပွဲအတွက် စပွန်ဆာစာချုပ်ပွဲကျင်းပ



**ရန်ကုန် ဇွန် ၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ Alpine က Title Sponsor အဖြစ် ပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် Alpine Cup 2018 ပြိုင်ပွဲအတွက် စပွန်ဆာစာချုပ် ချုပ်ဆိုပွဲနှင့် ပြိုင်ပွဲအကြို သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌနှင့် လွယ်ဟိန်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်နှင့် တာဝန်ရှိသူများ၊ လွယ်ဟိန်းကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက စပွန်ဆာစာချုပ်ကို လက်မှတ်ရေးထိုးသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌနှင့် လွယ်ဟိန်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် တာဝန်ရှိသူများ အမှတ်တရစုပေါင်း ဓာတ်ပုံရိုက်ပြီး တက်ရောက်လာသည့် မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌနှင့် လွယ်ဟိန်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက “မြန်မာ ယူ-၂၃ အသင်းအတွက် အာရှအားကစားပြိုင်ပွဲမတိုင်ခင် ကျင်းပတဲ့ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲမှာ ပံ့ပိုးကူညီခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်၊ Alpine သောက်ရေသန့်အနေနဲ့ မြန်မာဘောလုံးတိုးတက်ရေးအတွက် ပံ့ပိုးကူညီခဲ့သလို ပရော်ဖက်ရှင်နယ်စနစ်ကူးပြောင်းပြီး နောက်ပိုင်းမှာလည်း မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုရတနာပုံဘောလုံးအသင်းကို တည်ထောင်ခဲ့ပါတယ်၊ မြန်မာနိုင်ငံသားတွေ ချစ်မြတ်နိုးတဲ့ ဘောလုံးအားကစားနည်း တိုးတက်အောင်မြင်ဖို့ Alpine က ဆက်လက်ပံ့ပိုးပေးသွားမှာပါ၊ ဒီပြိုင်ပွဲအတွက် ငွေကျပ်သိန်း ၂၀၀၀ ပံ့ပိုးကူညီမှာဖြစ်ပြီး နောင်နှစ်တွေမှာလည်း ပံ့ပိုးကူညီပေးဖို့ အစီအစဉ်ရှိပါတယ်၊ ပြိုင်ပွဲဝင်အသင်းတွေကလည်း ထိပ်တန်းအဆင့်ရှိတာကြောင့် မြန်မာ ယူ-၂၃ အသင်း အနေနဲ့ အတွေ့အကြုံကောင်းတွေရပြီး တိုးတက်မှုရှိလာမယ်လို့ ယုံကြည်ပါတယ်” ဟု ပြောကြားသည်။

Alpine Cup 2018 ပြိုင်ပွဲကို ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာ ယူ-၂၃ အသင်းနှင့်အတူ တောင်ကိုရီးယား ယူ-၁၉ အသင်း၊ ဘာရိန်း ယူ-၂၃ အသင်း၊ ထိုင်း ယူ-၂၃ အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပွဲစဉ်များအဖြစ် ဩဂုတ် ၁ ရက် ညနေ ၃ နာရီတွင် ဘာရိန်း ယူ-၂၃ အသင်းနှင့် ထိုင်း ယူ-၂၃ အသင်း၊ ညနေ ၆ နာရီတွင် မြန်မာ ယူ-၂၃ အသင်းနှင့် တောင်ကိုရီးယား ယူ-၁၉ အသင်း၊ ဩဂုတ် ၃ ရက် ညနေ ၃ နာရီတွင် ထိုင်း ယူ-၂၃ အသင်းနှင့် တောင်ကိုရီးယား ယူ-၁၉ အသင်း၊ ညနေ ၆ နာရီတွင် မြန်မာ ယူ-၂၃ အသင်းနှင့် ဘာရိန်း ယူ-၂၃ အသင်း၊ ဩဂုတ် ၅ ရက် ညနေ ၃ နာရီတွင် တောင်ကိုရီးယား ယူ-၁၉ အသင်းနှင့် ဘာရိန်း ယူ-၂၃ အသင်း၊ ညနေ ၆ နာရီတွင် မြန်မာ ယူ-၂၃ အသင်းနှင့် ထိုင်း ယူ-၂၃ အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို ပတ်လည်စနစ်ဖြင့်ကျင်းပကာ အမှတ်အများဆုံးအသင်း ဗိုလ်စွဲမည်ဖြစ်ပြီး ဆုကြေးအဖြစ် ပထမဆု ဒေါ်လာ ၁၀၀၀၀၊ ဒုတိယဆု ဒေါ်လာ ၅၀၀၀ ချီးမြှင့်မည်ဖြစ်သည်။

**ရဲရင့်ရှိန်း**

# မြန်မာ ယူ-၁၉ အသင်း ခြေစမ်းပွဲတွင် မောရဝတီအသင်းကို အနိုင်ရ

**ရန်ကုန် ဇွန် ၉**

၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာယူ-၁၉ အသင်းသည် ယနေ့ နံနက်ပိုင်းက MNL-2 (ပထမတန်း) ကလပ် မောရဝတီအသင်းနှင့် သုဝဏ္ဏ လေ့ကျင့်ရေးကွင်း-၁ ၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းသည် အသင်းဖွဲ့စည်းအပြီး တတိယမြောက်ခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် MNL ကလပ်အသင်းများမှ ကစားသမားတချို့ ရွေးချယ်ထားသော်လည်း ကလပ်ပွဲရှိနေသောကြောင့် ပါဝင်ကစားနိုင်ခြင်းမရှိဘဲ ကျန်ရှိသည့် ကစားသမားများဖြင့် ယှဉ်ပြိုင်ကစားခဲ့သည်။ မောရဝတီအသင်းမှာလည်း နိုင်ငံခြားသားကစားသမားများအပါအဝင် လူစုံပါဝင်ခဲ့ပြီး အားကုန်ထုတ်ကစားခဲ့သည်။ ဂိုးအားလုံးကို ပထမပိုင်းမှာပင် သွင်းယူခဲ့ပြီး ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားပုံပျက်နေသောကြောင့် ဂိုးထပ်သွင်းနိုင်ခြင်းမရှိခဲ့ပေ။ မြန်မာ ယူ-၁၉ အသင်းအတွက် ဂိုးများကို လွှမ်းမိုးဦးက နှစ်ဂိုး၊ ထက်ဖြိုးဝေက တစ်ဂိုး သွင်းယူခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် ခြေစမ်းပွဲသုံးပွဲကစားထားပြီး မောရဝတီကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရထားကာ ဇွဲကပင်ကို သုံးဂိုး-နှစ်ဂိုး၊ ရတနာပုံကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။



မြန်မာ ယူ-၁၉ အသင်း၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို မောရဝတီဂိုးသမား ကာကွယ်နေစဉ်။ ဓာတ်ပုံ-စိုးညွှန့်

**ညီမြတ်သော်တာ**

❖ *ကျော့ဖုံးမှ*

Model Physique အမျိုးသမီး ၁၆၀ စင်တီမီတာအောက် ဝင်ရောက်ယှဉ်ပြိုင်သူ ခြောက်ဦးနှင့် ၁၆၀ စင်တီမီတာနှင့်အထက် ဝင်ရောက်ယှဉ်ပြိုင်သူ ငါးဦးတို့မှ အပြည်ပြည်ဆိုင်ရာ ကိုယ်ဟန်ပြကွက် လေးမျိုးဖြင့် အသီးသီးဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပဏာမလူရွေးချယ်ပြိုင်ပွဲများအပြီးတွင် ပြိုင်ပွဲ၏ အမြင့်ဆုံး အလွတ်တန်းကာယဗလမောင်ပြိုင်ပွဲ၌ အောင်ခိုင်ဝင်းက ကိုယ်အလေး ချိန် ၇၇ ဒသမ ၁ ကီလိုဝိတ်တန်းဖြင့် ပထမဆု ဆွတ်ခူးရရှိခဲ့ပြီး ဆုငွေကျပ် သုံးသိန်းအား ဆွတ်ခူးရရှိခဲ့သည်။ အမျိုးသမီး အမြင့်ဆုံး Model Physique ၁၆၀ စင်တီမီတာအထက်ပြိုင်ပွဲတွင် ကာယအလှမယ် ဆုပြည့်သင်းသင်းက အလေးချိန် ၁၀၇ ကီလိုဖြင့် ပထမဆုရရှိကာ ငွေကျပ်သုံးသိန်းအား ဆွတ်ခူးနိုင်ခဲ့သည်။ ထပ်မံ၍ Model Physique အမျိုးသမီး ၁၆၀ စင်တီမီတာအောက်ပြိုင်ပွဲတွင် ခါးနံပါတ် ၆ ကြည်ပြာဖုန်းက ကိုယ်အလေးချိန် ၁၀၃ ကီလိုဖြင့် ပထမဆုရရှိကာ ဆုငွေကျပ်သုံးသိန်း ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

“အခုလိုပြိုင်ပွဲမှာပထမဆုရရှိတဲ့အတွက် အလွန်ကိုဝမ်းသာမိပါတယ်၊ ညီငယ်တွေကိုပြောလိုတာကတော့ ကာယဗလကိုစိတ်ဝင်စားလို့ သေသေချာချာရွေးချယ်ပြီးပြီဆိုရင်တော့ သေသေချာချာ စနစ်တကျ လေ့ကျင့်စေလိုပါတယ်၊ မသိတာတွေ နားမလည်တာတွေကိုလည်း သေသေချာချာ လေ့လာဖို့လိုတယ်၊ နေ့ရှိသရွေ့ ကိုယ်ရွေးချယ်ထားတဲ့ အားကစားကို ဘယ်လိုတိုးတက်အောင် လုပ်မလဲဆိုတာကို စိတ်ထဲမှာစဉ်းနေဖို့လည်း လိုပါတယ်”ဟု ကာယဗလမောင် (အလွတ်တန်း)ပထမဆုရ အောင်ခိုင်ဝင်းက ပြောသည်။



ကာယဗလမောင်ဆုရ အောင်ခိုင်ဝင်း

သက်ကြီးတန်း ကာယဗလမောင်ပြိုင်ပွဲတွင် ခါးနံပါတ် ၂ ဦးဝင်းတင်က ပထမဆုရရှိကာ ဆုငွေကျပ် သုံးသိန်း ဆွတ်ခူးနိုင်ခဲ့ပြီး အငယ်တန်း ကာယဗလမောင်ပြိုင်ပွဲတွင် ခါးနံပတ် ၂၈ မျိုးစိုင်းဦးက ကိုယ်အလေးချိန် ၆၃ ဒသမ ၆ ကီလိုဖြင့် ပထမဆုရရှိကာ ဆုငွေကျပ်သုံးသိန်းအား အသီးသီးဆွတ်ခူးနိုင်ခဲ့ကြသည်။ ပထမဆုရရှိကြသူများအပါအဝင် ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုရရှိကြသူများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကာယာဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အမှတ်တရစုပေါင်း မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။

ပြိုင်ပွဲအလိုက် ဒုတိယဆုကို ဆုငွေကျပ် နှစ်သိန်း၊ တတိယဆု ငွေကျပ်တစ်သိန်းနှင့် စတုတ္ထဆုနှင့် ပဉ္စမဆုကို ငွေကျပ်ငါးသောင်းစီ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကြီးကို မြန်မာနိုင်ငံ ကာယာဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်နှင့် Myanmar Bodybuilding and Physique Sports Federation နှင့် ပါတနာကုမ္ပဏီများပူးပေါင်းကာ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မြင့်မောင်**

▼ *ကျော့ဖုံးမှ*

တိုက်စစ်အားမြှင့်လာပြီး မိနစ် ၆၀ တွင် ဖရိုင်းဒေးက စစ်ကိုင်းအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ စစ်ကိုင်းအသင်း၏ ဦးဆောင်ဂိုးမှာ နှစ်မိနစ်သာ ကြာခဲ့ပြီး ၆၂ မိနစ်တွင် ဇော်လင်းက GFA အတွက် ခြေပဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာပြိုင်ဆိုင်မှု ပိုမိုပြင်းထန်လာပြီး ၇၆ မိနစ်တွင် ဖရိုင်းဒေးက စစ်ကိုင်းအတွက် ဒုတိယအကြိမ် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ စစ်ကိုင်းအသင်းသည် ယခုအကြိမ်တွင်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်ဘဲ ချေပဂိုးပြန်ပေးခဲ့ရသည်။ GFA အသင်းအတွက် ချေပဂိုးကို ၇၉ မိနစ်တွင် မန်ထိပ်ပေါင်က သွင်းယူခဲ့သည်။

ဒုတိယနေ့ကို ဇွန် ၁၀ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မန္တလာသီရိကွင်း၌ ရတနာပုံနှင့်ရှမ်းယူနိုက်တက်၊အောင်ဆန်းကွင်း၌ ရန်ကုန်နှင့် ရောဝတီ၊ ပဲခူးကွင်း၌ ဟံသာဝတီနှင့် မကွေး၊ သုဝဏ္ဏကွင်း၌ မြဝတီနှင့် Southern၊ ဝေသာလီကွင်း၌ ရခိုင်နှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

✪ *ကျော့ဖုံးမှ*

တင်မင်းအောင်(ပဲခူး)က အောင်နိုင်ဦး (မွန်)ကို ပထမအချီ ၂ မိနစ် ဝ၃ စက္ကန့်တွင် အလဲထိုးအနိုင်ရခဲ့သဖြင့် ရွှေတံဆိပ်ကို ခန့်မောင် (မန္တလေး)နှင့် တင်မင်းအောင်(ပဲခူး)တို့ လုကြရမည်ဖြစ်သည်။

တစ်ဖန် လူသစ်တန်း ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ကျော်ဇော်ယျ (မွန်)က နေလင်း(ဧရာဝတီ)ကို အမှတ်ဖြင့် အနိုင်ရခဲ့ပြီး ရွှေဘ(ပဲခူး)က ရဲရင့်နိုင်(မန္တလေး)ကို ပထမအချီ ၂မိနစ် ၄၂ စက္ကန့်တွင် အလဲထိုးဖြင့် နိုင်ခဲ့သည်။ (ဂ) အဆင့် ၆၀ ကီလိုတန်းပြိုင်ပွဲတွင် စောအက်စီ(ကရင်)က ကိုကိုထူး(မွန်)ကို ပထမအချီ ၁ မိနစ် ၃၅ စက္ကန့်တွင် အလဲထိုးအနိုင်ရခဲ့ပြီး ဝေလင်းအောင် (စစ်ကိုင်း)က ဝေယံစိုး(ကချင်)ကို ပထမအချီ ၅၉ စက္ကန့်တွင် အလဲထိုးနိုင်ခဲ့သဖြင့် ဗိုလ်လုပွဲတွင် စောအက်စီနှင့် ဝေလင်းအောင်တို့ ထိပ်တိုက်တွေ့ဆုံကြမည်ဖြစ်သည်။ (ဂ) အဆင့် ၆၃ ဒသမ ၅ ကီလိုတန်းတွင် စောဂေါ်ထူး(မန္တလေး) က ဟန်တင်(ကချင်)ကို ပထမအချီ ၁ မိနစ် ဝ၅ စက္ကန့်တွင် အလဲထိုးနိုင်ခဲ့ပြီး စောလှမင်း(ကရင်) က ထီးဆိုင်(မွန်)ကို ဒုတိယအချီ ၁ မိနစ် ၅၀ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရခဲ့သည်။

ဆက်လက်ပြီး (ဂ)အဆင့် ၆၇ ကီလိုတန်းပြိုင်ပွဲတွင် အောင်မင်းသူ(ကရင်)က မျိုးကျော်ထွန်း(စစ်ကိုင်း)ကို ပထမအချီ ၃၈ စက္ကန့်မှာပင် အလဲထိုးဖြင့် အနိုင်ရခဲ့ပြီး အောင်ခိုင်စိုး (မွန်)က မြတ်မင်း(ရန်ကုန်)ကို အမှတ်ဖြင့် အနိုင်ရခဲ့သည်။ ထို့အတူ (ဂ) အဆင့် ၇၁ ကီလိုတန်းပြိုင်ပွဲတွင် နိုင်ရဲလင်း(မွန်) က ထက်အာကာနိုင်(ကရင်)ကို ပထမအချီ ၂ မိနစ် ၁၂ စက္ကန့်တွင် အလဲထိုးဖြင့်အနိုင်ရခဲ့ပြီး မျိုးမင်းထွန်း(စစ်ကိုင်း)က ချိန်း ကျော်အောင်(မန္တလေး)ကို အမှတ်ဖြင့် အနိုင်ရရှိကာ ဖိုင်နယ် သို့ တက်လှမ်းခွင့်ရသွားပြီဖြစ်သည်။

လေးချီ(ခ)အဆင့် ၆၀ ကီလိုတန်းပြိုင်ပွဲတွင် ထယ်ကြီး (ရန်ကုန်)က ဝင်းနိုင်(ကချင်)ကို ပထမအချီ ၁ မိနစ် ၂၅ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရသကဲ့သို့ စောဘဟိန်း(ကရင်) က တင်ထွန်းအောင်(မန္တလေး)ကို လေးချီပြည့် ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်ကာအမှတ်ဖြင့် အနိုင်ရခဲ့သဖြင့် နောက်ဆုံး ဗိုလ်လုပွဲတွင် ထယ်ကြီး (ရန်ကုန်)နှင့် စောဘဟိန်း (ကရင်)တို့ ချန်ပီယံရွှေတံဆိပ်ကို အကြိတ်အနယ်လုကြရမည်ဖြစ်သည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

အဂတိ ပယ်ချ
ပြည်သာယာ

# မိုးကုတ်တွင် သဘာ၀လိုဏ်ဂူအတွင်း ကျောက်ရှာရာမှ အောက်ဆီဂျင်ပြတ်၍ လူတစ်ဦးသေဆုံး

**မိုးကုတ် ဇွန် ၉**

မိုးကုတ်မြို့ လယ်ဦးအုပ်စု ရတနာအောင်မြေရပ် ခတ်တော်ပြန့်တောင်ပေါ်ရှိ သဘာ၀လိုဏ်ဂူအတွင်း ကျောက်ရှာဖွေရာမှ ဇွန် ၉ ရက် နံနက် ၈ နာရီခန့်က လူတစ်ဦးအသက်ရှူကျပ်၍ သေဆုံးသွားကြောင်း သိရသည်။

လယ်ဦးအုပ်ချုပ်ရေးမှူး၏ အကြောင်းကြားချက်အရ ဒုစခန်းမှူး အောင်နိုင်ဝင်းနှင့်အဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့များ၊ ကယ်ဆယ်ရေးအဖွဲ့တို့သည် အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မျိုးဝင်းလှိုင် (၁၈နှစ်)ဖြစ်ပြီး ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးနေကြောင်း၊ ၎င်းသည် သဘာ၀လိုဏ်ဂူအဝနှင့် ပေ ၁၅၀ ခန့်အကွာအတွင်းသို့ ကျောက်ရှာရာမှ အောက်ဆီဂျင်ပြတ်ကာ လဲကျသေဆုံးခြင်းဖြစ်ကြောင်း ကျောက်အတူတူရှာသူ သေဆုံးသူ၏ အစ်ကိုဖြစ်သူ ဝင်းမြင့်အောင်၊ မောင်မောင်ဝင်း၊ ထွန်းဇေယျာတို့၏ ပြောပြချက်အရ သိရှိရသည်။

**ကျော်ဇေယျာမြင့်(မိုးကုတ်)**



# မေလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၈၇၀ ဖြစ်ပွားခဲ့၍ ငွေကျပ်သိန်း ၁၆၉၉၂၁ ဒသမ ၈၄ ဖိုး သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၉**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် မေလအတွင်း မူးယစ်ဆေးဝါးမှု ၈၇၀ဖြစ်ပွားခဲ့ပြီး မူးယစ်ဆေးဝါးမှုတရားခံ ၁၂၃၁ ဦးကို အမှုဖွင့်အရေးယူနိုင်ခဲ့သည်။

ထိုကဲ့သို့ ဖမ်းဆီးရမိမှု ၈၇၀ မှ ငွေကျပ်သိန်း ၁၆၉၉၂၁ ဒသမ ၈၄ တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိမှု ၈၇၀ တွင် ဘိန်း ၁၈ မှုမှ ၁၄၅၅ ဒသမ ၄၀၂ ကီလို၊ ဘိန်းဖြူ ၂၃၅ မှုမှ ၃၂ ဒသမ ၁၂၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၂ မှုမှ ဆေးပြားပေါင်း၃၅၇၄၆၆၃ ပြား၊ အိုက်စ် ၁၇ မှုမှ ၁၅၃ ဒသမ ၉၀ ကီလို၊ ဆေးခြောက် ၂၁ မှုမှ ၃ ဒသမ ၇၉ ကီလိုတို့ဖြစ်ကြောင်း သိရသည်။ **သန်းဦး(လေးမျက်နှာ)**

# မောင်တော၊ လားရှိုး၊ ကွတ်ခိုင်တို့တွင် ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၉**

မေယု ၂ စစ်ဆင်ရေးအရ သရက်အုပ်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၈ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က မောင်တောမြို့နယ် သရက်အုပ်ကျေးရွာအုပ်စု ဒါးကြီးစား(တောင်)ကျေးရွာ ပုစွန်ကန်အနီးရှိ လူမနေတဲအတွင်း၌ မာမက်တာလောင်(ခ)မာမတ်တာလိင်အား တွေ့ရှိရှာဖွေရာ ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀၀ ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့ နံနက် ၇ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန်းနီမြို့အထွက် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ဇော်ဂွန်ဂျာလီ မောင်းနှင်လာသည့် Hilux SURF မော်တော်ယာဉ်ရောက်ရှိလာ၍ ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၇၂ ခွက် (ဘိန်းဖြူအလေးချိန် ၇၉၂ ဂရမ်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၂၀၀၀၊ ငွေကျပ် ၄၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဇော်ဂွန်ဂျာလီ၏ ဦးလေးတော်စပ်သူ ဝေတောင်သည် မူးယစ်ဆေးဝါးများကို စောင့်ကြိုရယူလက်ခံမည်ဖြစ်၍ အသွင်ယူစောင့်ဆိုင်းနေစဉ် လားရှိုးမြို့နယ် ဟိုပိတ်ကျေးရွာအနီးသို့ ဝေတောင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ် ရောက်ရှိလာ၍ ရှာဖွေရာ ငွေကျပ် ၁၄ သိန်းနှင့် လက်ကိုင်ဖုန်းနှစ်လုံးကိုလည်းကောင်း၊ ဆက်လက်၍ တပ်မတော်၊ မူးယစ်တပ်ဖွဲ့စု ၂၂ မူဆယ်နှင့် ကွတ်ခိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ကွတ်ခိုင်မြို့နယ် ဟိုနမ့်ကျေးရွာနေ မာဆန်း၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ ကိုလည်းကောင်း၊ ထို့အတူ နံနက် ၂ နာရီခွဲက မိုင်းဖြတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင် များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဖြတ်မြို့ ဈေးတန်းရပ်ကွက် မြို့မဈေးရှေ့၌ မအဲနာ မောင်းနှင်လာသည့် ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ ဘိန်းစိမ်း ၁၁ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၁၀ -၆- ၂၀၁၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ (၅၆)**
- ၈း၄၅ - မြန်မာ့သစ်တောနှင့် REDD+
- ၉း၃၅ - MRTV Travelogue
- ၁၀း၀၀ - Sunday Talk
- ၁၁း၁၀ - ကဗျာရိပ်မြုံ **ပေဒင်နဲ့မှန်ပေါင်**
- ၁၁း၃၀ - ဆီးချိုသွေးချို ကာကွယ်ပါ ထွန်းထွန်းဝင်း၊ မိုးဒီ၊ ဖြိုးငွေစိုး၊ မျိုးစန္ဒီကျော်၊ ကောင်းခန့်၊ ရတနာမိုင်၊ ဝင့်နန္ဒာဖြိုး၊ ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)
- ၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် **ဒိုး** ကျော်သူ၊ စိုးသူ၊ မေဝင်းမောင်၊ ဇင်မာဦး (ဒါရိုက်တာ- ကြည်စိုးထွန်း)

ညပိုင်း

- ၁၅း၄၅ - Myanmar National League 2018 **ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်** (Yadanarbon Fc Vs Shan United Fc)
- ၁၈း၂၀ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် **ဖွံ့ဖြိုးတိုးတက်နေသည့် ခရီးသွားလုပ်ငန်းနှင့် မြန်မာပြည်တောင်ဘက်စွန်း ကော့သောင်းမြို့**
- ၁၈း၄၀ - **သာသနာ့ထွန်းပြောင် ပြက္ခဒိန်တောင်**
- ၁၉း၁၅ - အိန္ဒိယဇာတ်လမ်းတွဲ **မြွေပျိုမယ်ရဲ့မာယာလှည့်ကွက်** (အပိုင်း-၉၇)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ** (၅၇)
- - **In&Out** (Taiwan ခရီးစဉ်) (အပိုင်း-၃) (လေးဖြူနှင့်အဖွဲ့)
- - **အေးရိပ်**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ သယ်ဆောင်လာသည့်ယာဉ်နှစ်စီး ဖမ်းမိ

**နေပြည်တော် ဇွန် ၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၄၉ စီး၊ သွင်းကုန် ၉၆၀ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၁ စီး၊ သွင်းကုန် ၁၈၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သောကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၄ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှတားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃ ဒသမ ၈၁၀ သန်းခန့်၊ စုစုပေါင်း တားဆီးမှုခုနစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၅ ဒသမ ၂၁၀ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ထူးခြားသည့် ဖမ်းဆီးမှုအနေဖြင့် ဇွန် ၈ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းသို့ ဖြတ်သန်းမည့်တွဲယာဉ်နှစ်စီးအားစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Door Handle Replacement Parts For Vehiclos (Plastics)(Semi-Finished)(23 MT)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၃ ဒသမ ၆ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြစ်ကြီးနား၌ တက္ကသိုလ်ဝင်တန်း လေးဘာသာဂုဏ်ထူးရှင်တစ်ဦး ယာဉ်တိုက်မိပြီး သေဆုံး

**မြစ်ကြီးနား ဇွန် ၉**

မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက် နယ်မြေ ၁ စိမ်းမြရောလမ်းနှင့် ရန်အောင်မြင်လမ်းဆုံနေရာ၌ ယနေ့ နံနက် ၁၀ နာရီခန့်တွင် မော်တော်ယာဉ်တစ်စီးနှင့် ဆိုင်ကယ်တိုက်မိရာမှ လေးဘာသာဂုဏ်ထူးရှင်တစ်ဦး သေဆုံးခဲ့ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

ဖြစ်စဉ်မှာ ရန်ကြီးအောင်ရပ်ကွက် နယ်မြေ ၁ အတွင်း စိမ်းမြရောလမ်းနှင့် ရန်အောင်မြင်လမ်းဆုံနေရာ၌ ရန်အောင်မြင်လမ်းအတိုင်း အနောက်မှအရှေ့သို့ ယာဉ်မောင်း ဦးဇော်ထွန်းဦး (၂၆ နှစ်)မောင်းနှင်လာသော Cargo အမျိုးအစား မော်တော်ယာဉ်သည် စိမ်းမြရောပန်းခြံဘက်သို့ ချိုးကွေ့ရာမှ ယာဉ်ကြောတူ တစ်ဦးတည်းမောင်းနှင်လာသော မောင်ဆွတ်ဆိုင်းအောင် (၁၆ နှစ်) မြို့သစ်ကြီးရပ်ကွက်နေသူ (အထက ၉ မှ တက္ကသိုလ်ဝင်တန်းတွင် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ)၏ ဆိုင်ကယ်နှင့် အရှိန်လွန်တိုက်မိရာ ယာဉ်တိုက်မှုကြောင့် မောင်ဆွတ်ဆိုင်းအောင်မှာ ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး မြစ်ကြီးနားအထွေထွေရောဂါကုဆေးရုံသို့ ပို့ဆောင်ခဲ့ရာ ဆေးရုံသို့ရောက်ရှိပြီး ခွဲစိတ်ဆောင်ဝင်ရန်ပြင်ဆင်နေစဉ် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နေပြည်တော်တွင် မေလအတွင်း ယာဉ်တိုက်မှု ၂၉ မှု ဖြစ်ပွားခဲ့

**နေပြည်တော် ဇွန် ၉**

နေပြည်တော်ရှစ်မြို့နယ်တွင် ပြီးခဲ့သည့် မေလက ယာဉ်တိုက်မှု ၂၉ မှုဖြစ်ပွားရာတွင် မော်တော်ယာဉ်ကြောင့် ယာဉ်တိုက်မှု ၁၁ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူလေးဦးရှိကာ ဒဏ်ရာရရှိသူ အမျိုးသား ကိုးဦးနှင့် အမျိုးသမီးလေးဦးရှိကာ မော်တော်ဆိုင်ကယ်ကြောင့် ယာဉ်တိုက်မှု ၁၈ မှု ဖြစ်ပွားခဲ့ရာတွင် သေဆုံးသူ ၁၃ ဦးရှိပြီး ဒဏ်ရာရရှိသူလည်း ၁၃ ဦးရှိရာ ဒဏ်ရာရရှိ သူထဲတွင် အမျိုးသား ၁၀ ဦး အမျိုးသမီးသုံးဦးရှိကြောင်း အမှတ် ၁ ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူးရုံးမှ သိရှိရသည်။

"ကျွန်တော်တို့ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ ယာဉ်တိုက်မှုလျော့နည်းစေရေးအတွက် ပြည်သူတွေ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာရရှိဖို့ အဆက်မပြတ် အသိပညာပေးဆောင်ရွက်မှုတွေပြုလုပ်နေပါတယ်၊ အခုလ ဒုတိယပတ်ထဲမှာ အခြေခံပညာကျောင်းတွေကို ကွင်းဆင်းပြီး အသိပညာပေးဆောင်ရွက်မှုတွေ ပြုလုပ်မှာဖြစ်ပါတယ်" ဟု နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူး အောင်ကြီးက ပြောသည်။

နေပြည်တော်တွင် ယာဉ်တိုက်မှုများ လျော့နည်းစေရေးအတွက် နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုနှင့်အတူအမှတ် ၁ ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးအောင်ကြီးက ကြီးကြပ်၍ နေပြည်တော် ရှစ်မြို့နယ်တွင် မြို့နယ်တစ်မြို့နယ်၌ ယာဉ်ထိန်းတပ်ဖွဲ့စုမှူးများက ယာဉ်တိုက်မှုအန္တရာယ် လျော့နည်းစေရေးအတွက် မြေပြင်သို့ ကွင်းဆင်းကာ ယာဉ်တိုက်မှုဖြစ်စဉ်များကို ပရိဂျက်တာများဖြင့်ပြသ၍ အသိပညာပေးခြင်း၊ အသိပညာပေးဟောပြောခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့မြင်ရသည်။ **မင်းမင်းလတ်(ရူပဗေဒ)**

# ခါးပိုက်နှိုက်ပြစ်မှုများကျူးလွန်ထားသူနှစ်ဦးကို လက်ကိုင်ဖုန်းနှစ်လုံးနှင့်အတူ ဖမ်းဆီးရမိ

**ရန်ကုန် ဇွန် ၉**

ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၆ ရက်က နယ်မြေအတွင်း ခိုးမှု၊ လုယက်မှု၊ ခါးပိုက်နှိုက်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်နေစဉ် ခါးပိုက်နှိုက်ပြစ်မှုများ ကျူးလွန်ထားကြောင်း သတင်းရရှိထားသူ ဒလမြို့နယ်နေသူများဖြစ်သည့် မျိုးဆွေ(၃၅နှစ်)နှင့် ချစ်လင်းဇော်(ခ)ချစ်မျိုးဇော်(ခ)စုဖွား (၂၅နှစ်)တို့နှစ်ဦးကို ဆိပ်ကမ်းမြို့နယ် စဉ့်အိုးတန်း သမ္ဗန်ဆိပ်တွင် Mi အမျိုးအစားလက်ကိုင်ဖုန်း၊ iPhone အမျိုးအစားလက်ကိုင်ဖုန်းတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၎င်းတို့နှစ်ဦးအား အဆိုပါ လက်ကိုင်ဖုန်းများနှင့် ပတ်သက်၍စစ်ဆေးရာ ၎င်းတို့သည် ယင်းနေ့ ညနေ ၅ နာရီခွဲခန့်တွင် ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းအတိုင်း လမ်းလျှောက်လာစဉ် ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေးရှေ့အရောက်၌ အသက် ၃၀ နှစ်ခန့်ရှိ အမျိုးသားတစ်ဦးလွယ်ထားသည့် ကျောပိုးအိတ်အတွင်းမှ iPhone ကို လည်းကောင်း၊ ညနေ ၆ နာရီတွင် လသာမြို့နယ် မဟာဗန္ဓုလလမ်းအတိုင်း လမ်းလျှောက်လာခဲ့ပြီး ၃၂ လမ်းထိပ်အရောက်၌ လမ်းလျှောက်နေသူ အသက် ၄၀နှစ်ခန့်ရှိ အမျိုးသားတစ်ဦးလွယ်ထားသည့် ကျောပိုးအိတ်အတွင်းမှ Mi လက်ကိုင်ဖုန်းကိုလည်းကောင်း နှိုက်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ၎င်းတို့နှစ်ဦးကို ပန်းဘဲတန်းမြို့မရဲစခန်းနှင့် လသာမြို့မရဲစခန်းတို့တွင် အမှုဖွင့်ကာ အရေးယူဆောင်ရွက်လျက်ရှိပြီး ပျောက်ဆုံးသူပိုင်ရှင်များအနေဖြင့်လည်း အမှုမှ လက်ကိုင်ဖုန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာရဲစခန်းများတွင် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ခါမ်းပါတ်တွင် မိုးကြိုးထိမှန်၍ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိ

**ခါမ်းပါတ် ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ခါမ်းပါတ်မြို့ တိန်းကယားကျေးရွာတွင် ဇွန် ၉ ရက် နံနက် ၃ နာရီခန့်က မိုးကြိုးထိမှန်၍ လူတစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။ ဖြစ်စဉ်မှာ တိန်းကယားကျေးရွာနေ ဦးသိန်းမင်းစိုး(၂၅ နှစ်)နှင့် ဦးနေလင်းမောင် (၃၅ နှစ်)တို့သည် ငါးဖမ်းရာမှရွာသို့ ပြန်လာစဉ် တိန်းကယားကျေးရွာ၏ အနောက်ဘက် သုံးဖာလုံခန့်အကွာ တိန်းကယား-ကနန် ကားလမ်းပေါ်အရောက် မိုးကြိုးထိမှန်၍ ဦးသိန်းမင်းစိုးမှာ နေရာတွင် သေဆုံးသွားခဲ့ပြီး ဦးနေလင်းမောင်သည် ဝဲဘက် ခြေထောက်ထုံကျင်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဂါဇာကမ်းမြောင်ဒေသ၌ ဓာတ်ပုံသတင်းယူနေသော အေအက်ဖ်ပီသတင်းထောက် သေနတ်ထိမှန်



**ဂါဇာ ဇွန် ၉**

ဂါဇာကမ်းမြောင်ဒေသနယ်စပ်တစ်လျှောက် ပါလက်စတိုင်း ဆန္ဒပြသူများကို အစ္စရေးတပ်ဖွဲ့ဝင်များက သေနတ်များဖြင့် ပစ်ခတ်ခဲ့ရာ အေအက်ဖ်ပီဓာတ်ပုံသတင်းထောက်တစ်ဦး ခြေထောက်တွင် သေနတ်ဒဏ်ရာရရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနနှင့် သတင်းထောက်တစ်ဦးက ပြောခဲ့သည်။

၂၀၀၀ ပြည့်နှစ်ကတည်းက ဂါဇာကမ်းမြောင်ဒေသ၌ အေအက်ဖ်ပီအတွက် သတင်းဓာတ်ပုံများရယူပေးနေသော မိုဟာမက်အာဘတ်အယ်လ်ဘာဘာက သတင်းထောက် ဝတ်စုံဝတ်ထားသော်လည်း ခြေထောက်ကိုသေနတ်ပစ်ခံခဲ့ရကြောင်း ပြောခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အက်ရှ်ရက်ဖ်အယ်လ်ကွာဒရာက ဘာဘာသည် အစ္စရေးတို့၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ ခြေထောက်အောက်ပိုင်း၌ သေနတ်ထိမှန်ခဲ့သောကြောင့် အသက်အန္တရာယ်စိုးရိမ်ရခြင်းမရှိကြောင်း ဆေးအဖွဲ့က ပြောခဲ့သည်။ ဂါဇာကမ်းမြောင်နယ်စပ်ဒေသတစ်လျှောက် ထောင်ပေါင်းများစွာ ဆန္ဒပြခဲ့ရာတွင် အသက် ၁၅ နှစ်အရွယ် ပါလက်စတိုင်း တစ်ဦးအပါအဝင် စုစုပေါင်း ပါလက်စတိုင်း သုံးဦး အစ္စရေးတို့၏ သေနတ်ပစ်ခတ်မှုဖြင့် သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောခဲ့သည်။

အစ္စရေးတပ်ဖွဲ့က အဆိုပါကိစ္စများသည် ဆန္ဒပြမှုနှင့် သက်ဆိုင်မှုရှိကြောင်း ပြောခဲ့သည်။ ဆန္ဒပြသူအချို့သည် ကားတာယာများ မီးရှို့ခြင်း၊ ခဲနှင့် လောင်စာပုလင်းများအား အစ္စရေးအစိုးရတပ်ဖွဲ့အား ပစ်ပေါက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အစ္စရေးစစ်တပ်က ဆန္ဒပြသူများအား မျက်ရည်ယိုဗုံးနှင့် သေနတ်တို့ဖြင့် ပစ်ခတ်မှုများပြုလုပ်ခဲ့သည်။

ယခုတိုက်ခိုက်မှုတွင် ပါလက်စတိုင်းလူမျိုးလေးဦးသေဆုံးကာ ၆၁၈ ဦး ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့အနက် ရှစ်ဦးမှာ ဒဏ်ရာအလွန်ပြင်းထန်ကြောင်း ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောခဲ့သည်။ ယခုနှစ် မတ်လ ၃၀ ရက်မှစတင်ကာ ပါလက်စတိုင်းတို့သည် ဂါဇာဒေသနယ်စပ်တွင် အကြီးစားဆန္ဒပြမှုများ စတင်ပြုလုပ်ခဲ့ပြီး ဆန္ဒပြသူနှင့် အစ္စရေးနိုင်ငံ အစိုးရတပ်ဖွဲ့တို့ကြား မကြာခဏတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြသည်။ ဂါဇာကမ်းမြောင်ဒေသတွင် ဆန္ဒပြမှုများကြောင့် ပါလက်စတိုင်း ၁၂၇ ဦး သေဆုံးခဲ့ပြီး ၁၄၇၀၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း စာရင်းအချက်အလက် အချို့အရ သိရသည်။

**အေအက်ဖ်ပီ**

# G-7 အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ ကုန်သွယ်ရေးကိစ္စဆွေးနွေး

**အော့တဝါ ဇွန် ၉**

G-7 အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များသည် ကနေဒါနိုင်ငံတွင် ပြုလုပ်ခဲ့သော အစည်းအဝေးပထမနေ့တွင် ကုန်သွယ်ရေးကိစ္စ ဆွေးနွေးခဲ့သည်။ လွတ်လပ်စွာကုန်သွယ်မှုပြုရေးကိစ္စနှင့်ပတ်သက်ပြီး အမေရိကန်ပြည်ထောင်စုနှင့် အခြားနိုင်ငံများအကြား ပဋိပက္ခဆန်သည့် ငြင်းခုံဆွေးနွေးမှုများမြင့်တက်လာခဲ့ကြောင်း သိရသည်။

G-7 အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များသည် ချာလီဗောက် အပန်းဖြေနေရာ၌ နှစ်ရက်ကြာ အစည်းအဝေးတွင် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်နေကြောင်း၊ အဆိုပါ G-7 အစည်းအဝေးကို ဇွန်လ ၈ ရက်က စတင်ကျင်းပခဲ့ကြောင်း သိရသည်။

စတီးလ်နှင့် အလူမီနီယမ်တင်သွင်းခြင်းအပေါ် အခွန်တိုးမြှင့်ကောက်ခံမည့်နိုင်ငံများစာရင်းတွင် အီးယူနိုင်ငံများနှင့် ကနေဒါနိုင်ငံကို ထည့်သွင်းလိုက်ပြီးနောက် G-7 ခေါင်းဆောင်များအကြား စိတ်ဝမ်းကွဲမှုများ ပိုမိုကျယ်ပြန့်စွာ ဖြစ်လာခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပါးကိုက်နားရိက် ကုန်သွယ်ရေးပိတ်ဆို့တားဆီးမှုများသည် ကမ္ဘာ့စီးပွားရေးအပေါ် ဆိုးကျိုးသက်ရောက်စေကြောင်း၊ မည်သူ တစ်ဦးတစ်ယောက်မျှ အကျိုးအမြတ်ရရှိလိမ့်မည် မဟုတ်ကြောင်း ပြောခဲ့သည်။

အစည်းအဝေးအသေးစိတ်အချက်အလက်များကို ပြည်သူသို့ အသိပေးထုတ်ပြန်ခြင်း မပြုရသေးကြောင်း သိရသည်။ သို့သော်လည်း ဂျပန်အစိုးရအရာရှိများက အချို့နိုင်ငံများက လွတ်လပ်စွာ ကုန်သွယ်မှု၏ မညီမျှမှုများအကြောင်း စောဒကတက် ပြောကြားခဲ့ကြောင်း ပြောခဲ့သည်။ တချို့က ကုန်သွယ်ရေး မညီမျှမှုများအကြောင်း ပြောကြားခဲ့ပြီး မျှတသော ကုန်သွယ်ရေးစနစ်ဖြစ်ပေါ်ရေး တောင်းဆိုခဲ့ကြသည်။

ဂျပန်ဝန်ကြီးချုပ် အာဘေးနှင့် ကနေဒါဝန်ကြီးချုပ် ထရူးဒိုတို့သည် G-7 အစည်းအဝေးမတိုင်မီ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုပြုခဲ့ကြောင်း သိရသည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏စည်းမျဉ်းများကို အခြေခံသည့် ဘက်ပေါင်းစုံကုန်သွယ်ရေးစနစ်ကို ထိန်းသိမ်းသင့်ကြောင်း သဘောတူခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး စတင်ကျင်းပရာ နိုင်ငံတကာခေါင်းဆောင်များ တက်ရောက်

**နယူးဒေလီ ဇွန် ၉**

နှစ်ရက်ကြာကျင်းပမည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) အစည်းအဝေးကို တရုတ် နိုင်ငံ ချင်းသောင်တွင် ဇွန် ၉ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာ မိုဒီသည် ဇွန် ၉ ရက်တွင်စတင်မည့် နှစ်ရက်တာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဇွန် ၉ ရက် နံနက်ပိုင်းက တရုတ်နိုင်ငံ သို့ ထွက်ခွာခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက လူမှုကွန်ရက်စာမျက်နှာဖြစ်သော တွစ်တာတွင် ဖော်ပြခဲ့သည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) သည် ရုရှား၊ တရုတ်၊ အာရှအလယ်ပိုင်းနိုင်ငံများအပါအဝင် စုစုပေါင်း ရှစ်နိုင်ငံက လုံခြုံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက်မူဘောင်တစ်ခုဖြစ်သည်။ အဆိုပါအစည်းအဝေးသို့ တရုတ်သမ္မတ ရှီကျင့်ဖျင်၊ ရုရှားသမ္မတ ဗလာဒီမာပူတင်တို့အနေဖြင့် တက်ရောက်ရန်ကြိုတင်စီစဉ်ထားကြောင်း သိရသည်။ ထို့အပြင် အီရန်သမ္မတ ဟက်ဆန်ရူဟာနီသည် လေ့လာ စောင့်ကြည့်သည့်နိုင်ငံတစ်နိုင်ငံအနေဖြင့် အစည်းအဝေးတွင် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ အိန္ဒိယဝန်ကြီးချုပ် မိုဒီလည်း ဇွန် ၉ ရက်နှင့် ၁၀ ရက်နေ့များတွင် ကျင်းပမည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ချင်းသောင်မြို့သို့ ဦးတည်ထွက်ခွာလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအစည်းအဝေးတွင် အိန္ဒိယနိုင်ငံက အမြဲတမ်းအဖွဲ့ဝင်နိုင်ငံအဖြစ် ပထမဆုံးတက်ရောက်သော အစည်းအဝေးဖြစ်ကြောင်းနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံ့ခေါင်းဆောင်များနှင့်တွေ့ဆုံပြီး နယ်ပယ်အသီးသီးမှကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် အဆိုပါအစည်းအဝေးတွင် SCO အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အကြမ်းဖက် တန်ပြန်တိုက်ဖျက်ရေးဆောင်ရွက်ချက်များနှင့် အခြားဒေသတွင်း လုံခြုံ ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆွေးနွေးသွားဖွယ်ရှိကြောင်း သိရသည်။ ထို့အတူ မကြာသေးမီက အမေရိကန်နိုင်ငံအနေဖြင့် နုတ်ထွက်သွားသော အီရန်နျူကလီးယား စာချုပ်အတွက် ထောက်ပံ့မှုများ၊ ဘက်ပေါင်းစုံကုန်သွယ်မှုစနစ်များနှင့် တရုတ်နိုင်ငံ၏ ကုန်းလမ်းတစ်သွယ် ရေလမ်းတစ်ကြောင်းအမည်ရှိ “Belt and Road” ကိစ္စကိုလည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ကုလအစည်းအဝေးတွင် လုံခြုံရေးကောင်စီ အလှည့်ကျအဖွဲ့ဝင်နိုင်ငံများအဖြစ် ငါးနိုင်ငံအား ရွေးချယ်

**ဂျီနီဗာ ဇွန် ၉**

ဇွန် ၈ ရက်က ကျင်းပခဲ့သော ကုလသမဂ္ဂအစည်းအဝေးတွင် ဂျာမနီ၊ ဒိုမီနီကန်၊ တောင်အာဖရိက၊ ဘယ်လ်ဂျီယံနှင့် အင်ဒိုနီးရှားနိုင်ငံတို့အား ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် လုံခြုံရေးကောင်စီ အလှည့်ကျ အဖွဲ့ဝင်နိုင်ငံများအဖြစ် ရွေးချယ်ခဲ့ကြောင်း သတင်းများ၌ ဇွန် ၉ ရက်တွင် ကြေညာခဲ့သည်။

ယမန်နေ့ကပြုလုပ်ခဲ့သော ကုလသမဂ္ဂအစည်းအဝေးတွင် အဖွဲ့ဝင် နိုင်ငံ ၁၉၀ တို့မှ ပါဝင်မဲပေးခဲ့ပြီး ဂျာမနီနှင့် ဒိုမီနီကန်နိုင်ငံတို့မှ ၁၈၄ မဲ၊ တောင်အာဖရိက၊ ဘယ်လ်ဂျီယံနှင့် အင်ဒိုနီးရှား နိုင်ငံတို့မှ ၁၈၃ မဲ၊ ၁၈၁ မဲနှင့် ၁၄၄ မဲစီ အသီးသီးရရှိခဲ့သည်။ ထို့ကြောင့် လုံခြုံရေးကောင်စီ အလှည့်ကျအဖွဲ့ဝင်နိုင်ငံအဖြစ် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အလှည့်ကျအဖွဲ့ဝင်နိုင်ငံအား ကုလသမဂ္ဂအစည်းအဝေးတွင် လျှို့ဝှက်ဆန္ဒမဲပေး ခြင်းဖြင့် ရွေးချယ်တင်မြှောက်ခြင်းဖြစ်ပြီး မဲပေးသူ စုစုပေါင်း၏ သုံးပုံ နှစ်ပုံအထက် မဲပေးခြင်းခံရမှသာ အလှည့်ကျအဖွဲ့ဝင်နိုင်ငံအဖြစ် ရွေးချယ်ခံရမည်ဖြစ်ကြောင်း သိရသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အဖွဲ့ဝင် ၁၅ နိုင်ငံ ရှိပြီး တရုတ်၊ ပြင်သစ်၊ ရုရှား၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့မှာ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်ကြပြီး ကျန်အဖွဲ့ဝင် ၁၀ နိုင်ငံမှာ အလှည့်ကျ အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည်။

အလှည့်ကျ အဖွဲ့ဝင်နိုင်ငံများက လုံခြုံရေး ကောင်စီတွင် နှစ်နှစ်တာ တာဝန်ထမ်း ဆောင်ရမည်ဖြစ်ပြီး နှစ်စဉ် မဲပေးရွေးချယ်ခြင်းဖြင့် အဖွဲ့ဝင် ငါးနိုင်ငံအား ပြောင်းလဲမှု ဆောင်ရွက်ခြင်းဖြစ်ကာ ဆက်တိုက်ပါဝင်ရွေးချယ်ခြင်းနှင့် တာဝန်ထမ်းဆောင်ခြင်း ပြုလုပ်၍ မရကြောင်း၊ အလှည့်ကျအဖွဲ့ဝင် ၁၀ နိုင်ငံအား ဒေသအလိုက် သတ်မှတ်ခြင်းဖြစ်ပြီး အာဖရိကတိုက်ဒေသအတွက် သုံးနေရာ၊ အာရှ-ပစိဖိတ်ဒေသအတွက် နှစ်နေရာ၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသအတွက် နှစ်နေရာ၊ အနောက်ဥရောပနှင့် အခြားဒေသအတွက် နှစ်နေရာ၊ အရှေ့ဥရောပဒေသအတွက် တစ်နေရာစသည် ဖြင့် သတ်မှတ်ထားကြောင်း သိရသည်။

**ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### ဝန်ကြီးများ လက်ဆောင်လက်မခံရေးမူဝါဒ မလေးရှားဝန်ကြီးချုပ် မဟာသီယာစတင်

**ကွာလာလမ်ပူ ဇွန် ၉**

မလေးရှားဝန်ကြီးချုပ် မဟာသီယာသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများလက်ဆောင်လက်မခံရေးမူဝါဒကို သောကြာနေ့က စတင်မိတ်ဆက်ခဲ့သည်။ ရွေးကောက်ပွဲကာလအတွင်း ၎င်း၏ကတိတစ်ခုဖြစ်သည့် သန့်ရှင်းသောအစိုးရတစ်ရပ် တည်ဆောက်မည်ဟူသော ကတိကို အကောင်အထည်ဖော်ခြင်းပင်ဖြစ်သည်။

အစိုးရအဖွဲ့က စီမံခန့်ခွဲမှုဆိုင်ရာ အစိုးရအဖွဲ့ကော်မတီအစည်းအဝေးတွင် ယင်းကဲ့သို့ ကြေညာခဲ့ခြင်းဖြစ်သည်။ ယင်းမူဝါဒသည် ပြည်သူ့ဝန်ထမ်းများကို အကာအကွယ်ပေးသော အစီအစဉ်တစ်ခုပင်ဖြစ်သည်။ ပန်း၊ အစားအစာနှင့် သစ်သီးများကိုသာ လက်ဆောင်အဖြစ်လက်ခံရမည်ဖြစ်သည်။ မဟာသီယာသည် ရွေးကောက်ပွဲမဲဆွယ်ကာလအတွင်း ဝန်ကြီးချုပ်ဟောင်း နာဂျစ်၏အကျင့်ပျက်ခြစားမှုကို ဝေဖန်တိုက်ခိုက်ခဲ့သည်။

ထို့အပြင် မဟာသီယာ၏ အစိုးရအဖွဲ့တွင် ပါဝင်သော ဝန်ကြီးများသည် ၎င်းတို့၏ ပိုင်ဆိုင်မှုများကို ဝန်ကြီးချုပ်ထံ တင်ပြရမည်ဖြစ်ပြီး ယင်းအချက်အလက်များကို အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးအာဏာပိုင်များထံ မျှဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

### ငွေကြေးအခက်အခဲများ ပေါ်ပေါက်နေသည်ဟူသော စွပ်စွဲချက်များကို ဘရာဇီးသမ္မတ ငြင်းဆို

**ရီယိုဒီဂျနေရိုး ဇွန် ၉**

ဘရာဇီးနိုင်ငံသည်ငွေရေးကြေးရေးဆိုင်ရာအကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်ဟူသော ကောလာဟလများကို ကြာသပတေးနေ့က ငြင်းဆိုလိုက်သည်။ ကြာသပတေးနေ့ အစောပိုင်းတွင် အမေရိကန် ဒေါ်လာငွေကြေးလဲလှယ်နှုန်းမှာတစ်ဒေါ်လာလျှင် ဘရာဇီးငွေကြေး ၃ ဒသမ ၉၃ အထိရှိခဲ့ပြီး ဘရာဇီးငွေကြေးတန်ဖိုးမှာ လွန်ခဲ့သောလအနည်းငယ်အတွင်းကျဆင်းလာခဲ့သည်။

ယခုနှစ်အတွင်းငွေကြေးတန်ဖိုးကျဆင်းမှုနှုန်းမှာ ၁၈ ဒသမ ၄ ရာခိုင်နှုန်းထိရှိကြောင်း သိရသည်။ ဘရာဇီးငွေကြေးတန်ဖိုးမှာ ကျဆင်းနေသော်လည်း သမ္မတတင်မာကမူ ယင်းကိစ္စနှင့်ပတ်သက်၍ စိုးရိမ်စရာမရှိဟု တီဗွီအင်တာဗျူးတစ်ခုတွင်ဖြေကြားခဲ့သည်။ ဘရာဇီးမှာ ငွေကြေးအခက်အခဲနှင့်ကြုံတွေ့စရာမရှိဟု တင်မာက ပြောသည်။ ဘရာဇီးတွင် သီးသန့်ငွေ ၃၈၀ ဘီလီယံဒေါ်လာရှိပြီး ဘရာဇီးနိုင်ငံ၏အကြွေးမှာ ယင်းပမာဏထက်နည်းသည့်အတွက် စိုးရိမ်စရာမရှိဟု ဘရာဇီးသမ္မတက ဖြေကြားခဲ့သည်။ ထို့ပြင် ဘရာဇီးငွေကြေးတန်ဖိုးသာ ကျဆင်းနေခြင်းမရှိဘဲ အခြားသော လက်တင်အမေရိကနိုင်ငံများမှာ ငွေကြေးတန်ဖိုးများလည်း ကျဆင်းနေခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ **ဆင်ဟွာ**

# ကြိုတင်သတိပေးမှုတွေ အားနည်းခဲ့တယ်ဆိုတဲ့ ဂွါတီမာလာမီးတောင်ပေါက်ကွဲမှု၏ ရလဒ်များ

**--- ချိုးစန္ဒီနွေး ---**




ဂွါတီမာလာနိုင်ငံမှာ ဇွန်လ ၃ ရက်နေ့က ဖူဂိုမီးတောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပါတယ်။ ဒီသဘာဝဘေးကြောင့် သေဆုံးရသူအရေအတွက်ဟာလည်း တဖြည်းဖြည်း မြင့်တက်လာခဲ့ပါတယ်။ မီးတောင်အနီးမှာ အခြေချနေထိုင်နေကြတဲ့ တောင်ပေါ်ကျေးရွာတွေက ရွာသားတွေအများဆုံး ထိခိုက်သေဆုံးရတာပဲဖြစ်ပါတယ်။ အခုဆိုသေဆုံးသူအရေအတွက်ဟာ ပိုပိုပြီးတိုးလာပါတယ်။

### ကြိုတင်သတိပေးမှုတွေ ပျက်ကွက်ခဲ့သလား

ဒီသဘာဝဘေးကြောင့် ပိတ်မိနေတဲ့သူတွေ၊ ကယ်ဆယ်ဖို့လိုအပ်နေတဲ့လူတွေဘယ်လောက်များများ ကျန်ရှိနေသလဲဆိုတာကိုတော့ မသိရသေးပါဘူး၊ ဒီမှာမေးစရာရှိလာတာက ဒီလောက်ပြင်းထန်တဲ့ သဘာဝဘေးအန္တရာယ်ဖြစ်ပွားတာကို အရေးပေါ်အေဂျင်စီက အထူးသတိပေးချက်တွေ မပြုလုပ်ခဲ့ဘူးလားဆိုတာပါပဲ။ ဂွါတီမာလာမှာရှိတဲ့ နိုင်ငံရေးအတိုက်အခံသမားတွေဟာ သဘာဝဘေးအရေးပေါ် တုံ့ပြန်ရေးအေဂျင်စီခေါင်းဆောင်ကို ဖြုတ်ချလိုကြတယ်။ ဘာလို့လဲဆိုရင် အဲဒီအဖွဲ့ဟာတနင်္ဂနွေနေ့ကစတင်ဖြစ်ပွားခဲ့တဲ့ ကြောက်မက်ဖွယ်ရာ မီးတောင်ပေါက်ကွဲမှုမှာ သဘာဝဘေးအရေးပေါ် တုံ့ပြန်ရေးအေဂျင်စီကနေ သတိပေးမှုတွေပျက်ကွက်ခဲ့တယ်လို့ယူဆကြလို့ပါပဲ။ အခုဆိုရင် အတိုက်အခံပါတီဘက်မှ မာရီယိုတာရာဆီနာက အစိုးရအနေနဲ့ ဒီအေဂျင်စီကို ရာဇဝတ်မှုမြောက်တဲ့ လျစ်လျူရှုမှုတွေ ပြုလုပ်ခဲ့သလားဆိုတာကို သိရဖို့စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်သင့်တယ်လို့ တိုက်တွန်းထားပါတယ်။

### ပေါက်ကွဲမှုအသေးစားတွေ ဆက်လက်ဖြစ်ပေါ်

တနင်္ဂနွေနေ့ကစလို့သေဆုံးသူအရေအတွက်ဟာ ၉၉ ဦးအထိရှိလာပြီပဲ ဖြစ်တယ်။ လူပေါင်း ၂၀၀ နီးပါးခန့်ဟာလည်း ပျောက်ဆုံးလို့နေပါတယ်။ ဖူဂိုမီးတောင်ပေါက်ကွဲပြီးတဲ့နောက် တောင်စောင်းတွေမှာရှိတဲ့ ရွာတွေဟာ မီးတောင်ပြာတွေအောက်မှာ နစ်မြုပ်သွားခဲ့ပါပြီ။ မီးတောင်ကြီးပေါက်ကွဲပြီးတဲ့ နောက်မှာတော့ နောက်ထပ်ပေါက်ကွဲမှု အသေးစားလေးတွေလည်း ဆက်ဖြစ်နေသေးပါတယ်။ အပျက်အစီးတွေကြားက ကျောက်တုံးတွေ၊ ရွှံ့နွံတွေဟာလည်း အပူချိန်အဆမတန်မြင့်နေသေးတာမို့ ကယ်ဆယ်ရှာဖွေရေး သမားတွေရဲ့ အလုပ်ကို အကြီးအကျယ် အနှောင့်အယှက်ပြုလို့နေပါတယ်။ ဒီမီးတောင်ပေါက်ကွဲမှုကြောင့်လူပေါင်း ၁ ဒသမ ၇ သန်းခန့်ထိခိုက်ခံစားခဲ့ရပြီး လူပေါင်းသုံးထောင်နီးပါးကိုတော့ ကယ်ဆယ်ရွှေ့ပြောင်းပြီးပါပြီ။

### စွပ်စွဲမှုတွေနဲ့ ရင်ဆိုင်နေရ

သဘာဝဘေးအရေးပေါ်အေဂျင်စီဟာ ဘာကြောင့်စွပ်စွဲမှုတွေနဲ့ ကြုံတွေ့နေရတာပါလဲ၊ အဖြေကတော့ ရှင်းပါတယ်။ မီးတောင်ပေါက်ကွဲမှုမတိုင်မီက ဘေးလွတ်ရာကို ပြောင်းရွှေ့ဖို့ သတိပေးချက်ရှင်းရှင်းလင်းလင်း ထုတ်ပြန်ထားပါလျက်နဲ့ လုံလောက်တဲ့အသိပေးမှုတွေ ပြုလုပ်ဖို့ ပျက်ကွက်ခဲ့သလားဆိုတဲ့ အရေးပါတဲ့ မေးခွန်းတွေနဲ့ရင်ဆိုင်နေရတာပဲဖြစ်တယ်။ အမျိုးသားလျှပ်ပညာနဲ့မီးတောင်ပညာရှင်များ အင်စတီကျူကတော့ သတိပေးမှုတွေ ထုတ်ပြန်ဖို့ အချိန်တွေ အများကြီးရခဲ့တယ်လို့ ပြောပါတယ်။ ဒါကြောင့် သတိပေးမှုတွေ လုံလုံလောက်လောက် မထုတ်ပြန်ခဲ့တဲ့ သဘာဝဘေး တုံ့ပြန်ရေးအေဂျင်စီပေါ်မှာသာအပြစ်တွေ ပုံကျသွားခဲ့ပါတယ်။ တနင်္ဂနွေနေ့နံနက် အစောပိုင်းပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားတုန်းက အဲဒီအေဂျင်စီရဲ့ တွစ်တာစာမျက်နှာပေါ်မှာ ရေးသားထားတဲ့ ရွှေ့ပြောင်းနေထိုင်ဖို့အတွက် မလိုအပ်သေးဘူးဆိုတဲ့စာသားက သက်သေခံလျက် ရှိပါတယ်။ ဒါပေမယ့် အဲဒီအဖွဲ့အစည်းကတော့ သူတို့ဟာ အပြစ်ပုံချခံရတာသာဖြစ်ပြီး သူတို့အဖွဲ့က သတိပေးမှုတွေ ထုတ်ပြန်ခဲ့တာကို လူတွေကသာ လျစ်လျူရှုနေခဲ့တာလို့ ပြန်လည် တုံ့ပြန်ခဲ့ပါတယ်။

### ကယ်ဆယ်ရှာဖွေရေးသမားတွေရဲ့ အခက်အခဲ

ဘာပဲပြောပြော အခုအချိန်မှာ သေဆုံးသူအရေအတွက် မြင့်တက်နေတာကတော့ အမှန်တရားတစ်ခုပါပဲ။ လတ်တလော ရှာဖွေတွေ့ရှိထားတဲ့ အလောင်း ၉၉ လောင်းထဲမှာ ၂၅ လောင်းကိုတော့ ဘယ်သူဘယ်ဝါမှန်းအမည်ခွဲခြားလို့ မရနိုင်သေးပါဘူး။ "ကျွန်တော်တို့မှာပျောက်ဆုံးနေတဲ့လူတွေရဲ့ နေရာနဲ့ အချက်အလက်တွေ အပြည့်အစုံရရှိထားတယ်၊ သူတို့ဘယ်နေရာမှာပျောက်သွားတာလဲဆိုတာကအစရှိတယ်" လို့ သဘာဝဘေးအရေးပေါ် တုံ့ပြန်ရေးအေဂျင်စီမှ ဆာဂျီရိုက ပြောပါတယ်။ ရှာဖွေမှုတွေကတော့ ဆက်လက်လုပ်ဆောင်နေဆဲပါပဲ။ ဒါပေမယ့်ကယ်ဆယ်ရေးသမားတွေကြောက်ရတာကတော့ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မီးတောင်ကထွက်တဲ့ ရွှံ့တွေ၊ ပြိုကျမှုဖြစ်မှာ၊ မြေပြိုမှုဖြစ်မှာ စိုးရိမ်နေရတာပါပဲ။ မီးတောင်ကတော့ အခုအချိန်ထိတိုင်အောင်ပြာတွေနဲ့ ကျောက်တုံးတွေ မှုတ်ထုတ်နေဆဲပါ။

### ဆက်လက်နေထိုင်ရန်မသင့်

မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားပြီးတိုင်းဖြစ်လေ့ရှိတဲ့ အပူဓာတ်ငွေ့တွေ ထွက်လာခြင်းဟာလည်း အချိန်မရွေးဖြစ်ပေါ်လာနိုင်တဲ့အတွက် မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့တဲ့နေရာတွေမှာ ဆက်လက်နေထိုင်ခြင်းမပြုကြဖို့ အမျိုးသားလျှပ်ပညာနဲ့ မီးတောင်ပညာရှင်များ အင်စတီကျူက သတိပေးထားပါတယ်။ အဲဒီဓာတ်ငွေ့တွေ ထွက်လာပြီဆိုရင် အပူချိန်ဟာ ၁၈၃၀ ဒီဂရီဖာရင်ဟိုက်အထိ ရောက်ရှိနိုင်ပါတယ်။ ဒါကြောင့် ရှာဖွေကယ်ဆယ်ရေးသမားတွေအတွက်လည်း တစ်ဒုက္ခပါပဲ။

### လျင်လျင်မြန်မြန်ဖြစ်ပေါ်ခဲ့တဲ့ မီးတောင်ပေါက်ကွဲမှု

အသက်ရှင်သန်သူဘယ်လောက်ကျန်ဦးမလဲ- လူပေါင်းသုံးထောင်ခန့်နီးပါးဟာ ယာယီတဲအိမ်တွေမှာ နေထိုင်နေကြပါတယ်။ မီးတောင်ပေါက်ကွဲမှုကြောင့်ထိခိုက်ခံစားခဲ့ရတဲ့ ဒေသတွေကနေ ကယ်ဆယ်ခဲ့ရတဲ့လူပေါင်း ၁၂၀၀၀ ခန့်ဟာလည်း ကယ်ဆယ်ရေးစခန်းကို ဆက်လက်ရောက်ရှိ လာကြပါတယ်။ စေတနာ့ဝန်ထမ်းတွေကတော့ မီးတောင်ပေါက်ကွဲမှုရဲ့အကျိုးဆက်ကို ခံစားနေရတဲ့ပြည်သူတွေ၊ ကယ်ဆယ်ရေးသမားတွေကို အစားအစာနဲ့ လိုအပ်တာတွေ ဝေငှပေးလျက်ရှိပါတယ်။ အမှန်ဆိုရင် မီးတောင်နားမှာ နေထိုင်တဲ့ဒေသခံတွေဟာ မီးတောင်ပေါက်ကွဲမှုဖြစ်လာရင် ဘာလုပ်ရမလဲဆိုတဲ့ အရေးပေါ်တုံ့ပြန်မှုတွေကို လေ့ကျင့်ထားပြီးသားပါ။ ဒါပေမယ့် လက်တွေ့ကြုံလာတဲ့အခါမှာတော့ဘာမှမလုပ်နိုင်တော့ပါဘူး။ ဘာလို့လဲဆိုတော့ ကနဦးပေါက်ကွဲမှုဖြစ်စဉ်မှာကိုပဲ လျင်လျင်မြန်မြန်ဖြစ်ပေါ်သွားခဲ့လို့ပါ။

### မြေပုံပေါ်က ပျောက်ကွယ်ခဲ့ရတဲ့ရွာများ

ဓာတ်ငွေ့တွေ ရောနှောနေတဲ့ အပူလှိုင်းကြီးနဲ့ မီးတောင်က ထွက်တဲ့ပစ္စည်းတွေဖြစ်တဲ့ ပြာပူ၊ မီးတောင်ကျောက်အစရှိတာတွေဟာလည်း မီးတောင်ပေါက်ကွဲမှုပြီးရင် ထပ်မံလွင့်စဉ်ထွက်လေ့ ရှိပါတယ်။ ဒါဟာလည်း ကြောက်မက်ဖွယ်ကောင်းတဲ့ခြိမ်းခြောက်မှုတစ်ခုပါ။ ဂွါတီမာလာ မီးတောင်ပေါက်ကွဲမှု ဗီဒီယိုဖိုင်ကို ကြည့်ရင် အလွန်ကိုကြောက်မက်ဖွယ်ကောင်းတဲ့ ဖြစ်စဉ်တစ်ခုဆိုတာအားလုံး သိကြမှာပါ။ မီးတောင်ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာရတဲ့ နောက်ဆက်တွဲဆိုးကျိုးတစ်ခုကတော့ ရွာတွေမြေပုံပေါ်ကနေ ပျောက်ကွယ်သွားရတာပါပဲ။ ဘော်ရစ်လို့ခေါ်တဲ့ ရွာသားတစ်ဦးကတော့ အခုအခါမှာ ပြန်စရာနေအိမ်မရှိတော့ပါဘူး။ သူ့အချစ်ရဆုံးသူ့ရွာလေးဟာ မီးတောင်ချော်ရည်တွေအောက် ရောက်သွားပါပြီ။

### လူပျောက်ရှာဖွေကြဖို့ လက်မလျှော့ချင်


ရွာကသူ့အိမ်လေးနဲ့အတူသူ့မိဘ၊ သူ့အစ်ကိုနဲ့ သူ့ကလေးသုံးယောက်ဟာလည်း သူ့ဘဝထဲက ပျောက်ဆုံးသွားခဲ့ပါပြီ။ မစ္စတာဘော်ရစ်လိုပါပဲ။ သူ့အိမ်နီးနားချင်းတွေမှာလည်းဒီလိုဝမ်းနည်းစရာဇာတ်လမ်းတွေ အပြည့်နဲ့ပါ။ မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားတုန်းက သူဟာ သူ့ရဲ့ကော်ဖီစိုက်ခင်းထဲမှာရှိနေပြီး သူ့ရွာဘက်ကို လှမ်းကြည့်လိုက်တဲ့အခါ သူတို့ရွာဟာလုံးဝပျက်စီးသွားတာကို တွေ့ခဲ့ရပါတယ်။ အလောင်းတွေကို ပြန်ရှာပေးနေတဲ့ရှာဖွေရေးသမားတွေအတွက်လည်း မီးလောင်နေတဲ့ နေရာတွေ အပူချိန်မြင့်မားနေတဲ့ နေရာတွေကနေ ပြန်ရှာပေးနေရတာမို့ တကယ်မလွယ်ပါဘူး။


မီးတောင်ပေါက်ကွဲမှုကြောင့် ဘေးလွတ်ရာကို ပြောင်းရွှေ့တဲ့အခါ လမ်းမထက်မှာလည်း ယာဉ်တွေနဲ့ ရှုပ်ထွေးလို့ နေပါတယ်။ မိသားစုပျောက်နေကြတဲ့ လူတွေကလည်း သူတို့ရဲ့မိသားစုဝင်တွေ အသက်ရှင်ကျန်ရှိနေဦးမလားဆိုတဲ့ မျှော်လင့်ချက်လေးနဲ့လူပျောက် ရှာဖွေကြဖို့စိတ်အားထက်သန်နေကြပါတယ်။ မလွယ်ကူတော့ဘူးဆိုတာသိပေမယ့် ဘယ်သူမှလက်မလျှော့ချင်ကြပါဘူး။

### မိသားစုတွေရဲ့ မျှော်လင့်ချက်


တချို့ကလည်း အလောင်းကို မြေမြှုပ်ခွင့်ရရှိရေးလေးလောက်ကို သာမျှော်လင့်တကြီးနဲ့ ဆက်လက်ရှာဖွေနေကြပါတယ်။ ဒီလိုကြေကွဲဖွယ်ရာဖြစ်ရပ်တွေကြားထဲမှာ နစ်မြုပ်မနေဘဲ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကိုဆက်လုပ်ရဦးမှာပါ။ လုံလောက်တဲ့သတိပေးမှုသာရရှိခဲ့မယ်ဆိုရင် ဒီလိုမဖြစ်ဘူးဆိုတဲ့ ဝေဖန်မှုတွေအောက်မှာ သဘာဝဘေး အရေးပေါ်တုံ့ပြန်ရေးအေဂျင်စီကလည်း ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းတွေ လုပ်ဆောင်ဆဲပါ။ သဘာဝတရားကပေးတဲ့ ဘေးအန္တရာယ်ကို ရှောင်ရှားဖို့ဆိုတာကလည်း တကယ်ကို မလွယ်ကူတဲ့အရာတစ်ခုပါ။ ။ **ကိုးကား-ဘီဘီစီ**

> "သဘာဝဘေးအရေးပေါ် အေဂျင်စီဟာ ဘာကြောင့်စွပ်စွဲမှုတွေနဲ့ ကြုံတွေ့နေရတာပါလဲ၊ အဖြေကတော့ ရှင်းပါတယ်။ မီးတောင်ပေါက်ကွဲမှုမတိုင်မီက ဘေးလွတ်ရာကို ပြောင်းရွှေ့ဖို့ သတိပေးချက် ရှင်းရှင်းလင်းလင်း ထုတ်ပြန်ထားပါလျက်နဲ့ လုံလောက်တဲ့ အသိပေးမှုတွေ ပြုလုပ်ဖို့ ပျက်ကွက်ခဲ့သလားဆိုတဲ့ အရေးပါတဲ့ မေးခွန်းတွေနဲ့ရင်ဆိုင်နေရ"


HTOO


CARTOON:




ဦးအံ့
နှင့်
ပန်းချီစုတ်တံ


ကာတွန်း
စမ်းချောင်းကိုကိုအောင်
ဖိုးမှာ.ဖက်တီးလာနေ
တာနဲ့အတော်ပဲ၊
ဖက်တီးရေ.ငါ့သုံးစရာ
ငွေပြတ်သွားလို့ကွာ၊
မင်းအမေကမင်း
ကိုမုန့်ဖိုးမှန်မှန်
မပေးဘူးလား...၊
ပေးတယ်၊ငါ
သုံးလိုက်လို့
ကုန်ပြီ၊
အဲဒါပေါ့ လူမိုက်နဲ့ငွေအတူ
မနေဆိုတာ...၊
ငါ့အမေဆို.ငါ့ကိုတစ်ပတ်
စာမုန့်ဖိုးကြိုပေးထား
တယ်၊
ဒါဆိုငါ့ကိုငွေနည်းနည်း
လောက်ချေးကွာ၊
ဖိုး.ငါ့မုန့်ဝယ်စားပစ်
လိုက်လို့ကုန်ပြီ၊
အင်...


သက်စု
ဧောင်နီ
ကျောင်းဖွင့်တော့ သူငယ်ချင်းတွေနဲ့
ပြန်တွေ့ရတာ ပျော်လိုက်တာ၊
မိုးရေထိလို့ မြက်ပင်လေးတွေ
စိမ်းစိမ်းစိုစို ပေါက်လာကြပြီ၊
ဖုန်မှုန့်တွေကပ်နေတဲ့ သစ်ရွက်
တွေလည်း မိုးရေနဲ့ဆေးချလိုက်
လို့ နဂိုအရောင်ပြန်ဖြစ်သွားပြီ၊
ငါလည်း တစ်နွေလုံး အိမ်တွင်း
အောင်းပြီး သရက်သီးကြွေတာ
ကောက်နေရလို့ ကျောင်းဖွင့်တော့
ဝင့်ကျွက်.....
ဟုတ်ပါ့နော်၊ အခု မိုးရာသီ
ရောက်လို့ သရက်သီးမကောက်
ရတော့ဘူး၊ ကောင်းတာပေါ့၊
အဲဒီလို ထင်နေတာ၊ မဟုတ်ရ
ပေါင်ဗျာ၊ လေတွေ မိုးတွေနဲ့
ကြွေလိုက်တဲ့ သရက်သီးနှယ်...

# ဟံသာဝတီလေဆိပ်တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ရန် ညှိနှိုင်းဆွေးနွေး

**ပဲခူး ဇွန် ၉**

ပဲခူးမြို့အနီးရှိ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေးကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ဇွန် ၈ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် ကျူးကျော်မှုများကို စာရင်းကောက်ယူခြင်းနှင့် လျော်ကြေးငွေပေးချေနိုင်ရေးတို့အတွက် ၂၀၁၆ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ လျော်ကြေးငွေပေးချေရန်အတွက် အဆင်သင့်အနေအထားသို့ ရောက်ရှိနေကြောင်း၊ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ်သည် နိုင်ငံတော်၏ စီမံကိန်းတစ်ခုဖြစ်ပြီး ဒေသအတွက်သာမက မြန်မာနိုင်ငံတစ်ခုလုံးအတွက် များစွာ အကျိုးကျေးဇူးဖြစ်ထွန်းနိုင်ကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကျူးကျော်ရှင်းလင်းမှုများ ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ရှင်းလင်းရန်လိုအပ်ပြီး အစိုးရမှ လျော်ကြေးပေးချေမှုများနှင့်ပတ်သက်၍လည်း ပြတ်ပြတ်သားသားဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် ဧရိယာအတွင်း ကျူးကျော်နေထိုင်သူများအား စာရင်းကောက်ယူပြီးစီးသည့် အခြေအနေကို ဝန်ကြီးဦးအောင်ဇော်နိုင်ကလည်းကောင်း၊ ကျူးကျော်နေထိုင်သူများနှင့် ကျူးကျော်စိုက်ပျိုးထားသူများအား လျော်ကြေးပေးလျော်နိုင်ရန် စီစဉ်ထားရှိမှု အခြေအနေများကို ဝန်ကြီးဦးညွန့်ရွှေက လည်းကောင်း၊ ကျူးကျော်နေထိုင်သူများသည် နိုင်ငံတော်စီမံကိန်းနယ်မြေအတွင်း ဝင်ရောက်ခြင်းဖြစ်၍ ဥပဒေနှင့်အညီ ထိထိရောက်ရောက် ဖြေရှင်း ဆောင်ရွက်မည့် အခြေအနေကို ဝန်ကြီး ဗိုလ်မှူးကြီးလှမျိုးရွှေကလည်းကောင်း အသီးသီး တင်ပြဆွေးနွေးခဲ့သည်။

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းကလည်း ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို အကောင်အထည်ဖော်



ဆောင်ရွက်ရန်အတွက် နိုင်ငံတော်မှအာမခံပြီး ပြည်ထောင်စုအဆင့်က ဂျပန်နိုင်ငံမှ နှစ်ရှည်ချေးငွေဖြင့် အမြန်ဆုံးဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း ဆွေးနွေးတင်ပြခဲ့ပြီးနောက် တက်ရောက်လာသည့် ကော်မတီဝင်များကလည်း လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့သည်။

ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် ရွှေ့ပြောင်းစရိတ်နှင့် နစ်နာကြေးပေးချေနိုင်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၄၉၅ ဒသမ ၇ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၅၀၀ စုစုပေါင်း ကျပ် ၉၉၅ ဒသမ ၇ သန်းကို ခွင့်ပြုထားပြီးဖြစ်ကြောင်းနှင့် ပထမအသုတ်အနေဖြင့် လေဆိပ်ဧရိယာအတွင်း ကျူးကျော်နေထိုင်သူများနှင့် လေယာဉ်ကွင်းပတ်လမ်း ပေ ၁၀၀ အတွင်း ပါဝင်သည့် သီးနှံပင်များအတွက် နစ်နာကြေးပေးလျော်၍ ဖယ်ရှားသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်**

# ပေဒါကျပ်သဖြင့် ရေယာဉ်များသွားလာရခက်ခဲ ကျုံပျော်၌ ဒေသထွက်ကုန်စိမ်းများ ဈေးကောင်းမရ

**ကျုံပျော် ဇွန် ၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ဒါးကချောင်းအတွင်းတွင် မိုးဦးကာလ ပေဒါကျပ်တောက်မှု များပြားသောကြောင့် ရေယာဉ်များသွားလာရာတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပြီး ကုန်စည်ပို့ဆောင်ရေးနှင့် ခရီးသည်များသွားလာရေး ကြန့်ကြာကာ ဒေသထွက်ကုန်စိမ်းပစ္စည်းများ ဈေးကောင်းမရခြင်းတို့ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ကျုံပျော်မြို့နယ်ရှိ မြစ်ကမ်းဘေးကျေးရွာအများစုမှာ မိုးရာသီတွင် ကုန်ကျစရိတ်သက်သာသော ရေယာဉ်များကို အဓိကအားကိုး၍ ကုန်စည်ဝယ်ယူပို့ဆောင်မှုကို ဆောင်ရွက်ကြကြောင်း၊ ယခုပေဒါကျပ်သောကြောင့် ပုံမှန်ပြေးဆွဲနေကျရေယာဉ်များမှာ ရက်ခြား သို့မဟုတ် စုပေါင်းပြေးဆွဲမှုများ ပြုလုပ်နေကြရကြောင်း ရေယာဉ်ပိုင်ရှင်များ အသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းဦးထံမှ သိရသည်။ ၎င်းကဆက်လက်၍ ချောင်းရိုးတစ်လျှောက်ပေဒါကျပ်သောကြောင့် ယခင်ဆီနှစ်ဂါလန်သာကုန်သော လမ်းခရီးကို ယခု ငါးဂါလန်၊ ယခင် ခြောက်ဂါလန်ကုန်သောခရီးကို ယခု ၁၄ ဂါလန်ခန့် ကုန်မှရောက်ကြောင်း၊ အချိန်နှင့်ငွေကုန်ကျမှုများသောကြောင့် စက်လှေသမားများ၊ ခရီးသွားများ အခက်အခဲဖြစ်ကြရကြောင်း၊ ပေဒါကျပ်ရခြင်းမှာ မြစ်ကမ်းဘေးနေထိုင်သူများက တိရစ္ဆာန်အစာအဖြစ်လည်းကောင်း၊ ငါးရှာဖွေလိုသူများက ငါးနေရန်ချုံများ၊ ဝါးများခတ်လျက် ပေဒါမွေးမြူထားခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

မိုးတွင်းကာလရောက်သောအခါ အပင်ပွားနှုန်း လွန်စွာလျင်မြန်သောကြောင့် ပေဒါကျပ်ခြင်းဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။ နှစ်စဉ်လိုလိုဖြစ်ပေါ်နေသော ပေဒါကျပ်ခြင်းကို ဖြေရှင်းဆောင်ရွက်နိုင်မှသာ ဒေသထွက်သီးနှံနှင့် ကုန်ပစ္စည်းများ ဈေးကွက်သို့ အချိန်မီတင်ပို့နိုင်ပြီး သင့်တင့်သောဈေးနှုန်းများ ရရှိနိုင်ကြောင်း၊ ဒေသထွက် ငှက်ပျောတစ်ခိုင်ကို ရေလမ်းဖြင့်သယ်ယူပါက တစ်ခိုင်လျှင် ၂၅၀ ၊ ၃၀၀ ကျပ်သာ ကျသင့်ပြီး ကုန်းလမ်းခရီးဖြင့် သယ်ယူပါက ကျပ် ၇၅၀ အထိပေးရသော ကြောင့် စရိတ်ကြီးမြင့်ကြောင်း၊ အရေအတွက်များသည်နှင့်အမျှ ကုန်ကျစရိတ်လည်းများကြောင်း၊ နှစ်စဉ်ပေဒါကျပ်သော အခက်အခဲကို ဖြေရှင်းနိုင်မှသာ ဒေသထွက်ကုန်ပစ္စည်းများ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကျုံပျော်မြို့နယ်မှနေ၍ ရေလမ်းခရီးကို ကျောင်းကုန်းမြို့၊ အိမ်မဲမြို့၊ မြောင်းမြမြို့နှင့် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများသို့ ဆက်သွယ်သွားလာလျက်ရှိပြီး ဒေသထွက်ကုန်ပစ္စည်းများကို ပို့ဆောင်ရောင်းဝယ်လျက်ရှိကြောင်း၊ ပေဒါကျပ်သောကြောင့် ကုန်စိမ်းပစ္စည်းများကို အခြားမြို့နယ်များသို့ သွားရောက်ရောင်းချနိုင်မှု အားနည်းကာ မိမိမြို့ဈေးကွက်သို့သာ တင်ပို့နိုင်ပြီး ကုန်ပစ္စည်းပေါသောကြောင့် ဈေးကောင်းမရရှိခြင်းများ၊ အရှုံးပေါ်ခြင်းများ ကြုံတွေ့ရကြောင်းလည်း ခြံစိုက်ပျိုးရေးလုပ်ကိုင်သူများထံမှ သိရသည်။

**နေဝင်းမြင့်**



# သထုံမြို့နယ်တွင် လာမည့်နှစ် ရော်ဘာအထွက်နှုန်း လျော့နည်းလာနိုင်

**သုဝဏ္ဏဝတီ ဇွန် ၉**

ယခုနှစ်တွင် ရော်ဘာစေးခြစ်ရာသီ ကုန်ဆုံးချိန်ရောက်သည်အထိ မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံ ရော်ဘာစိုက်ပျိုးသူများ မျှော်လင့်ထားသည့် ရော်ဘာဈေးကွက်ဖြစ်ပေါ်မလာဘဲ ဈေးနှုန်းများ ကျဆင်းခဲ့သည့်အတွက် တစ်နိုင်တစ်ပိုင် ရော်ဘာစိုက်ပျိုးသူများအနေဖြင့် ဆက်လက်စိုက်ပျိုးရန် စိတ်ဝင်စားမှု နည်းပါးလာကြသောကြောင့် လာမည့်နှစ်တွင် ရော်ဘာစိုက်ပျိုးမှုရောအထွက်နှုန်းပါ လျော့ကျလာနိုင်ကြောင်း သိရသည်။

ယခုနှစ် ရော်ဘာပေါက်ဈေးနှုန်းသည် ယခင်နှစ်ကထက် တိုးတက်မလာသည့်အပြင် ပိုမိုကျဆင်းလာမှုကြောင့် တစ်နိုင်တစ်ပိုင် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူ ခြံရှင်များအနေဖြင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကို စိတ်ဝင်စားမှုနည်းပါးလာကြောင်း သိရသည်။

“ရော်ဘာထပ်စိုက်ဖို့ မပြောပါနဲ့၊ ရှိထားတဲ့ ခြောက်ကွက်စာ(၁၀ ဧကခန့်)ကို လူငှားနှစ်ယောက်ပဲ ရတယ်၊ အလုပ်သမားရှားတဲ့အတွက် အလုပ်သမားလခလည်း တိုးပေးရ၊ ရော်ဘာဈေးကလည်းမကောင်း၊ အစေးရည်ထွက်နှုန်းကလည်း နည်း၊ မျိုးမကောင်းဘူးပြောလို့ ဒီနှစ်မှာ ဓာတ်မြေသြဇာ အကုန်ကျခံကျွေးလည်း ဒီအတိုင်းပဲ၊ ကိုယ်တိုင်လည်း ရော်ဘာပြားကြိတ်ရတယ်၊ အခုမိုးရွာတော့ ခြံပိတ်ပါပြီ၊ နောက်နှစ်ဆိုရင် ထပ်စိုက်ဖို့တော့ ဈေးက မကောင်းဘူးဆိုတော့ မပြောတတ်တော့ဘူး”ဟု ဝင်းပကျေးရွာမှ ခြံရှင်တစ်ဦးက ပြောသည်။

သိမ်ဆိပ်ရပ်ကွက်မှ ရော်ဘာရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးကလည်း “ရော်ဘာဈေးက မေလကုန်ပိုင်းက မှိုင်းကျ တစ်ပေါင် ၇၅၅ ကျပ်နဲ့ တက်လာမလားလို့ထင်တာ၊ အခု တစ်ပေါင် ၇၂၀ ကျပ် ဈေးကျသွားတယ်၊ ကျွန်တော်တို့လို တတိယလက်ခွဲဒိုင်တွေ အနေနဲ့က ဈေးပေးရတာ ခက်တယ်၊ နေ့တိုင်းလိုလို ဈေးက မငြိမ်ဘူး၊ တက်လိုက် ကျလိုက်နဲ့ ဝယ်ရတာ အဆင်မပြေပါဘူးဗျာ”ဟု ဆိုသည်။ ပြီးခဲ့သည့်နှစ်က ယခုအချိန်တွင် ရော်ဘာမှိုင်းကျသည် တစ်ပေါင်လျှင် ၈၄၀ ကျပ်ဈေးနှုန်း ရှိကြောင်းလည်း ၎င်းက ပြောသည်။

မွန်ပြည်နယ်သည် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကို အဓိကအားထားသည့် ပြည်နယ်တစ်ခုဖြစ်ပြီး ရော်ဘာစိုက်ဧကပေါင်း တစ်သိန်းခွဲကျော်ရှိကြောင်း သိရသည်။ ယခင်နှစ်များက မွန်ပြည်နယ်အတွင်းမှ အရည်အသွေးမီ ရော်ဘာများ ထုတ်လုပ်နိုင်ရေးအတွက် ရော်ဘာသန့်စင်စက်ရုံများ တည်ဆောက်ပေးရန်၊ ရော်ဘာစိုက်တောင်သူများအား ချေးငွေများ ထုတ်ချေးပေးရန်နှင့် နည်းပညာများ ကူညီပံ့ပိုးပေးရန်၊ ရော်ဘာဈေးနှုန်းများ တည်ငြိမ်မှုရှိအောင် စနစ်တကျ သတ်မှတ်ဆောင် ရွက်ပေးရန် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြောဆိုခဲ့သော်လည်း တစ်နှစ်ခန့်ကြာသည့် ယခုအချိန်အထိ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း မရှိသောကြောင့် ဒေသတွင်းမှ တစ်နိုင်တစ်ပိုင် ရော်ဘာစိုက်ပျိုးသူများ အနေဖြင့် ယခုလို ရော်ဘာဈေးနှုန်းကျဆင်းနေသည့် အခြေအနေတွင် ရော်ဘာလုပ်ငန်းကို ဆက်လက်လုပ်ကိုင်နိုင်ရန် အခက်အခဲများရှိနေကြောင်း သိရသည်။

**ခွန်(ဝင်းပ)**



ရော်ဘာပြားကြိတ်ခြင်းကို ကိုယ်တိုင်လုပ်နေသော ခြံရှင်တစ်ဦး။

# ဖားဆောင်းမြို့နယ်မှ ကျေးလက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များထုတ်ပေး

**ဖားဆောင်း ဇွန် ၉**

ကယားပြည်နယ် ဘော်လခဲခရိုင် ဖားဆောင်းမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဝန်ထမ်းများနှင့် NRC အဖွဲ့တို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ခဲမဖြူကျေးရွာမှ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်း၊ အသစ်လဲလှယ်ပေးခြင်းများကို ဇွန် ၈ ရက်က အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဘော်လခဲခရိုင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်း၊ ဖားဆောင်းမြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ထွန်းနှင့် ဝန်ထမ်းများနှင့် NRC အဖွဲ့မှ အဖွဲ့ဝင်များက ခဲမဖြူကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းဖြစ်ပြီး အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၈ ကတ်၊ အသက် ၁၈ နှစ်ပြည့် လေးကတ်၊ အသက် ၁၈ နှစ်ပြည့်လဲလှယ် ၁၄ ကတ်၊ ပျောက်ပျက်မိတ္တူ လေးကတ်နှင့် အိမ်ထောင်စုမွေးဖွားတိုး ၁၉ ဦးတို့အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီး အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# အိမ်မဲမြို့နယ်၌ သဘာဝဘေးကာကွယ်ရေး အသိပညာပေးဟောပြောပြီး တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသ

**အိမ်မဲ ဇွန် ၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် တိုင်းရင်းဆေးကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသပေးခြင်းကို ဇွန် ၉ ရက်က ညောင်ကုန်းချောင်းဖျားကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် သဘာဝဘေးအန္တရာယ်အကြောင်းနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို အိမ်မဲမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းအေးရင်နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ဖွေးဖွေးလှိုင်တို့ကလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးက စာပေဖတ်ရှုခြင်း အကျိုးကျေးဇူးများနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းကိုလည်းကောင်း၊ တိုင်းရင်းဆေးခန်းမှူး ဒေါ်တင့်ခိုင်စိုးက မိုးရာသီတွင်ဖြစ်တတ်သော ရောဂါများအကြောင်းကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆရာမ ဒေါ်တင်တင်ရီက သွေးလွန်တုပ်ကွေးရောဂါအကြောင်းကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြသည်။

ထို့နောက် တိုင်းရင်းဆေးကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ချောင်းဆိုး



ရင်ကြပ်၊ ဒူးနာ၊ ခါးနာ၊ အဆစ်အမျက်ကိုက်၊ အကြောတက်၊ ခေါင်းမူး၊ ခေါင်းကိုက်စသည့် ရောဂါအမျိုးမျိုးရှိသော ဒေသခံပြည်သူများအား အခမဲ့ ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း နယ်လှည့်စာဖတ်ဝိုင်းများ ပြုလုပ်ပေးခဲ့ပြီး အသိပညာပေး နံရံကပ်စာစောင်ပြခန်းနှင့် ဓာတ်ပုံပြခန်းများလည်း ဖွင့်လှစ်ပြသခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ကော်ဖီစိုက်ပျိုးထုတ်လုပ်ရန် နေပြည်တော်၌ သင်တန်းဖွင့်

**နေပြည်တော် ဇွန် ၉**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားအရှေ့ခြမ်း အထက်ပေါင်းလောင်းဒေသ ကျေးရွာများတွင် ကော်ဖီပင်များ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ စနစ်တကျ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများအဖြစ် တိုးမြှင့်လာရန်အတွက် နေပြည်တော် ကောင်စီနယ်မြေအတွင်း ၂၀၁၈ ခုနှစ် မိုးရာသီကော်ဖီစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး လိုအပ်ချက်ဖြစ်သော ကော်ဖီစိုက်ပျိုးထုတ်လုပ်နည်းပညာသင်တန်းကို စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲက ကြီးမှူး၍ ပြဒါးချောင်းကျေးရွာ၌ ဇွန် ၇ ရက်မှ ၉ ရက်အထိ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ ဒက္ခိဏခရိုင်ဦးစီးမှူး ဦးလှငြိမ်း၊ ပျဉ်းမနားမြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းလင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးရဲမြင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာ ရှစ်ရွာမှ ကော်ဖီတောင်သူ ၆၀ တို့ တက်ရောက်ကြပြီး ညွှန်ကြားရေးမှူးက မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ အရှေ့ပေါင်းလောင်းဒေသတွင် နှစ်စဉ် ကော်ဖီစိုက်ဧက တိုးတက်လာစေရန် ဌာနမှပံ့ပိုးသွားမည့် အစီအစဉ်များ၊ ယခု သင်တန်းပို့ချမှုတွင် ကော်ဖီစိုက်ခင်းတည်ထောင်ခြင်း၊ ကိုင်းဖြတ်ပြုပြင်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမရှိစေသော သစ်ပင်များ၏ အောက်ခြေတွင် ကော်ဖီစိုက်ပျိုးမှု(Agro Forestry)စိုက်ပျိုးခြင်း အသိပညာများပါ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဒက္ခိဏခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးလှငြိမ်းက ကော်ဖီအပါအဝင် အထက်ပေါင်းလောင်းဒေသ ရေမြေရာသီဥတုနှင့် ကိုက်ညီသော သီးနှံစုံစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ကူညီပံ့ပိုးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌက မြန်မာ့ကော်ဖီဈေးကွက်၊ ကမ္ဘာ့ကော်ဖီဈေးကွက် အခြေအနေများနှင့် ပေါင်းလောင်းဒေသ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအသင်း ဖွဲ့စည်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့် အသင်း၏ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

မြန်မာ့ကော်ဖီသည် ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နေပြီဖြစ်သည့်အတွက် အလားအလာ များစွာကောင်းမွန်သဖြင့် စီးပွားဖြစ် ခြံကျယ်စိုက်ပျိုးထုတ်လုပ်မှုများအပြင် အိမ်ခြံဝင်းစိုက် လုပ်ကွက်ငယ် တောင်သူများကပါ တိုးချဲ့စိုက်ပျိုးမှုများ ရှိလာ၍ စနစ်တကျ စိုက်ပျိုးတတ်စေရန်နှင့် လက်ရှိကော်ဖီစိုက်ပျိုးပြီးသူများအနေဖြင့် စနစ်ကျသော ထုတ်လုပ်မှုလုပ်ငန်းများ၊ အထူးတန်းဝင် ကော်ဖီအရည်အသွေးနှင့် ကော်ဖီဈေးနှုန်းများအကြောင်းကို သိရှိစေရန် ရည်ရွယ်၍ စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲက ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု သင်တန်းများ ပို့ချပေးလျက်ရှိရာ စိတ်ပါဝင်စားသူများအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ်(နေပြည်တော်)သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး**



## နယ်လှည့်အခမဲ့ တီဘီရောဂါရှာဖွေကုသရေး မိုးကောင်းမြို့၌ ဆောင်ရွက်

**မိုးကောင်း ဇွန် ၉**

ကချင်ပြည်နယ် တီဘီရောဂါတိုက်ဖျက်ရေးဌာနအနေဖြင့် နယ်လှည့် အခမဲ့တီဘီရောဂါရှာဖွေကုသမှုကို မိုးကောင်းမြို့နယ်အတွင်း ဇွန် ၄ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တီဘီသံသယလူနာများအား အခမဲ့ ဓာတ်မှန်ရိုက်ပေးခြင်း၊ သလိပ်စစ်ပေးခြင်းနှင့် ရောဂါရှိသူများအား တီဘီဆေးဝါးများ ကုသပေးခြင်းဖြစ်ကာ နမ္မတီး မြို့မရပ်ကွက်၊ လမ်းခွ၊ ဆားမော်ကျေးရွာတို့၌ ဇွန် ၄ ရက်မှ စတင်ကုသပေးခဲ့ကြပြီး ဇွန် ၈ ရက်က မိုးကောင်းမြို့ နန့်ရင်းရပ်ကွက် သောင်ဦးကျောင်းတိုက်ဓမ္မာရုံ၌ အခမဲ့ ကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါကုသရေးတွင် မိုးကောင်းမြို့နယ် ဆရာဝန်ကြီး ဒေါက်တာသန်းဦးနှင့် ဝန်ထမ်းများ၊ ဓာတ်မှန်ဓာတ်ခွဲ ကျွမ်းကျင်ဆရာဝန်များက တီဘီရောဂါရှိသူများအား ရှာဖွေဖော်ထုတ် ကုသပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## လယ်ဝေးမြို့နယ်၌ လူမှုဖူလုံရေးအရ အကျိုးခံစားခွင့်များထုတ်ပေး

**နေပြည်တော် ဇွန် ၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအောက်ရှိ မိတ်ဖက်ဌာနများ၏ အသိပညာပေး ဟောပြောပွဲနှင့် လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို လယ်ဝေးမြို့နယ် ရေနီ-တောင်စဉ်အေး သကြားစက်ရုံ၌ ဇွန် ၆ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနုက အမှာစကားပြောကြားပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအောက်ရှိ မိတ်ဖက်ဌာနများဖြစ်သော အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများမှ ဌာနအသီးသီး၏ ဥပဒေအကြောင်း သိမှတ်ဖွယ်ရာများကို ရှင်းလင်းဟောပြောသည်။

ထို့နောက် လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနုက လူမှုဖူလုံရေးအဖွဲ့၏ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ ထုတ်ပေးလျက်ရှိသည့် အကျိုးခံစားခွင့်များအကြောင်းကို အသေးစိတ် ရှင်းလင်းပြောကြားကာ လယ်ဝေးမြို့နယ် ရေနီ-တောင်စဉ်အေး သကြားစက်ရုံမှ လုပ်ငန်းခွင်ပြင်ပတွင် တာဝန်ထမ်းဆောင်ရင်း ထိခိုက်မှုကြောင့် သေဆုံးသွားသော ယာဉ်မောင်း(၃) ဦးစောဟန်၏ ကျန်ရစ်သူမိသားစုအတွက် အကျိုးခံစားခွင့်ပြုငွေ ကျပ် ၃၂၆၇၀၀၀ ကို ကွယ်လွန်သူ၏ဇနီးထံ ထုတ်ပေးခဲ့သည်။ ထို့နောက် အကျိုးခံစားခွင့်ရရှိသူကိုယ်စား တောင်စဉ်အေး သကြားစက်ရုံမှ စက်ရုံမှူး ဦးစိန်ဝင်းမျိုးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ဆေးဝါးကုသမှုပေးခြင်းနှင့် ငွေလက်ငင်းအကျိုးခံစားခွင့် ထုတ်ပေးလျက်ရှိရာတွင် ဥပဒေစတင်ခဲ့သည့် ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ လေးနှစ်တာကာလအတွင်း အကျိုးခံစားခွင့် အမှုတွဲပေါင်း ၈၂၉၃၀၅ မှုအတွက် ကျပ် ၂၃၄၄၉ ဒသမ ၀၇ သန်းကို ခွင့်ပြုထုတ်ပေးပြီးဖြစ်ကာ လူမှုဖူလုံရေးအဖွဲ့က အာမခံအလုပ်သမားများနှင့် မိသားစုများ လူမှုဘဝလုံခြုံမှုရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် သတင်းမီဒီယာ ဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန် ဇွန် ၉**

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ သတင်းမီဒီယာ ဆင့်ပွားသင်တန်း အမှတ်စဉ်(၅)ကို ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် အစည်းအဝေးခန်းမ၌ ဇွန် ၉ ရက်က ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေက တရားစီရင်ရေး မဟာဗျူဟာစီမံကိန်းနှင့် ရည်မှန်းချက်များကို သိရှိနားလည်ပြီး တရားရုံးနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ပြည်သူများသို့ ဖြန့်ဝေရာတွင် ထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊ လက်တွေ့နယ်ပယ်တွင်လည်း အများပြည်သူသို့ တရားရုံးမှ တိကျမှန်ကန်သော သတင်းအချက်အလက်များ ထုတ်ပြန်နိုင်ရေး၊ တရားစီရင်ရေးကဏ္ဍနှင့် သတင်းမီဒီယာဆက်ဆံရေး တိုးတက်လာစေရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်ကြရန် သင်တန်းသား သင်တန်းသူများအား မှာကြားသည်။ သင်တန်းသို့ တရားရေးဝန်ထမ်း သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက်ကြကြောင်း သိရသည်။

**ရွှေအင်းသားခင်မောင်ဝင်း**

## မကွေးမြို့ပေါ်တွင် တစ်ရက်အမှိုက်ထွက်ရှိမှု၏ ၆၀ ရာခိုင်နှုန်းကိုသာ သိမ်းဆည်းနိုင်

**မကွေး ဇွန် ၉**

မကွေးမြို့ပေါ်တွင် လက်ရှိ အမှိုက်သိမ်းဆည်းနိုင်မှုမှာ တစ်ရက်ထွက်ရှိသည့်အမှိုက်၏ ၆၀ ရာခိုင်နှုန်းကိုသာ သိမ်းဆည်းနိုင်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးမှူး ဦးထင်အောင်၏ ပြောကြားချက်အရ သိရသည်။

ဇွန် ၆ ရက်က ၎င်း၏ရုံးခန်းတွင် သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့ခြင်းဖြစ်ပြီး မကွေးမြို့ပေါ်တွင် တစ်ရက် အမှိုက်တန်ချိန် ၆၀ ထွက်ရှိကြောင်း၊ ယင်းအမှိုက်များကို မကွေးမြို့နယ် စည်ပင်သာယာရေးပိုင် အမှိုက်သိမ်းယာဉ် ၁၄ စီးနှင့် တိုင်းဒေသကြီးအစိုးရမှ ထောက်ပံ့ထားသည့် အမှိုက်သိမ်းယာဉ် တစ်စီး စုစုပေါင်း ၁၅ စီးဖြင့် သိမ်းဆည်းသော်လည်း ထွက်ရှိသည့် အမှိုက်တန်ချိန်များသဖြင့် အမှိုက်သိမ်းဆည်းနိုင်မှုမှာ တစ်ရက်လျှင် ၆၀ ရာခိုင်နှုန်းသာ သိမ်းဆည်းနိုင်ကြောင်း တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ဦးစီးမှူးက ပြောသည်။

"အမှိုက်သိမ်းယာဉ်နဲ့ ဝန်ထမ်းလိုအပ်ချက်ကြောင့် အမှိုက်သိမ်းဆည်းမှု ရာခိုင်နှုန်းအပြည့် မသိမ်းဆည်းနိုင်တာပါ၊ ဒါကြောင့် အမှိုက်အများဆုံးထွက်ရှိတဲ့ ဈေးတို့၊ စားသောက်ဆိုင်တို့ နေရာတွေကို နေ့စဉ်ပုံမှန် အမှိုက်သိမ်းယာဉ် သွားပါတယ်၊ အမှိုက်အထွက်နည်းတဲ့ ရပ်ကွက်တွေကိုတော့ အလှည့်ကျပုံစံမျိုးနဲ့အမှိုက်သိမ်းပါတယ်"ဟုလည်း ၎င်းက ဆက်ပြောသည်။



မကွေးမြို့ပေါ်တွင် အမှိုက်သိမ်းဆည်းသည့်ယာဉ် လိုအပ်ချက်မှာ နောက်ထပ် ငါးစီးခန့် လိုအပ်ကြောင်း၊ ထို့အပြင် ဝန်ထမ်းလိုအပ်ချက်များလည်းရှိသဖြင့် ဘဏ္ဍာရေးနှစ်အလိုက် အမှိုက်သိမ်းယာဉ်များ ဝန်ထမ်းအင်အားများ ဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း သိရသည်။ "မကွေးမြို့ပေါ်ကအမှိုက်တွေကို ရာခိုင်နှုန်းပြည့် သိမ်းဆည်းနိုင်ဖို့ နောက်ထက်သုံးနှစ်ခန့်ဆိုရင် ပြည့်မီအောင် ဆောင်ရွက်သွားမှာပါ"ဟု ၎င်းက ဆက်ပြောသည်။ မကွေးမြို့ပေါ်မှထွက်ရှိသည့် အမှိုက်များကို မကွေးမြို့နှင့် နှစ်မိုင်ခန့် ဝေးသည့် ချောက်ထဲတွင် သွားရောက်စွန့်ပစ်ကြောင်းလည်းသိရသည်။ **ဇော်ဇော်(မြို့သစ်)**

## အာရှဖွံ့ဖြိုးရေးဘဏ်စာရင်းအဖွဲ့မှ တာဝန်ရှိသူများ ငပုတောမြို့နယ်အတွင်း ကွင်းဆင်းစစ်ဆေး

**ငပုတော ဇွန် ၉**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်း အာရှဖွံ့ဖြိုးရေးဘဏ်မှ ဆောင်ရွက်နေသော ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်းဝင် ကျေးရွာများဖြစ်သည့် ဘေသေးလှကျေးရွာ၊ စက်ကုန်းကျေးရွာနှင့် အုပ်ရှစ်ကွင်းကျေးရွာတို့တွင် ဆောင်ရွက်နေသော လုပ်ငန်းများကို အာရှဖွံ့ဖြိုးရေးဘဏ်စာရင်းစစ်အဖွဲ့မှ တာဝန်ရှိသူများက ဇွန် ၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာများတွင် ဆောင်ရွက်နေသည့် စာသင်ကျောင်းအဆောက်အအုံ ဆောက်လုပ်ခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်ပြီး အာရှဖွံ့ဖြိုးရေးဘဏ်စာရင်းစစ်အဖွဲ့ဝင်များသည် ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီများ၊ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံကာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဝင်ငွေမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှု အခြေအနေများကိုလည်း မေးမြန်းဆွေးနွေးခဲ့ကြသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

## မိတ္ထီလာခရိုင်၌ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းပေါင်း ၁၀၅ ကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်

**မိတ္ထီလာ ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် မိတ္ထီလာမြို့နယ်တွင် ၂၄ ကျောင်း၊ သာစည်မြို့နယ်တွင် ၁၃ ကျောင်း၊ ဝမ်းတွင်းမြို့နယ်တွင် ၄၄ ကျောင်း အပါအဝင် စုစုပေါင်း ကျောင်းပေါင်း ၁၀၅ ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် မိတ္ထီလာခရိုင်အတွင်း၌ အထက်တန်းကျောင်း ခြောက်ကျောင်း၊ အထက်တန်းကျောင်းခွဲ ၁၇ ကျောင်း၊ အလယ်တန်းကျောင်း ၃၄ ကျောင်း အလယ်တန်းကျောင်းခွဲ ၁၈ ကျောင်း၊ မူလွန်ကျောင်း ၁၈ ကျောင်း၊ မူလတန်းကျောင်း ခြောက်ကျောင်း၊ မူလတန်းကျောင်း(ခွဲ)ခြောက်ကျောင်း စုစုပေါင်း ၁၀၅ ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ရာ မိတ္ထီလာမြို့နယ်တွင် အထက်တန်းကျောင်းခွဲများဖြစ်သည့် တောမနှင့် တည်ပင်ကုန်းတို့ကို အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပြီး အလယ်တန်းကျောင်းများဖြစ်သည့် ဖက်တော၊ ဒီးဒုတ်တောင်၊ အမှတ်(၃)၊ လေတပ်ကျောင်းများကို အထက်တန်းခွဲအဖြစ် အဆင့်တိုးမြှင့်ခဲ့သည်။

ထို့နောက် အလယ်တန်းကျောင်း(ခွဲ) များဖြစ်သည့် ပြည်သာယာ၊ သံဘို၊ သပြေကန်၊ အုံတုံ၊ သီးပင်ကုန်း၊ ကူတော်၊ ကန်တောင်၊ ညောင်ကုန်း(ရ)၊ သဖန်းပင်ကျောင်းများကို အလယ်တန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့်ပြီး မူလွန်ကျောင်းများဖြစ်သည့် ကမ္ဘာ့တဲ၊ လက်ပံ့အိုင့်၊ နဘဲကုန်း၊ အုတ်ဖိုကြာကန်၊ ခင်လူး၊ရေငံကျောင်းများကို အလယ်တန်းကျောင်းခွဲများအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့သည်။ ထို့နောက် ကျောက်ဖြူကုန်းမူလတန်းကျောင်းကို မူလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပြီး မကျီးကန်းနှင့် ကျောက်အိုးကိုယ်ပိုင်ကျောင်းများကို မူလတန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

**တင်ဒါပိတ်မည့်ရက်** - ၁၄-၆-၂၀၁၈ရက်
**တင်ဒါပိတ်မည့်အချိန်နှင့်နေရာ** - ၁၄း၀၀နာရီ
ပစ္စည်းစီမံရေးဌာန၊
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်
ကွပ်ကဲရေးဦးစီးဌာန၊
ရုံးအမှတ်(၂၇)၊ နေပြည်တော်

တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန(www.moee.gov.mm) တွင် Download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
## ပထမနှစ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၊ စိုက်ပျိုးရေးသိပ္ပံဘွဲ့(B.Agr.Sc) (၅)နှစ်သင်တန်းအတွက် ၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ အမျိုးသားဦးရေ ၁၅၀ နှင့်အမျိုးသမီးဦးရေ ၁၅၀ စုစုပေါင်း ၃၀၀ ဦး လက်ခံမည်။

၃။ လျှောက်ထားသူသည်-
- (က) ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသား ဖြစ်ရမည်။
- (ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ ဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။
- (ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် ၄၀၀ နှင့်အထက် ရရှိသူ ဖြစ်ရမည်။
- (ဃ) ကွင်းလက်တွေ့လုပ်ငန်းများတွင် ကျောင်းသား ကျောင်းသူများ ကိုယ်တိုင် ပါဝင်လေ့ကျင့် လုပ်ဆောင်ကြရမည်ဖြစ်ပါသဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် ကျန်းမာရေး(က)အဆင့်ရှိပြီး ကိုယ်လက်အင်္ဂါပြည့်စုံသူဖြစ်ရမည်။

၄။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာပုံစံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပြီး မိမိအစီအစဉ်ဖြင့် (A4-Size)ကွန်ပျူတာရိုက်၍ လျှောက်ထားနိုင်သလို အောက်ပါ Link များတွင်လည်း Download ဆွဲ၍ ရယူနိုင်ပါသည်။
(www.yau.edu.mm/category/news)
(https://www.facebook.com/Yezin Agricultural University)

၅။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည်။
- (က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက် (မူရင်း)
- (ခ) အမှတ်စာရင်း(မူရင်း)
- (ဂ) လျှောက်ထားသူနှင့် မိဘနှစ်ပါးတို့၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)
- (ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်း၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်(မူရင်း)
- (င) လိုင်စင်ဓာတ်ပုံ(၃)ပုံ

၆။ လျှောက်လွှာကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာန၊ ရေဆင်းသို့ လိပ်မူ၍ ၁၇-၈-၂၀၁၈ ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပေးပို့ရမည်။ သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မမှန်မကန်ဖော်ပြ၍ လျှောက်ထားကြောင်း စစ်ဆေးတွေ့ရှိပါက ရွေးချယ်ခြင်းခံရစေကာမူ ပယ်ဖျက်ခြင်း၊ တက္ကသိုလ်မှ ထုတ်ပယ်ခြင်းခံရမည်။

၇။ အကယ်၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့်ဆုံးရှုံးမှု မဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသော နည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ အိတ်ဖြင့် အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန် လိုအပ်မည်ဖြစ်သည်။

၈။ အသေးစိတ်သိရှိလိုပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာန ဖုန်း-၀၆၇-၃၄၁၆၅၁၂နှင့် ဝန်ထမ်းရေးရာဌာန ဖုန်း-၀၆၇-၃၄၁၆၅၁၃ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**
**ပထမနှစ်ဝင်ခွင့်လျှောက်လွှာ**
**(၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ**
**အောင်မြင်သူများအတွက်သာ)**

**ဓာတ်ပုံ ကတ်ရန်**

၁။ အမည်(အပြည့်အစုံ)-----နိုင်ငံသားစိစစ်ရေးကတ်အမှတ်---------
၂။ မွေးသက္ကရာဇ်(ခုနှစ်၊ လ၊ ရက်)----------------------
၃။ တက္ကသိုလ်ဝင်စာမေးပွဲခုံအမှတ်----ခုနှစ်-----စာစစ်ဌာန--------
၄။ လူမျိုး-----------ကိုးကွယ်သည့်ဘာသာ---------------
၅။ အမြဲတမ်းနေထိုင်သောလိပ်စာ------------------------
၆။ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်----------------------
၇။ ဖခင်အမည်----------နိုင်ငံသားစိစစ်ရေးကတ်အမှတ်----------
အလုပ်အကိုင်-------------ဖုန်းနံပါတ်----------------
မိခင်အမည်------------နိုင်ငံသားစိစစ်ရေးကတ်အမှတ်--------
အလုပ်အကိုင်-------------ဖုန်းနံပါတ်----------------
၈။ ဝန်ခံချက်
အထက်ဖော်ပြပါအချက်အလက်များမှန်ကန်ပါသည်။

ရက်စွဲ။ ----------- -----------------
ဝင်ခွင့်လျှောက်ထားသူလက်မှတ်

အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပါသည်။

ရက်စွဲ။ ----------- ----------------
**မိဘ/အုပ်ထိန်းသူလက်မှတ်**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ပြည်သူ့ဆေးရုံကြီး၊ စစ်ကိုင်းမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကြီး စစ်ကိုင်းမြို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သာ FDAအသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲ/ဓာတ်မှန်ခန်းအတွက်လိုအပ်သော ဆေးဝါးပစ္စည်းကိရိယာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** -၇-၆-၂၀၁၈
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** -၂၇-၆-၂၀၁၈

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောင်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ပြည်သူ့ဆေးရုံကြီး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး**
**ဖုန်း-၀၇၂-၂၁၀၃၅**

## အိတ်ပိတ်တင်ဒါ (Close Tender) ခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လိပ္ပတ်ကျေးရွာ၊ အမှတ် (၄) လမ်းမကြီးအနီး၊ မှော်ဘီမှ အောက်ဖော်ပြပါ စွန့်ပစ်ပစ္စည်းများကို ရောင်းချလိုပါ၍ အိတ်ပိတ်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| **ရောင်းချမည့်ပစ္စည်း** | **ရောင်းချပုံ** |
|---|---|
| ငါးစာ အစာဖတ် | ပိဿာဈေးနှုန်း |

၁။ တင်ဒါပေးသွင်းမှုကို ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၀ ရက်အတွင်း) နောက်ဆုံးထား၍ ရုံးချိန်အတွင်း လာရောက်တင်သွင်းနိုင်ပါသည်။
၂။ တင်ဒါတွင် တင်ဒါဝင်ရောက်သူ၏ လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ် ပြည့်စုံစွာဖော်ပြရန်။ ကုမ္ပဏီ/စက်ရုံမှ ရောင်းချမည့်ရက်အား နှစ်ရက် ကြိုတင်အကြောင်းကြားပါမည်။
၃။ နှစ်ချုပ်စာချုပ်ဖြင့် ဝယ်ယူနိုင်သူအား ဦးစားပေးမည်။
အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ မေးမြန်းနိုင်ပါသည်။
**ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၀၂၅၉၀၆၄၊ ၀၉-၄၀၂၆၉၈၇၂၈၊**
**၀၉-၄၅၀၀၅၈၂၆၈၊ ၀၉-၂၅၄၃၅၁၈၀၂**

**(၅)ထပ်တိုက်သစ် ပိုင်ရှင်ကိုယ်တိုင်**
**ငှားမည်၊ အကျိုးတူလုပ်မည်၊ ရောင်းမည်။**
square feet 4500'(20'×60')
ရွာမကျောင်းလမ်းမကြီး၊ လှိုင်မြို့နယ်
ရေ၊ မီး၊ အစုံ-အဆင့်မြင့်ပြင်ဆင်ပြီး
**ဖုန်း-၀၉-၇၉၁၀၈၉၄၃၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် -၂၉၅**

ဦးဝင်းမျိုးထွန်း **နှင့်** ၁။ ဒေါ်တင်တင်အေး
၂။ ဒေါ်မြလွင်

**တရားလို** **တရားပြိုင်များ**

အထက်ပါအမှုမှ အကွက်(၆၅)၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့နေ (၁)တရားပြိုင် ဒေါ်တင်တင်အေး (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

တရားလိုက ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၈ ခုနှစ် ဇွန် ၂၈ရက် (၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် မေ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာနွယ်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၃၊ မြေကွက်အမှတ် ၁၁၉၄၊ ဧရိယာ ၂၄၀၀ စတုရန်းပေအကျယ်ရှိ နှစ်(၆၀) ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အရပ်ခေါ်အမှတ် ၁၁၉၄၊ ဖွဲကပင်လမ်း၊ ၄၃ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အိမ်မြေအပါအဝင် ၎င်းနှင့်ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြု၍ အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကျင်သိန်း ၁၂/ပဇတ(နိုင်)၀၂၂၅၁၉မှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းလင်းအောင်** (LL.B., D.B.L., D.M.L)
**ဒေါ်ဖြူဖြူခိုင်** (LL.B., D.B.L., D.M.L)
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ငြိမ်းချမ်းစုရည် (LL.B.,D.B.L,D.I.L,D.M.L) အထက်တန်းရှေ့နေ**
**အမှတ် ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ အထက (၁) အဌမတန်းမှ မအိမွန်လင်း၏ ဖခင်အမည်မှန်မှာ ဦးတင်အောင်ကျော် ၈/စလန(နိုင်)၀၁၉၆၀၇ ဖြစ်ပါသည်။
**ဦးတင်အောင်ကျော်**

### ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ သင်္ကန်းကုန်းကျေးရွာအုပ်စု၊ သင်္ကန်းကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(D)မှ မောင်သက်မင်းကို၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးအောင်နိုင် ၁၄/ငပတ(နိုင်)၁၇၁၂၄၂ ဖြစ်ပါသည်။ **ဦးအောင်နိုင်**

### ဖခင်အမည်မှန်
ပညာလွင် ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှ မောင်ဝေဇင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်း ၉/ပဗသ(နိုင်)၀၀၉၆၂၈ ဖြစ်ပါကြောင်း။ **ဦးထွန်းထွန်း**

### ဖခင်အမည်မှန်
စလင်းမြို့၊ အထက (၁) နဝမတန်းမှ မောင်ပြည့်ဖြိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးဘိုးတွတ် ၈/စလန(နိုင်)၀၆၅၈၅၄ ဖြစ်ပါသည်။
**ဦးဘိုးတွတ်**

### မိခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့၊ ကံချိုင်ကျေးရွာ၊ အထက(ခွဲ)ကျောင်း တက္ကသိုလ်ဝင်တန်းတက်မှ မောင်မြတ်မင်းစိုး၏ မိခင်အမည်မှန်မှာ ဒေါ်ခင်ချောမွန် ၁၄/ဟကက(နိုင်)၀၄၀၅၀၉ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ဝိုင်းမော်မြို့နယ်၊ အောင်မြေ (၁) ကျေးရွာ၊ အထက (အောင်မြေ-၁)၊ ပဉ္စမတန်းမှ မောင်ဇော်ဂျာ၏ ဖခင်အမည်မှန်မှာ ဦးဇော်မွန်း ၁/မကန(နိုင်)၁၁၂၅၅၄ ဖြစ်ပါသည်။

### ဖခင်အမည်မှန်
စလင်းမြို့နယ်၊ အိုးသည်ရွာ အလကမှ မဖြိုးသီရိမွန် ၈/စလန(နိုင်)၂၄၅၅၆၀၏ ဖခင်အမည်မှန်မှာ ဦးမောင်စိုး ၈/စလန(နိုင်)၁၇၉၇၁၀ ဖြစ်ပါသည်။ **ဦးမောင်စိုး**

### အမည်ပြောင်း
ဦးသန်းနိုင်-ဒေါ်မြမြဝင်းတို့၏ သမီး စလင်းမြို့၊ UHW ကိုယ်ပိုင်အထက်တန်းကျောင်း (နဝမတန်း) မှ မမြတ်ပပခင်အား မမြတ်ပပသွန်းဟုပြောင်းလဲခေါ်ဆိုပါရန်။
**မမြတ်ပပသွန်း**

### ဖခင်အမည်မှန်
ဝိုင်းမော်မြို့နယ်၊ အောင်မြေ (၁) ကျေးရွာ၊ အထက (အောင်မြေ-၁)၊ ဆဋ္ဌမတန်းမှ မဆီးမလေးနှင့် ပဉ္စမတန်းမှ မောင်ဆီးဆာတို့၏ ဖခင်အမည်မှန်မှာ ဦးဆီးဆီးဖာ ၁/မကန(နိုင်)၀၀၇၇၇၆ ဖြစ်ပါသည်။

### ဖခင်အမည်မှန်
စလင်းမြို့နယ်၊ ကြက်ပွါယ်ရွာ အလက (ခွဲ) နဝမတန်းမှ မောင်အေးချမ်းမောင် ၈/စလန(နိုင်)၂၄၂၀၁၅၏ ဖခင်အမည်မှန်မှာ ဦးမောင်စန်း ၈/စလန(နိုင်)၀၄၀၂၃၀ ဖြစ်ပါသည်။
**ဦးမောင်စန်း**

### ဖခင်အမည်မှန်
မော်လမြိုင်(အဝေးသင်တက္ကသိုလ်) စတုတ္ထနှစ်(ပထဝီ)မှ နော်သိမ့်သိမ့်သင်းနှင့် အထက သိမ်ဇရပ် နဝမတန်းမှ စောချစ်ဝိုင်းစံတို့၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်စိုး ၁၀/ကထန(နိုင်)၀၁၅၃၇၁ ဖြစ်ပါကြောင်း။**ဦးခင်မောင်စိုး**

### အမည်မှန်နှင့် ဖခင်အမည်မှန်
ဝိုင်းမော်မြို့နယ်၊ အောင်မြေ (၁)ကျေးရွာ၊ အထက(အောင်မြေ-၁)၊ ပဉ္စမတန်းမှ မောင်လယ်မယ်ဆာ၏ အမည်မှန်မှာ မောင်လယ်မယ်ဆား ဖြစ်ပြီး၊ ဖခင်အမည်မှန်မှာ ဦးဆော်လေး ၁/ဝမန(နိုင်)၀၃၉၃၈၁ ဖြစ်ပါသည်။

### ဖခင်အမည်မှန်
စလင်းမြို့နယ်၊ ကြက်ပွါယ်ရွာ အလက(ခွဲ) နဝမတန်းမှ မောင်ထွဋ်ပိုင်မှူး ၈/စလန(နိုင်)၂၄၂၀၂၂၏ ဖခင်အမည်မှန်မှာ ဦးသိန်းညဏ် ၈/စလန(နိုင်)၁၄၈၀၀၃ ဖြစ်ပါသည်။
**ဦးသိန်းညဏ်**

### အမည်မှန်
ဘားအံမြို့နယ်၊ ပညာစံအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း အဌမတန်း(အောင်) စောလင်းဆက်ဦး၏ အမည်မှန်မှာ စောလင်းစက်ဦး ဖြစ်ပါသည်။ **စောလင်းစက်ဦး**

### ဖခင်အမည်မှန်
ဗန်းမော်မြို့၊ အထက (၄) တက္ကသိုလ်ဝင်တန်း (A) ခန်းမှ မောင်သက်ဝင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးစောခိုင်ထွန်း ၁/ဗမန(နိုင်)၀၈၁၈၂၃ ဖြစ်ပါကြောင်း။ **ဦးစောခိုင်ထွန်း**

### ဖခင်အမည်မှန်
စလင်းမြို့နယ်၊ ကြက်ပွါယ်ရွာ အလက(ခွဲ) နဝမတန်းမှ မောင်သော်ဇင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးဖိုးကွယ် ၈/စလန(နိုင်)၀၄၀၁၉၇ ဖြစ်ပါသည်။ **ဦးဖိုးကွယ်**

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ တော်ဝိကျေးရွာ(အထက) တက္ကသိုလ်ဝင်တန်း (B)မှ မဆုပန်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးဇော် ၇/ညလပ(နိုင်)၁၂၉၁၃၂ ဖြစ်ပါကြောင်း။ **ဦးအောင်မျိုးဇော်**

### ဖခင်အမည်မှန်
မန်စီမြို့နယ် ကိုက်ထိပ် အလယ်တန်းကျောင်း(ခွဲ)ပဉ္စမတန်းမှ မောင်လဘန်မျိုးစော့အောင်နှင့် ဗန်းမော်မြို့ အထက (ခွဲ) အလက (၃) တတိယတန်း(B) မှ မောင်လဘန်မျိုးလနန်တို့၏ ဖခင်အမည်မှန်မှာ ဦးလဘန်ဂေါင် ဖြစ်ပါကြောင်း။
**ဦးလဘန်ဂေါင်**
**၁/မစန(နိုင်)၀၃၆၃၀၆**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ဘားအံမြို့နယ်၊ ကော့စိန်ဘန်(အောက်) ကျေးရွာအုပ်စု၊ မူးတခွီးကျေးရွာနေ စောသောင်းတင်ဦး(ခ) ဦးဘဦး ၃/ဘအန(နိုင်)၁၄၇၁၅၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**စောသောင်းတင်ဦး(ခ)ဦးဘဦး**

### ဖခင်အမည်မှန်
ပေါင်မြို့နယ်၊ အထက (နတ်ကြီးချောင်) နဝမတန်းမှ မငွေစင်ထက်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်ဦး ၁၀/ပမန(နိုင်)၁၄၄၉၀၅ ဖြစ်ပါသည်။
**ဦးအောင်ဇော်ဦး**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 2G/9890 Lifan LF J 3053 F1 အမည်ပေါက်သူ/ယာဉ်လက်ဝယ်ရှိသူ ဦးဘိုဘိုမြင့် ၁၄/ငပတ(နိုင်)၀၀၀၀၄၈မှ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ တိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့**

### အမည်ပြောင်း
ဘားအံမြို့၊ အခြေခံပညာအထက်တန်းကျောင်း (စက်ရုံ)စတုတ္ထတန်းမှ မောင်ဆက်လင်းအား မောင်ဇေယျလွင်ဟု ပြောင်းလဲခေါ်ပါရန်။
**မောင်ဇေယျလွင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ပွင့်ဖြူ အထက တက္ကသိုလ်ဝင်တန်း (D)မှ မအေးသက်သက်မိုး၏ ဖခင် ဦးဝင်းလှိုင်(ခ) ဦးဝင်းလှိုင်ဦး ၈/ပဖန(နိုင်)၁၁၆၅၇၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးဝင်းလှိုင်(ခ)ဦးဝင်းလှိုင်ဦး**

### အမည်မှန်
ဘားအံမြို့နယ်၊ အထက ကော့ကျိုက်မှ ၂၀၁၈ ခုနှစ်၊ တက္ကသိုလ်ဝင်တန်း(အောင်) စောကျော်သူ ၃/ဘအန(နိုင်)၃၃၁၂၂၀၏ အမည်မှန်မှာ စောအောင်သူ ဖြစ်ပါသည်။
**စောအောင်သူ**

### ဖခင်အမည်မှန်
သထုံမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း (B)မှ မောင်အောင်ခန့်ဇော်၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်း ၁၀/သထန(နိုင်)၀၉၃၉၅၁ ဖြစ်ပါကြောင်း။
**ဦးတင်ဝင်း**

### ကန့်ကွက်နိုင်ပါကြောင်း
ပုသိမ်မြို့၊ အမှတ် (၁)ရပ်ကွက်၊ အကွက်အမှတ် (၃၁)၊ ကန်သုံးဆင့်အနောက်စကားဝါအကွက်၊ ဦးပိုင်အမှတ် (၅၆)၊ ဧရိယာ ၀ဒသမ၁၁၀ဧကရှိ ဂရန်မြေကို စောအယ်ကလူ(ခ) စောချာလီအမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း)ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

### မိခင်အမည်မှန်
ဘားအံမြို့နယ်၊ အမက (မူလွန်) မြိုင်ကလေး (ကူးဆိပ်)စတုတ္ထတန်းမှ မောင်ဝေလင်းထက်၏ မိခင်အမည်မှန်မှာ ဒေါ်ဝင်းဝင်းခိုင် ၁၀/သထန(နိုင်) ၁၁၄၅၉၃ ဖြစ်ပါသည်။
**ဒေါ်ဝင်းဝင်းခိုင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း
မင်းဘူး(စကု)မြို့နယ်၊ ခိုင်အောင်ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင် မကူးကူးဝင့်ဝါ၏ဖခင်ဦးဇော်ဝင်း ၈/မဘန(နိုင်)၀၈၂၃၂၂နှင့် ဦးဇော်ကြီးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## "အများသိစေရန် ကြေညာခြင်း"

ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်လီထိုက်ဖင့်(၁၃/လရန(နိုင်)၀၅၇၄၄၂)၊ အမှတ်(၇၁၅)၊ ၃၈-လမ်း၊ ၁၇×၁၈ လမ်းကြား၊ (၅)ရပ်ကွက် (အောင်မင်္ဂလာ ရပ်ကွက်)၊ လားရှိုးမြို့နေသူ၏လွှဲအပ်ညွှန်ကြားချက်များ အရ အောက်ပါအတိုင်း အများသိ စေရန် ကြေညာအပ်ပါသည်။

လားရှိုးမြို့၊ စည်ပင်သာယာမြို့မဈေးဆိုင်အမှတ်(၁၀၃)၊ ပိတောက်ရုံ၊ ဆိုင်အမှတ်(၁၉)နှင့်ဆိုင်အမှတ်(၂၀)၊ ရုံအမှတ်(ဂ-၂)၊ မြတ်လေးရုံ ဆိုင်ခန်းများနှင့် အမှတ်(၇၁၅)၊ ၃၈-လမ်း၊ ၁၇×၁၈ လမ်းကြား၊ (၅)ရပ်ကွက်၊ (အောင်မင်္ဂလာရပ်ကွက်) လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းဟုခေါ်တွင်သော ဆိုင်ခန်းများနှင့် အိမ်ခြံမြေတို့မှာ ကွယ်လွန်သူ ဦးရန်ချောက်ရှင်း(ခ)ဦးရန်ရှောက်ရှင်း ၏ ဇနီး ဒေါ်လီထိုက်ဖင့်ပိုင်ဆိုင်သော ပစ္စည်းများဖြစ်ပြီး ဇနီးဖြစ်သူ ဒေါ်လီထိုက်ဖင့်နှင့်သားသမီးရင်း(၆)ဦးတို့၏ အတိအလင်းသဘောတူညီချက် မရရှိဘဲ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အမည်ပြောင်းလွှဲခြင်းများ မပြုလုပ်ရန်အတွက် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးထွန်းအေးကြည်**
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၆၉၆)
LL.B, WIPO Switzerland
အမှတ်(၁၃၁)၊ လွတ်လပ်ရေးလမ်း၊ (ဃ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၀ ၂၄၈၀၄

## တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော် အရှင်သုန္ဒရ၏ ဝိဇာတမင်္ဂလာဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ ၁၆/၂ ရပ်ကွက်၊ ရတနာလမ်း၊ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊ တိပိဋကဓရ-တိပိဋကကောဝိဒ-ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်သုန္ဒရ၏ သက်တော် (၆၃)နှစ်ပြည့် မွေးနေ့မင်္ဂလာကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ (ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ) ကြွရောက်ကြည်ညိုနိုင်ရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**မွေးနေ့ရက်မြတ်** - ၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၅ ရက်
၁၇-၆-၂၀၁၈ ရက်(တနင်္ဂနွေနေ့)

**မွေးနေ့အခမ်းအနားကျင်းပချိန်** - နံနက် ၉ နာရီ

**ညှော်ခံကျွေးမွေးချိန်** - နံနက် ၁၀ နာရီမှ ၁၂ နာရီထိ

လှူဒါန်းလိုသောစေတနာရှင်များဖုန်း-၀၉-၂၅၄၂၅၄၃၃၂၊ ၀၉-၅၅၀၀၄၂၉၊ ၀၉-၄၅၀၀၂၀၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အဖွဲ့**
**စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်**
**၁၆/၂ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်**

## အသင်းဝင်များသို့ အသိပေးအကြောင်းကြားခြင်း

၁။ ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး၏ ရာသက်ပန်အသင်းဝင်များသည် ကွယ်လွန်ခဲ့ကြသူများ၊ အမည်စာရင်းထပ်နေသူများ၊ နုတ်ထွက်ခဲ့ကြသူများ ရှိနေပါသဖြင့် ပြန်လည်စိစစ်ဆောင်ရွက်ရန်နှင့် အသင်းစည်းမျဉ်း ဥပဒေအပိုဒ် (၂၂)၊ အပိုဒ်ခွဲ(ဆ)အရ နေရပ်ပြောင်းရွှေ့ကြသူများသည် အကြောင်းကြားရန် ဥပဒေရှိနေပါသောကြောင့် အသင်းကြီးနှင့် ကင်းကွာမှုမရှိစေရေး ပြန်လည်စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အသင်းဝင်ပုံစံများ ပြန်လည်ဖြည့်စွက်နိုင်ရန်နှင့် အသင်းဝင်အသိအမှတ်ပြု ကတ်ပြားအသစ်ပြန်လည် ထုတ်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်လိုပါသောကြောင့် အသင်းကြီးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ အောက်ပါအချက်အလက်များကို ၃၀-၆-၂၀၁၈(စနေနေ့)နောက်ဆုံးထား၍ ပေးပို့ကြပါရန် မေတ္တာရပ်ခံ အကြောင်းကြားအပ်ပါသည်။

လိုအပ်သောအချက်များ

(က)အမည်၊ (ခ)အသင်းဝင်အမှတ်၊ (ဂ)အဘအမည်၊ (ဃ)နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ (င)မွေးသက္ကရာဇ်၊ (စ)လူမျိုး၊ (ဆ)ကိုးကွယ်သည့်ဘာသာ၊ (ဇ)အလုပ်အကိုင်၊ (ဈ)သွေးအုပ်စု၊ (ည)ပညာအရည်အချင်း၊ (ဋ)ဆက်သွယ်ရန်လိပ်စာ/ဖုန်းနံပါတ်

၃။ လူကိုယ်တိုင်လာရောက်ပါက လက်ရှိအသင်းဝင်ကတ်ပြားနှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၂)ပုံ တစ်ပါတည်းယူဆောင်လာရန်ဖြစ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး**
**အမှတ် ၇၇/၇၉ အထက်ကြည့်မြင်တိုင်လမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၊ ဇရပ်ကုန်းအုပ်စု၊ သဘွတ်ကုန်းကျေးရွာနေ ဦးရွှေမော်၊ ဒေါ်လှခင်၊ (ဦးစံကုလား)၊ ဒေါ်ရွှေခင်တို့၏မြေး ဦးမြင့်ထွန်း၊ ဒေါ်ဝင်းအေးတို့၏ တစ်ဦးတည်းသောသား

**ဗိုလ်အောင်မျိုးဦး B.Sc (DSA) (၅၈)**
**အမှတ် (၅၇၀) ခြေမြန်တပ်ရင်း**
**နှင့်**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နေ
ဦးလှအောင်(ပညာရေးမှူး-ငြိမ်း)၊ ဒေါ်ခင်ညွန့်ရီ (စား/ထွေ-ငြိမ်း)၊
ဦးမြင့်ဝေ (ပအရာခံဗိုလ်-ငြိမ်း)၊ ဒေါ်နှင်းရွှေ (မူပြ-ငြိမ်း)တို့၏မြေး
ဦးစံရွှေထွန်း(ဒုတိယညွှန်ကြားရေးမှူး) (ရခိုင်ပြည်နယ်မီးသတ်ဦးစီးဌာန)၊ ဒေါ်သီတာနှင်း (MD)
Shwe Thurein Soe San Co.,Ltd. တို့၏ သမီးဦး

**မခင်ဆန်းပြည့်ဦး**

တို့အား နှစ်ဖက်သောဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် ၂-၆-၂၀၁၈ရက်က ရန်ကုန်မြို့ ဆရာစံလမ်း၊ ကျောက်စိမ်းခန်းမ၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

## ဖောင်းကြွပျောက် ကြော်ငြာခြင်း

ယာဉ်အမှတ် 6J/8740 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ နေပြည်တော်**

## ဒေါ်အုန်းတင်နှင့် သားသမီးများသိစေရန်

တောင်ကုတ်မြို့မှ ဒေါ်အုန်းတင်နှင့် သားသမီးများ သိစေအပ်ပါသည်။ ကွယ်လွန်သွားကြပြီဖြစ်သော အဘိုးအဘွားမိဘများ၏ ပိုင်ဆိုင်ခဲ့သော ကြွေချိုင်ရွာမှ အိမ်ခြံမြေအား ကျန်ရစ်သူသားသမီး မိသားစုများမှ တိုင်ပင်၍ ကျပ်ငွေ သိန်းခြောက်ရာကျပ်ဖြင့် တန်ဖိုးဖြတ်ခဲ့ပါသည်။ သို့ပါ၍ ကွယ်လွန်သူ ဦးစံဖိုး၏ လေးပုံတစ်ပုံဖြစ်သော ငွေကျပ်သိန်းတစ်ရာ့ငါးဆယ်အား ဒေါ်အုန်းတင်မိသားစုမှ ပိုင်ဆိုင်ရရှိမည်ဖြစ်ပါသည်။ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ ရက်အတွင်း အုပ်ချုပ်ရေးမှူးရုံးသို့ လာရောက်ဆက်သွယ်ထုတ်ယူပါရန် အကြောင်းကြားပါသည်။ **မိသားစုများ၊ ကြွေချိုင်ရွာ၊ ဂွမြို့နယ်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် နေဖြိုးဝေ (ဘ)ဦးငွေအောင် ၉/ဝတန(နိုင်)၁၄၅၇၉၅ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၇၆၃၉၆၁၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၅၁၃၇၇ ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ကိုကို ၉/ပမန(နိုင်)၀၀၀၀၄၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရမည်းသင်း)**

## အများသိစေရန်ကြေညာခြင်း

မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ ဥယျာဉ်ကျစ်ကျေးရွာအုပ်စု၊ ဥယျာဉ်ကျစ်ကျေးရွာနေ ကျွန်မ ဒေါ်တင်မြင့်(ခ)ဒေါ်တင်မိုန် ၈/ပဖန(နိုင်)၀၃၃၃၃၆ သည် သားငါးယောက်၊ သမီးတစ်ယောက်တို့ဖြင့် ၂၇-၅-၂၀၁၈ရက်တွင် အသိသက်သေနှစ်ဦးဖြစ်သော ဒေါ်မေရီလှနှင့် မစုစုထွန်းတို့၏ရှေ့၌ မွေးချင်းတစ်စုမိသားစုစီမံမှုကတိစာချုပ် ချုပ်ဆိုခဲ့သောစာချုပ်အား ၂၀၁၈ ခုနှစ် ဇွန် ၆ ရက်မှ စတင်၍ ဤစာချုပ်အား မိခင်ဖြစ်သူ ကျွန်မ၏သဘောဆန္ဒအလျောက် ပယ်ဖျက်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်တင်မြင့်(ခ)ဒေါ်တင်မိုန်**
**၈/ပဖန(နိုင်)၀၃၃၃၃၆**

## ဓမ္မာစရိယစာသင်သား သီလရှင်များကို ဖိတ်ခေါ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက်၊ မြကန်သာကျောင်းလမ်း လင်းမနောဟရသီလရှင်စာသင်တိုက်တွင် ၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၇ ရက်၊ ၁၉-၇-၂၀၁၈ရက်မှစ၍ စာပေကျွမ်းကျင်ဆရာတော်များက ဓမ္မာစရိယကျမ်းရင်းသုံးကျမ်းကို ပို့ချပါမည်။

သို့ဖြစ်ပါ၍ စာသင်ကြားလိုသော သီလရှင် (ဆရာလေးသိက္ခာရှင်)များကို ၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလကွယ်နေ့၊ ၁၂-၇-၂၀၁၈ ရက်မှစ၍ လက်ခံပါမည်။ စာပေသင်ကြားစဉ် ဆွမ်းဆန်မရပ်ရဘဲ စားစရာ နေစရာပြည့်စုံစွာ စီစဉ်ပေးပါမည်။

ဦးရေကန့်သတ်ချက်ကြောင့် ဆောလျင်စွာ လျှောက်ထားနိုင်ပါပြီ။

**ဖုန်း- ဆရာကြီး ဒေါ်အညေသီ ဖုန်း-၀၉-၅၁၉၃၈၈၆**
**ဆရာကြီး ဒေါ်ပညာစာရီ ဖုန်း-၀၉-၄၂၁၁၁၈၆၉၈**

## မွေးသက္ကရာဇ်အမှန်

ပုတာအိုမြို့၊ အထက (ဒုတ္တန်)၊ န၀မတန်းမှ မောင်ဆန်ဒေါင်းဖုန်လှိုင် ၁/ပတအ(နိုင်)၀၆၄၅၆၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၆-၂၀၀၃ ဖြစ်ပါသည်။

## မိခင်အမည်မှန်

လောင်းလုံးမြို့နယ်၊ အထက(ခွဲ)ဝေဒီ၊ အဋ္ဌမတန်းမှ မအိအိဖြိုး၏ မိခင် ဒေါ်ရီစန်း၏ အမည်မှန်မှာ ဒေါ်ရင်စန်း ၆/လလန(နိုင်)၀၉၈၇၅၃ ဖြစ်ပါကြောင်း။ **ဒေါ်ရင်စန်း**

## အမည်ပြောင်း

ပုတာအိုမြို့၊ လုံးစွတ်ရပ်ကွက်နေ ဦးဖေရမ် ၁/ခဘဒ(နိုင်)၀၀၇၉၁၂ အား ဦးဟဲလီဟုပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

လောင်းလုံးမြို့နယ်၊ အထက(ခွဲ)ဝေဒီ၊ တက္ကသိုလ်ဝင်တန်းမှ မဝါဝါစိုး၏ဖခင် ဦးတင်ရွှေ၏ အမည်မှန်မှာ ဦးကြိုင်ရွှေ ၆/လလန(နိုင်)၀၀၅၄၉၀ ဖြစ်ပါကြောင်း။ **ဦးကြိုင်ရွှေ**

## မွေးသက္ကရာဇ်မှန်

မြိတ်မြို့၊ မြစ်ငယ်ရပ်၊ ဗဟိုလမ်း၊ အိမ်အမှတ်-၅နေ (ဘ)ဦးကျင်ယုန်၏သား ဦးဝင်းဗိုလ်၏ မွေးသက္ကရာဇ်အမှန်မှာ မွေးစာရင်းအရ ၂၄-၄-၁၉၆၃ ဖြစ်ပါကြောင်း။ **ဦးကျင်ယုန်၊ ဦးဝင်းဗိုလ်**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ဖြူဖြူစံ ၆/မမန(နိုင်)၁၅၀၇၁၂ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၄၈၆၆၆၂၁**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၃၂၄ နှင့်ဆက်နွယ်သည့်**
**၂၀၁၈ခုနှစ် တရားမဇာရီမှုအမှတ်-၁**

ဦးခင်မောင်ရင် နှင့် ၁။ ဦးသန်းကျော်ထူး
၂။ ဒေါ်အေးသန်း

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

အကွက်အမှတ် ၃၃-၄၃၊ ဦးပိုင်အမှတ် ၄၃၊ ၅၄×၅၅ လမ်းကြား၊ အေးမေတ္တာနှင့် အေးသုခလမ်းကြား၊ ရတနာပုံရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့နေ ဒေါ်အေးသန်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၃၂၄တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးခင်မောင်ရင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုစေရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်အရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၈ ခုနှစ် ဇွန် ၁၈ ရက် (၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၈ ခုနှစ် ဇွန် ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ကျော်ဦး)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၄)ရပ်ကွက်၊ ဥမ္မာဒန္တီ (၆)လမ်း၊ အကွက်အမှတ်(၇၆)၊ ဥမ္မာဒန္တီအကွက်၊ ဦးပိုင်အမှတ် (D-၆၁)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ အစိုးရမြေကို ဒေါ်ယဉ်မာလွင်အမည်ဖြင့် မြေငှားဂရန်အသစ် ထုတ်ပေးပါရန်လျှောက်ထားလာသည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအကြောင်းကြားပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ ကင်မလင်းကျွန်းအကွက်၊ ဦးပိုင်အမှတ် (J-၉၉)၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိမြေကို ဒေါ်ခင်သန်းငွေ (ခ)ဒေါ်ငွေငွေက မြေငှားဂရန်(အသစ်) ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ မြို့ | ရပ်/ကျေး | အကွက်အမှတ် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | လျှောက်ထားသည့်အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | Victorious Golden Hill Co.,Ltd | ချောင်းသာ | ချောင်းသာ | ၁၉၉၀ ပြင် | အန်-၈၂ | ၁.၄၇ | စက်မှု/စီးပွားဂရန် |
| ၂ | ဦးထွန်းထွန်းဝင်း | ပုသိမ် | အမှတ် ၁၃ | ၅၂ | ဂျီ-၈၉ | ၀.၀၄၁ | မြေပေးမိန့် |
| ၃ | ဒေါ်နန္ဒာဝင်း | ပုသိမ် | အမှတ် ၁၃ | ၅၂ | ဂျီ-၈၃ | ၀.၀၈၃ | မြေပေးမိန့် |

ဖော်ပြပါလျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက(၁၂)၊ ဆဋ္ဌမတန်းအောင်မှ မောင်ဟိန်းချမ်းဦး၏ ဖခင်အမည်မှန်မှာ ဦးမြင့်စန်းလွင် ၅/ဆလက(နိုင်)၀၆၅၅၃၇ ဖြစ်ပါကြောင်း။ **ဦးမြင့်စန်းလွင်**

## အမည်မှန်

မော်လမြိုင်မြို့နယ်၊ အမက(၂)၊ ဖားအောက်၊ တတိယတန်းမှ (ဘ)ဦးကျော်ဇော်ဝင်း၏သား မောင်အောင်စန်းမွန်၏ အမည်မှန်မှာ မောင်အောင်ဆန်းမွန် ဖြစ်ပါကြောင်း။ **မောင်အောင်ဆန်းမွန်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (နောက်ဆုံးနှစ်) (B.V.Sc) ရေဆင်းမှ မောင်မင်းမြတ်ကိုကို၏ဖခင် ဦးသောင်းကိုနှင့် ဦးမြင့်မောင် ၅/ရဉန(နိုင်)၀၂၆၉၀၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ဇေယျာဝတီ အထက(ခွဲ) ပဉ္စမတန်းမှ မောင်အောင်ခန့်ကျော်၏ဖခင် အမည်မှန်မှာ ဦးကျော်မျိုးခိုင် ၅/ရဉန(နိုင်)၀၈၁၆၈၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဇေယျာသီရိမြို့နယ်၊ ကျွန်းရောင်းအုပ်စု၊ ကြို့ပင်ဆိပ်အလက(ခွဲ) သတ္တမတန်းမှ မသိင်္ဂီမြင့်နှင့် စတုတ္ထတန်းမှ မောင်ရဲထက်စိုးတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်စိုး ၉/ပမန(နိုင်)၁၈၇၃၆၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မုံရွာမြို့နယ်၊ မင်းရွာ အထက(ခွဲ)၊ တတိယတန်းမှ မမေသူဇင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းသန်း ၅/မရန(နိုင်)၂၆၉၇၂၄ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့၊ ပေါက်ချောင်း ဗိုလ်ချောင်နေ ဒေါ်အွမ်စွန်းနွမ်း ၉/မသန(နိုင်)၀၈၀၀၆၉ နှင့် ဒေါ်အွဗ်စန်းနွမ်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဒေါ်အွမ်စွန်းနွမ်း(ခ)ဒေါ်အွဗ်စန်းနွမ်း**

## ဖခင်အမည်မှန်

ခန္တီးမြို့၊ ဇီးဖြူကုန်းရပ်ကွက်နေ မောင်စိုးမိုးကျော်၏ ဖခင်အမည်မှန်မှာ ဦးစောကျော်ထွန်း ၃/ဘအန(နိုင်)၁၅၃၀၁၁ ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၆၉၃**

ဒေါ်ရင်မြင့် **နှင့်** ဦးဇော်ဝင်း
**တရားလို** **တရားပြိုင်**

ဒေါပုံမြို့နယ်၊ မ-၁၉၇၊ မြတ်လေးနွယ် (၂)လမ်း၊ နွယ်အေးရပ်ကွက်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ) ဦးဇော်ဝင်း (ကန်ထရိုက်တာ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်ရင်မြင့်က ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြတ်လေးနွယ် (၂) လမ်း၊ အမှတ်(၁၅၃)၊ မြေညီထပ်အခန်းအမှတ်(B-I)နှင့် ပတ်သက်၍ တရားပြိုင်သည် ကျန်ရောင်းဖိုးငွေကျပ် ၃၅ သိန်းလက်ခံပြီး အဆိုပါတိုက်ခန်းအား တရားပြိုင်က တရားလိုထံ လက်ရောက်ပြန်လည်ပေးအပ်စေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် ဇွန် ၁၈ ရက် (၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် မေ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းကေသီဝင်း)**
**ဒုတိယခရိုင်တရားသူကြီး (၁၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ဦးဝင်းတိုး ၁၂/မရက(နိုင်)၀၁၅၂၃၃ အမှတ်(၃၆၄)၊ မိဂသီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး Performer Area Services Co.,Ltd နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟလမ်း၊ မြေကွက်အမှတ်(၁၂၅၆)ပေါ်ရှိ မြေအကျယ်အဝန်း(၄၀ပေ×၆၀ပေ)အား ပိုင်ဆိုင်သူများဖြစ်သော (၁)ဦးဇော်မင်း ၁၂/ဥကတ(နိုင်)၁၁၇၆၉၇၊ (၂)ဒေါ်မြင့်မြင့်ကြူ ၁၂/ဥကတ(နိုင်)၁၁၈၃၁၇၊ (၃)ဒေါ်စောနွဲ့မူ (ကွယ်လွန်)-ဦးသန်းထွန်း ၁၂/သဃက(နိုင်)၁၀၇၅၁၃၊ (၄)ဒေါ်ခင်ဖြူရှိန် ၁၂/ဥကတ(နိုင်)၀၅၀၁၉၁၊ (၅)ဒေါ်ဥမ္မာထွေး ၁၂/ဥကတ(နိုင်)၁၁၈၄၃၉၊ (၆)ဒေါ်အေးအေးငယ်(ကွယ်လွန်)၏သား ဘုန်းမြတ်စိုးမိုး(အုပ်ထိန်းသူ) ဒေါ်ဥမ္မာထွေး ၁၂/ဥကတ(နိုင်)၁၁၈၄၃၉ မှ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကန်ထရိုက်တာ ဦးဝင်းတိုးနှင့် ဦးဇော်မင်း ပါ(၆)ဦးတို့သည် ကန်ထရိုက်တိုက်(၈)ထပ်ခွဲတိုက်ဆောက်လုပ်ရန် ၂၀၁၄ခုနှစ် စက်တင်ဘာ ၂၃ရက်တွင် နှစ်ဦးနှစ်ဖက် သဘောတူကတိစာချုပ်ပြုလုပ်ချုပ်ဆို၍ လုပ်ငန်းအပ်နှံခဲ့ပြီး စာချုပ်ပါစည်းကမ်းအရ ဆောက်လုပ်ခွင့် ခွင့်ပြုမိန့်ကျပြီး မြေကြီးစတင်တူးသည့်ရက်မှစ၍ ၁၈လနှင့် လူနေထိုင်ခွင့်မပါ အပြီးစီးဆောက်လုပ်ရန် သဘောတူခဲ့ကြပါသည်။ ကန်ထရိုက်တာမှ အထက်ပါစာချုပ်စည်းကမ်းကိုဖောက်ဖျက်၍ မြေရှင်များဖြစ်ကြသော ဦးဇော်မင်း ပါ (၆)ဦးမှာ နစ်နာမှုအမျိုးမျိုး ဖြစ်ပေါ်နေသည့်အပြင် ကန်ထရိုက်တာ၏ တောင်းဆိုမှုအမျိုးမျိုးကို အချိန်အတိုင်းတာတစ်ခုအထိ စောင့်ဆိုင်းပေးခဲ့ပါသော်လည်း ကန်ထရိုက်တာဘက်မှ တိုက်အား ပြီးစီးအောင် ဆောက်လုပ်ပေးမှုမရှိ၍ Notice စာပို့ကာ ညှိနှိုင်းခဲ့ပါသော်လည်း ပြန်လည်ဖြေရှင်းပေးခြင်းမရှိပါ။ ကန်ထရိုက်တာ ဦးဝင်းတိုးမှာ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၃ ရက်စွဲပါ စာချုပ်စည်းကမ်းကို အတိအလင်းဖောက်ဖျက်နေပါသောကြောင့် အဆိုပါစာချုပ်အား ဖျက်သိမ်းပြီး ဦးဝင်းတိုး ဆောက်လုပ်ထားသော အနေအထားအဝဝကို လက်လွှတ်ဆုံးရှုံးခံရမည်ဖြစ်ကြောင်း၊ အကယ်၍ ဆက်လက်ဆောက်လုပ်လိုပါက ဤကြေညာပြီး ၁၀ရက်အတွင်း မြေရှင်များနှင့် အမြန်ဆုံးလာရောက်ညှိနှိုင်းပါရန် ဦးဝင်းတိုးနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

(၁) ဦးဇော်မင်း ၁၂/ဥကတ(နိုင်)၁၁၇၆၉၇
(၂) ဒေါ်မြင့်မြင့်ကြူ ၁၂/ဥကတ(နိုင်)၁၁၈၃၁၇
(၃) ဒေါ်စောနွဲ့မူ(ကွယ်လွန်)-ဦးသန်းထွန်း ၁၂/သဃက(နိုင်)၁၀၇၅၁၃
(၄) ဒေါ်ခင်ဖြူရှိန် ၁၂/ဥကတ(နိုင်)၀၅၀၁၉၁
(၅) ဒေါ်ဥမ္မာထွေး ၁၂/ဥကတ(နိုင်)၁၁၈၄၃၉
(၆) ဒေါ်အေးအေးငယ်(ကွယ်လွန်)၏သား ဘုန်းမြတ်စိုးမိုး (အုပ်ထိန်းသူ)
ဒေါ်ဥမ္မာထွေး ၁၂/ဥကတ(နိုင်)၁၁၈၄၃၉

ရန်ကုန်မြို့တည်ဆောက်ပြီးစီးသည့်အပြင် လူနေထိုင်ခွင့် (BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ



ပေးချေရသည့်
ငွေတန်ဖိုးထက်မက
ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့်
အထူးအခွင့်အရေး

တစ်ပေပတ်လည်လျှင်
၉၀၀၀၀/- နှုန်း
မှစတင်၍...
ရောင်းချပေးနေပါပြီ

# စွယ်တော်စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်



■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဓိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေး ကားဂိတ်၊သီရိရတနာ လက်လီ လက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ် မြေကေ (၃၀)ပေါ်တွင်တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့်အချိုးကျ မြေပိုင်ဆိုင်မှု ရရှိမည့် စီးပွားရေးအရ အချက်အခြာကျသည့်နေရာရှိ အဆင့်မြင့်စုပေါင်းအိမ်ရာ ဖြစ်ပါသည်။

■ Thai နိုင်ငံ G4 Architects မှ ရေးဆွဲသောဗိသုကာဒီဇိုင်း၊ Pile-Foundation ၊ ခေတ်မီ Post-Tensioned စံနစ်ဖြင့် 10" Concrete Slab၊ ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်ထားသည့် (၈)ထပ်အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့်အပြင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး ၊Security System,CCTV, Fire Protection & Fire Alarm System,Back up Generator System များ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များ ကိုသာ အသုံးပြုထားပါသည်။





■ ရေကူးကန်၊ စားသောက်ဆိုင်၊ Fitness Center,SPA, Convenience Store, လူဦးရေ(၃၀၀)ခန့် စုဝေးနိုင်သည့် မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော Clubhouse တစ်ခု ထည့်သွင်း တည်ဆောက် ထားပါသည်။



■ (၃)ကေခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင်သာယာလှပသောပန်းခြံ ဥယျာဉ်၊ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။

အထူးအစီအစဉ်အနေဖြင့် AYA BANK, MOB BANK နှင့် ချိတ်ဆက်၍ (၅) နှစ် မှ (၁၀) နှစ်အထိ အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။

DEVELOPER-

GRAND STYLE CO.,LTD.

အမှတ်(၂၄၅)၊ ဗားကရာလမ်း (ဂမုန်းပွင့် မြေနီကုန်း) ၊စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 09 799-332211, 09 797-221133
09 799-221133

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုင်းမြတ်သူ ၁၃/ကလန(နိုင်)၀၈၃၄၂၀ ၏နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၃၇၅၇၇၃**

## အမည်ပြောင်း

တောင်ကြီးမြို့၊ အလက(၁၄)၊ သတ္တမတန်း(ခ)မှ စိုင်းဥက္ကာမျိုးအား ယနေ့မှစ၍ စိုင်းလင်းသန့်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

**စိုင်းလင်းသန့်အောင်**

## ဖခင်အမည်မှန်

ဟိုပုံးမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်းမှ နန်းအေးအေးမွန်၏ ဖခင်အမည်မှန်မှာ ဦးထွန်းဆာ ၁၃/ဟပန(နိုင်)၀၆၇၃၂၂ ဖြစ်ပါကြောင်း။

**ဦးထွန်းဆာ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် လုကာ ၂/ဒမဆ(နိုင်) ၀၃၀၉၀၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသီဟမျိုးကျော် ၁၃/ကလန(နိုင်)၀၅၁၃၇၆ ၏နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၃၁၃၃၁၃**

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းသန္တာဦး ၁၃/ဟပန(နိုင်)၀၅၀၈၀၁ ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၃၆၄၃၆၉**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/1145 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/9006 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/9836 MANSTAR MEDIUM TRUCK, P/U (4x2) ® ယာဉ်လက်ဝယ်ရှိသူ ဦးငိုက်နွမ်ထန်း ၅/ကလထ(နိုင်)၀၈၃၃၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ စ/၉၉၁၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၂၉၆၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၄၁၇၄၃ Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဌေး ၉/မဟမ(နိုင်)၀၄၄၀၃၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ဃ/၈၂၁၅၆ New Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းစိုး ၅/စကန(နိုင်)၁၆၈၆၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/4386 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5B/4479 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၈)၊ နယ်မြေ (၁၂)၊ အကွက်အမှတ် (၃၂/လုံလော့ရပ်)၊ ဦးပိုင်အမှတ်(၅၁)၊ ဧရိယာ ၀ဒသမ၁၅၄ဧကရှိမြေအား အမှုတွဲအမှတ် ၂၂၇၁-၅/၁၉၉၂-၁၉၉၃(အေ)ဖြင့် ဦးဖေါ်ဝုန်တောင်မှ အမည်ပေါက်ပိုင်ဆိုင်ထားရာ (၁၅-၄-၁၉၉၉) ရက်တွင် ကွယ်လွန်ခဲ့ပြီး ယင်းမြေဂရန်မှာလည်း ပျောက်ဆုံးသွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်ဖေါ်ယူးဘွတ်မှ ၂၄-၈-၂၀၁၇ရက်တွင် တရားဝင်ဇနီးဖြစ်ကြောင်း ကတိသစ္စာပြု၍ ဒေါ်ဖေါ်ယူးဘွတ် ၁၃/လရန(နိုင်)၀၂၉၄၈၃မှ ဦးဖေါ်ဝုန်တောင် ၁၃/လရန(နိုင်)၀၂၉၁၉၄၏ အမည်ဖြင့် မိတ္တူမှန်ကူးယူခွင့်ပြုရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် ၂၀အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ မိတ္တူမှန်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လှိုင်ကော်မြို့နယ်၊ ဒေါပေါ်ကလဲကျေးရွာအုပ်စု၊ ထေးငှားလျားကျေးရွာ ကွင်းအမှတ် ၉၃-ထေးငှားလျားရွာ၊ မြေကွက်အမှတ်680/1566 ၊ ဧရိယာ ၀ဒသမ၃၀၇ ဧကရှိ မြေကွက်ကို ဦးရှေးရယ်ထံတွင် ကျွန်မ ဒေါ်နန်းစန်းစန်းအေးက ဝယ်ယူခဲ့ပြီး ၂၀-၁၁-၂၀၁၅ရက်တွင် အရပ်စာချုပ်ချုပ်လက်မှတ်ရေးထိုးထားပါသည်။ မြေကွက်ကို ကျွန်မ ဒေါ်နန်းစန်းစန်းအေး တစ်ဦးတည်းသာ အကျိုးခံစားကြောင်း ကျမ်းကျိန်ပြီး စာချုပ်စာတမ်း မှတ်ပုံတင်ထားပါသည်။

သက်ဆိုင်ရာသို့ မြေငှားဂရန်ရရှိရေး လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**ဒေါ်နန်းစန်းစန်းအေး**
**၃/ဘအန(နိုင်)၀၂၆၁၀၁**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ အထက်လမ်းမကြီး၊ အမှတ် (၄/၇A)နေ (ဦးမြင့်သိန်း)-ဒေါ်မေစိန်တို့၏သား မောင်ရဲအောင်သူ(ခ) အောင်အောင် ၁၀/မလမ(နိုင်)၁၆၆၄၇၉သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ဆောင်ရွက်ခဲ့ပြီး မိမိ၏ဆန္ဒသဘောအလျောက်ပြုမှု၍ နေအိမ်မှထွက်ခွာသွားသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိခင် ဒေါ်မေစိန် ၁၀/သထန(နိုင်)၀၉၂၂၈၂**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်များတွင် နေထိုင်သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များမှ မြေစာရင်းပုံစံ (၁၀၅/၁၀၆) ရေးဆွဲပြီး မြေငှားဂရန်/လိုင်စင်အသစ်လျှောက်ထားပါသဖြင့် ကန့်ကွက်လိုသူများရှိက သတင်းစာကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူများအား မြေငှားဂရန်ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | အမည်/မှတ်ပုံတင်အမှတ် | ရပ်ကွက်/နယ်မြေ | အကွက်အမှတ် | ဦးပိုင်အမှတ် | ဧရိယာ | ပိုင်ဆိုင်မှု |
|---|---|---|---|---|---|---|
| ၁။ | ဒေါ်မာလာကျော်(ခ)ဟွမိန်း | ၈/၂ | သ/ခလွယ်ကန် | ၉၂ | ၀.၀၉၂ | မြေခွန်ပြေစာဖြင့် |
| ၂။ | ဦးစစ်လွင်ထွန်း | ၈/၂ | သ/ခလွယ်ကန် | ၈၉ | ၀.၅၈၈ | မြေခွန်ပြေစာဖြင့် |
| ၃။ | ဦးစိုးမြင့်နောင် | ၈/၂ | သ/ခလွယ်ကန် | ၉၀ | ၀.၂၉၄ | မြေခွန်ပြေစာဖြင့် |
| ၄။ | ဒေါ်ထိုက်ထိုက်ရှိန် | ၈/၂ | သ/ခလွယ်ကန် | ၉၆ | ၀.၁၄၇ | မြေခွန်ပြေစာဖြင့် |
| ၅။ | ဒေါ်ညွှန့်ညွှန့်ဌေး | ၈/၂ | သ/ခလွယ်ကန် | ၁၀၂ | ၀.၆၇၉ | မြေခွန်ပြေစာဖြင့် |
| ၆။ | ဦးဝင်းထက်အောင် | ၈/၂ | သ/ခလွယ်ကန် | ၉၄ | ၀.၅၈၈ | မြေခွန်ပြေစာဖြင့် |
| ၇။ | ဒေါ်ကေခိုင်ရွှေ | ၈/၂ | သ/ခလွယ်ကန် | ၉၉ | ၀.၁၁၀ | မြေခွန်ပြေစာဖြင့် |

## မြေငှားဂရန်စာချုပ် မိတ္တူလျှောက်ထားခြင်း

ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့၊ ပိန်းဆန်းရပ်ကွက်၊ အကွက်အမှတ် ၆/ပိန်းဆန်းရပ်ကွက်၊ ဦးပိုင်အမှတ် ၁၀၉၊ မြေဧရိယာ ၀ ဒသမ ၁၀၆ ဧကရှိ ဒေါ်နန်းဟွမ်နွမ်းစိန်+ဒေါ်နန်းရွှေအိမ် အမည်ဖြင့် နှစ် ၃၀ မြေငှားဂရန်စာချုပ်အမှတ် ၃၀/၂၀၀၀ ပျောက်ဆုံးသွား၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကျိုင်းတုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျိုင်းတုံမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ကြီးမြို့၊ အဝေးပြေးကမ္ဘောဇဘီအမ်အသင်းပိုင်ဂိတ်ဖြစ်သည့် တောင်ကြီးမြို့၊ ကန်အောက်ရပ်အကွက်အမှတ်(၁၆)၊ အကွက်အမည် မင်းကျောင်းရပ်၊ မြေကွက်အမှတ် (၁၀၆/၁၂၅)၊ ဦးပိုင်အမှတ်(၅၂-ဃ)၊ ဧရိယာ ၀ ဒသမ ၁၀၃ဧကရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်များကို အသင်းဝင်ယာဉ်ပိုင်ရှင်အများစု၏ သဘောတူညီချက်အရ ရောင်းချနိုင်ရန်အတွက် ဝယ်ယူမည့်သူထံမှ စရန်ငွေတစ်စိတ်တစ်ဒေသ ရယူရောင်းချထားပြီးဖြစ်ပါသည်။

ထိုသို့ရောင်းချထားခြင်းအပေါ် ကန့်ကွက်လိုပါက အများပိုင်ဥပစာဖြစ်၍ ယာဉ်ပိုင်ရှင်အများစု၏ သဘောတူညီချက်အပါအဝင် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ၁၄ရက်အတွင်း သက်ဆိုင်ရာရုံးများတွင် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ယာဉ်ပိုင်ရှင်အများစု၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်ထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၂၂)**
**အမှတ်(၃၁-ဃ)၊ နယ်မြေ(၇)၊ ဝန်ကြီးလမ်းခွဲ(၂)၊**
**ရေအေးကွင်းရပ်၊ တောင်ကြီးမြို့**

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့နယ်၊ နောင်မွန်ကျေးရွာအုပ်စု၊ ကောင်းသပြေကျေးရွာပိုင်ကွင်းအမှတ်(၁၅၃)၊ ဦးပိုင်အမှတ်(၉)၊ ဥယျာဉ်ခြံဧရိယာ ၆၂ဧကရှိ ခြံစောင့်လောက်ဂူး အငှားအမည်ခံဖြင့်ထားသော မြေနှင့်မြေပေါ်ရှိ လိုက်ချီးပင်များကို မူလပိုင်ရှင် ဒေါ်ဆွန်ရှုး(ခ)ဆန်ရှုး ၁၃/ကလတ(နိုင်)၀၀၅၁၀၃ ၊ ကွမ်းလုံမြို့နယ်၊ တာပါးဟော်၊ နမ့်ဟူးအုပ်စုအတွင်းနေသူအား ခြံစောင့် လောက်ဂူး (ကွယ်လွန်)၏ဇနီး ဒေါ်တုံရှောတုန်းနှင့်သမီး မဖြူဖြူဝင်းတို့သည် မည်သူတစ်ဦးတစ်ယောက်ကမျှ ဖြားယောင်းခြင်း၊ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်းမပါဘဲ လွတ်လပ်သောသဘောဆန္ဒများဖြင့် ၂၀၁၇ ခုနှစ် မေ ၁၄ရက် နောင်မွန်ကျေးရွာအုပ်စု၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ (ကျေးရွာလယ်ယာမြေစီမံခန့်ခွဲရေးကော်မတီ၊ ဥက္ကဋ္ဌ)၊ အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် အသိသက်သေ လူကြီးများရှေ့တွင် ခြံ/မြေလွှဲပြောင်းအပ်နှံခြင်းကတိစာချုပ်နှင့် ၂၀၁၇ ခုနှစ် ဇွန် ၅ရက်စွဲပါ နှစ်ဦးသဘောတူခွဲဝေခြင်း ကတိစာချုပ်တို့ကို ချုပ်ဆိုပြီး၊ မြေနှင့်မြေပေါ်ရှိ လိုက်ချီးပင်များကို လက်ရောက်ပေးအပ်ခဲ့သည်မှာ မှန်ကန်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**၁။ ဦးရန်စီစိမ်း(ခ)လုံချုံရှင်း ၁၃/ကလတ(နိုင်)၀၁၇၂၅၂**
**၂။ ဒေါ်ဆွန်ရှုး ၁၃/ကလတ(နိုင်)၀၀၅၁၀၃**
**၃။ ဒေါ်အားကိုင် ၁၃/တယန(နိုင်)၀၂၉၅၃**
**ယော်အဲချီကျေးရွာ၊ လောက်ကိုင်ခရိုင်၊ လောက်ကိုင်မြို့**
**ဖုန်း-၀၉-၂၅၄၃၇၈၈၉၅**
**တို့၏ညွှန်ကြားချက်အရ-**
**ဒေါ်အေးသန္တာ ၁၃/ကလန(နိုင်)၀၆၀၂၉၈**
**အထက်တန်းရှေ့နေ (စဉ်-၂၈၂၃၄)**
**ဖုန်း-၀၉-၄၁၀၀၉၃၄၂**

## ဒေါ်သူဇာငြိမ်း ၁/ဟပန(နိုင်)၀၀၂၀၈၄ နှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ၆၉ လမ်း၊ ၄၂×၄၃ လမ်းကြားနေ ဒေါ်သူဇာငြိမ်း ၁/ဟပန(နိုင်)၀၀၂၀၈၄က ၄င်းဝယ်ယူပိုင်ဆိုင်ထားသော ဦးမောင်မောင်အမည်ပေါက် TOYOTA MARK II-GX11 အမျိုးအစား SALOON (4x2) (R) ယာဉ်အမှတ် ၇၈/ ၈၂၂၅ (MDY) အဖြူရောင်ကားကို ပုသိမ်ကြီးမြို့နယ်၊ နားဌွေင်းကျကျေးရွာနေ ဒေါ်သင်းသင်းခိုင် ၉/ပသက(နိုင်)၀၇၄၇၃၀ အား ၃-၁၀-၂၀၁၇ ရက်တွင် အပြီးအပြတ်ရောင်းချပြီး နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ် ချုပ်ဆိုခဲ့ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့်နေ့တွင် ဒေါ်သူဇာငြိမ်းမှ ကားနှင့်ပတ်သက်သည့် စာရွက်စာတမ်းလိုင်စင်များကို ဒေါ်သင်းသင်းခိုင်ထံသို့ ပေးအပ်ခဲ့ပါသည်။ ထိုနေ့ ၃-၁၀-၂၀၁၇ ရက်မှာပင် ဒေါ်သူဇာငြိမ်းမှ ကားကိုလုပ်ငန်းတွင် ခေတ္တအသုံးပြုလို၍ ဒေါ်သင်းသင်းခိုင်ထံမှ ပြန်လည်ငှားလိုကြောင်းပြော၍ ဒေါ်သင်းသင်းခိုင်မှ လူမှုရေးအရ ယုံကြည်စွာဖြင့် သုံးလတိတိငှားပေး၍ နှစ်ဦးသဘောတူ မော်တော်ယာဉ်ငှားစာချုပ် ချုပ်ဆိုငှားရမ်းပေးခဲ့ပါသည်။ ယခုအခါ ငှားရမ်းကာလ (၃)လကျော်လွန်သည့်အချိန်ထိ ဒေါ်သူဇာငြိမ်းမှာ ဆက်သွယ်မရဘဲကားကိုလည်း ပိုင်ရှင်ထံသို့ပြန်လည်အပ်နှံခြင်းမရှိဘဲ ပုန်းရှောင်နေပါသည်။ သို့ဖြစ်ပါ၍ ဒေါ်သူဇာငြိမ်းအနေဖြင့် ခုနစ်ရက်အတွင်း ကားကိုပိုင်ရှင်ထံသို့ ပြန်လည်ပေးအပ်ပေးရန်နှင့် လာရောက်အပ်နှံဖြေရှင်းမှုမရှိပါက ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ဒေါ်သူဇာငြိမ်းနှင့် အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဒေါ်သင်းသင်းခိုင်**
**၉/ပသက(နိုင်)၀၇၄၇၃၀**
**ပုသိမ်ကြီးမြို့နယ်၊ နားဌွေင်းကျကျေးရွာ၊**
**ဖုန်း-၀၉၂၀၃၀၂၉၄**

## ဒေါ်ခင်ခင်အေး

**ဌာနမှူး(ငြိမ်း)-စက်မှုစီမံကိန်းဦးစီးဌာန**
**အသက်(၉၀)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်(၃)လမ်း၊ တိုက်အမှတ် (၂၈၉)၊ အခန်း (၉)နေ၊ ရန်ကုန်အရေးပိုင်(မွန်-ဦးဘိုးကျေး-ဒေါ်ဒေါ်အုန်း)တို့၏သမီး၊ (ဦးတင်မြင့်-ဒေါ်ဒေါ်ကျန်)တို့၏သမီးချွေးမ၊ (ဦးဇံရင်-GM-MEIC)၏ဇနီး၊ (ဒေါ်ခင်မြ)၊ [ဦးထင်ကြီး (တက္က သိုလ်ထင်ကြီး]-ဒေါ်ခင်ခင်နွဲ့၊ (ဒေါ်ခင်ခင်ထား)တို့၏ညီမ၊ (ဦးထွန်းမြင့်-ဒေါ်ဌေးကြွယ်)၊ ဦးမောင်မောင်ကြိုင်-ဒေါက်တာဒေါ်လှမြင့်တို့၏အစ်မ၊ ဦးမြင့်ဦး-ဒေါ်စန်းစန်း၊ ဦးမြင့်ဟန်-ဒေါ်ရီရီလွင်[အထက(၁)ရန်ကင်း]၊ ဗိုလ်မှူးမြင့်ထူး(ငြိမ်း၊ထွေ/မန်မြဝတီဘဏ်)-ဒေါက်တာအေးကြည်ကြည်[ဌာနမှူး(ငြိမ်း)ပြည်သူ့ကျန်းမာရေးဆေးတက္ကသိုလ်] တို့၏မိခင်၊ ကိုကျော်ဇောလင်း-မယုသင်းချို၊ ကိုထက်အောင်-မစုစုဖြိုးလှိုင်၊ ကိုသက်ဦးဟန်-မမေမြတ်သူဇာစံ၊ ကိုသက်ထူးဟန်တို့၏အဘွား၊ ချောထက်ဖြူစင်၊ ဆောင်းဦးယုယတို့၏ ဘွားဘွားသည် ၈-၆-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၂း၂၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၈ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှလှ (သထုံမြို့)

**အသက်(၈၉)နှစ်**

မော်လမြိုင်မြို့နေ(ဦးဆင်-ဒေါ်စောရင်)တို့၏သမီး၊ (ဦးစံ-ဒေါ်ကြည်မြိုင်) တို့၏သမီးချွေးမ၊ သထုံမြို့၊ ဆေးရုံလမ်း၊ အမှတ် ၁၀၇နေ (ဦးစံကြည်)၏ချစ်လှစွာသောဇနီး၊ ကရင်ပြည်နယ်၊ ကမမောင်း ကိုးနဝင်းအောင်သိဒ္ဓိကုန်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလ၏ ရဟန်းမယ်တော်၊ ဦးကြည်လှ(ခ)ဦးဂျွန်-ဒေါ်မြင့်မြင့်လှိုင်၊ ဦးသိန်းဝင်း-ဒေါ်ခင်ဥမ္မာရီ၊ ဦးလှရီ- ဒေါ်သန္တာကြည်၊ ဦးစိုးမိုးအောင်-ဒေါ်သဥ္ဇာကြည်တို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၇-၆-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် သထုံမြို့ ကျောက်တန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၆-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါ သထုံမြို့၊ ဆေးရုံလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဒပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**
**၂၀၁၈ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၆**

ဦးမောင်စိုး — နှင့် — ဦးအောင်ဝင်း
**တရားလို** — **တရားပြိုင်**

ပြင်ဦးလွင်မြို့နယ်၊ (DD-26)၊ မြနန္ဒာရပ်၊ ရပ်ကွက်ကြီး (၁၀)ပဒေသာမြို့သစ်နေ ဦးအောင်ဝင်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း အိမ်မြေအကျိုးခံစားခွင့်များ အရောင်းအဝယ်စာချုပ်ချုပ်ဆိုမှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ၃ရက်(၁၃၈၀ပြည့်နှစ် ပထမဝါဆိုလ ဆုတ် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်ထုတ်ပေးလိမ့်မည်။ ၄င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ်၊ ဇွန်လ ၆ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လင်းအောင်သူ)**
**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၆)ပဒေသာ၊ ဦးပိုင်အမှတ် (၃၃၉၊ ၃၄၂)၊ မြေယာနံပါတ် (339၊ 342)၊ ဧရိယာ(၀ဒသမ၁၁၀)ဧကရှိမြေကွက်ကို ဒေါ်နှင်းနှင်းအေး ၇/တငန(နိုင်)၀၀၀၇၈၁က အမည်ပြောင်းဂရန်သစ် လျှောက်ထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကြည် LL.B., တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၃၂)၊ နှင်းဆီလမ်း၊ ကွက်ပြင်(၃)မြောက်၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၈၅-၂၉၇၄၀၊ ၀၉-၂၀၄၄၁၀၃**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၄)ပဒေသာ၊ ဦးပိုင်အမှတ် (၂၃၅)၊ မြေယာနံပါတ် (235)၊ ဧရိယာ(၀ဒသမ၁၄၇)ဧကရှိမြေကွက်ကို ဒေါ်ရန်ကျိန်ရှင်(ခ)ဒေါ်ရီစီ ၁၃/လရန(နိုင်)၀၈၉၁၈၉က ဂရန်အမည်ပြောင်း လျှောက်ထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကြည် LL.B., တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၃၂)၊ နှင်းဆီလမ်း၊ ကွက်ပြင်(၃)မြောက်၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၈၅-၂၉၇၄၀၊ ၀၉-၂၀၄၄၁၀၃**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ အကွက်အမှတ်(၁၂)ညံတောအနောက်ရပ်၊ ဦးပိုင်အမှတ် (၅၀/က)၊ မြေယာနံပါတ် (179/A)၊ ဧရိယာ(၀ဒသမ၀၇၅) ဧကရှိ မြေကွက်ကို ဒေါ်အေးရင် ၁၃/တယန(နိုင်)၀၁၇၈၇၉က ဦးပိုင်ခွဲအမည်ပြောင်း ဂရန်သစ် လျှောက်ထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့် အညီပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကြည် LL.B., တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၃၂)၊ နှင်းဆီလမ်း၊ ကွက်ပြင်(၃)မြောက်၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၈၅-၂၉၇၄၀၊ ၀၉-၂၀၄၄၁၀၃**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

**ဦးကောက်ရီ(ခ)ဦးကျော်စိန်**

**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားဂရာလမ်း၊ အမှတ် ၂၆၅နေ (ဦးဖွန်-ဒေါ်ဟော)တို့၏သား၊ (ဦးချောင်ထျန်အုတ်-ဒေါ်ချင်စောင်အွိုင်)တို့၏သားသမက်၊ ဒေါ်ဖောင်၏ခင်ပွန်း၊ ဒေါ်နုနုရီ-ဦးကျော်စိန်၊ ဦးခင်စိုး-ဒေါ်နုစိန်၊ (ဒေါ်နီနီလှိုင်)၊ ဒေါ်ရင်ရင်-(ဦးမိုးနိုင်)၊ ဦးခင်ကျော်-ဒေါ်မြင့်မြင့်ကြည်၊ ဦးလှမြင့်-ဒေါ်ခင်နှင်းနွယ်၊ ဒေါက်တာစိန်ဝင်း-ဒေါ်ခင်မာဆွေ၊ ဒေါ်ခင်စန်းရီ၊ ဒေါ်ခင်ခင်ရီ-ဦးမောင်ရင်တို့၏ဖခင်၊ မြေး ၁၄ယောက်၊မြစ်တစ်ယောက်တို့၏ဘိုးဘိုးသည် ၈-၆-၂၀၁၈ရက်(သောကြာနေ့)ည ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၈ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးဘရင်(စနဲမြို့) အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ စနဲမြို့နယ်လူမှုရေးအသင်းဝင် ဒေါ်စောမြ၏ဖခင် ဦးဘရင်သည် ၇-၆-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၆-၂၀၁၈ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ စနဲမြို့နယ်လူမှုရေးအသင်း(ရန်ကုန်မြို့)

---

**ဦးမောင်မောင်လေး**

(တင်းနစ်မြန်မာ့လက်ရွေးစင်ဟောင်း)

အရှေ့တောင်အာရှကျွန်းဆွယ် ရွှေတံဆိပ်လေးဆုရှင်

တွဲဖက်အတွင်းရေးမှူး

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်၊ ဇီဝကလမ်း၊ အမှတ် ၁၀/၁နေ ဒေါက်တာဒေါ်ခင်သော်တာကြည်၏ခင်ပွန်း၊ ဦးမျိုးမောင်မောင်၊ (ဦးရာဇာမောင်မောင်)-ဒေါ်ခင်ထွေး၊ ဦးငြိမ်းချမ်းမောင်မောင်တို့၏ဖခင်၊ မဆုထက်ထက်ဦး(ရန်ကုန်တက္ကသိုလ်)၏ဘိုးဘိုးသည် ၉-၆-၂၀၁၈ရက်(စနေနေ့)နံနက် ၀၀း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၈ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဦးမောင်မောင်လေး**

(တင်းနစ်မြန်မာ့လက်ရွေးစင်ဟောင်း)

အရှေ့တောင်အာရှကျွန်းဆွယ်ရွှေတံဆိပ်(၄)ဆုရှင်

တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်၊ ဇီဝကလမ်း၊ အမှတ် ၁၀/၁နေ ဒေါက်တာဒေါ်ခင်သော်တာကြည်၏ခင်ပွန်း၊ ဦးမျိုးမောင်မောင်၊ (ဦးရာဇာမောင်မောင်)၊ ဒေါ်ခင်ထွေး၊ ဦးငြိမ်းချမ်းမောင်မောင်တို့၏ဖခင်၊ မဆုထက်ထက်ဦး(ရန်ကုန်တက္ကသိုလ်)၏ ဘိုးဘိုးသည် ၉-၆-၂၀၁၈ရက် (စနေနေ့) နံနက် ၀၀း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၈ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း တင်းနစ်အားကစား မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (သိမ်ဖြူတင်းနစ်ကွင်းမှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်

---

**ဦးမောင်မောင်လေး**

(တင်းနစ်မြန်မာ့လက်ရွေးစင်ဟောင်း)

အရှေ့တောင်အာရှကျွန်းဆွယ်ရွှေတံဆိပ်(၄)ဆုရှင်

တွဲဖက်အတွင်းရေးမှူး

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်၊ ဇီဝကလမ်း၊ အမှတ် ၁၀/၁နေ ဒေါက်တာဒေါ်ခင်သော်တာကြည်၏ခင်ပွန်း၊ ဦးမျိုးမောင်မောင်၊ (ဦးရာဇာမောင်မောင်)၊ ဒေါ်ခင်ထွေး၊ ဦးငြိမ်းချမ်းမောင်မောင်တို့၏ဖခင်၊ မဆုထက်ထက်ဦး(ရန်ကုန်တက္ကသိုလ်)၏ဘိုးဘိုးသည် ၉-၆-၂၀၁၈ရက် (စနေနေ့) နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၈ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမောင်မောင်လေး(ခ)အပုလေး

**အသက်(၇၃)နှစ်**

ကျွန်းဆွယ်ရွှေတံဆိပ်လေးဆုရှင် မြန်မာ့လက်ရွေးစင် တင်းနစ်ကစားသမားဟောင်း၊ တွဲဖက်အတွင်းရေးမှူး၊ နည်းပြချုပ်၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်သည် ၉-၆-၂၀၁၈ရက်(စနေနေ့) နံနက် ၀၀း၀၅နာရီတွင် ရန်ကုန်မြို့ (ခုတင်-၅၀၀)ဆံ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲမိပါသည်။

**ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်အဖွဲ့နှင့်ဝန်ထမ်းများ**

**မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်**

---

အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမောင်မောင်လေး**

(တင်းနစ်မြန်မာ့လက်ရွေးစင်ဟောင်း)

တွဲဖက်အတွင်းရေးမှူး

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်၊ ဇီဝကလမ်း၊ အမှတ်(၁၀/၁)နေ ဒေါက်တာခင်သော်တာကြည်၏ခင်ပွန်း ဦးမောင်မောင်လေးသည် ၉-၆-၂၀၁၈ရက် (စနေနေ့) နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဦးမြင့်**

**ဦးသီဟ**

**ရန်ကုန်တက္ကသိုလ်တင်းနစ်ကစားကွင်း မိတ်ဆွေများ**

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တသုဒဿန**

**သာသနဓဇ ဓမ္မာစရိယ၊ စူဠဂန္ထဝါစကပဏ္ဍိတ**

**မဟာဂန္ထဝါစကပဏ္ဍိတ**

**သက်တော်(၇၀)၊ သိက္ခာတော်(၄၉)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ စာဘူးတောင်ကျေးရွာအုပ်စု၊ သပိတ်ကုန်းကျေးရွာ၊ ဝေဠုဝန်သာသနာ့ရိပ်သာ ဦးစီးပဓာနနာယကဆရာတော် သာသနဓဇ ဓမ္မာစရိယ၊ စူဠဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုဒဿနသည် (၁၃၈၀ပြည့်နှစ် နယုန်လပြည့်ကျော် ၁၀ရက်) ၈-၆-၂၀၁၈ရက် (သောကြာနေ့) နံနက် ၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ပြည့်နှစ် ပထမဝါဆိုလဆန်း ၆ရက်) ၁၈-၆-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ဝေဠုဝန်သာသနာ့ရိပ်သာ၌ အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ၊ ဈာပနကျင်းပရေးကော်မတီ

---

**ဗိုလ်ကြီးလှရွှေ(ငြိမ်း)**

**(က·က·ဆက်)၊ ကြည်း/၉၂၆၄**

**အသက်(၉၇)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ လိပ်ကန်လမ်း၊ အမှတ် ၆၈၊ ပထမထပ်နေ(ဦးစံဖေ-ဒေါ်စိန်)တို့၏သား၊(ဦးဘထွန်း-ဒေါ်ငွေရင်)တို့၏သားသမက်၊ [ဒေါ်လှလှဝင်း(ခ)ဒေါ်အမာ]၏ခင်ပွန်း၊ (ဦးစောလွင်-ဒေါ်ပြုံး)တို့၏မောင်၊ (ဦးကျော်စိန်-ဒေါ်ကျင်မြ)တို့၏အစ်ကို၊ ဦးဇော်ဝင်း(C/E)-ဒေါ်မြင့်မြင့်သန်း(စက်မှု-၁၊ စားကုန်၊ ငြိမ်း)၊ (ဦးအောင်ခိုင်)၊ ဒေါ်စန်းစန်းဝင်း(မန်နေဂျာ၊ မြန်မာ့အာမခံလုပ်ငန်း၊ ငြိမ်း)၊ ဗိုလ်မှူးသိန်းဝင်း(ငြိမ်း)-ဒေါ်မြင့်မြင့်(M.P.P.E-ငြိမ်း)၊ ဦးမျိုးဝင်း(လ/ထညွှန်မှူးတိုင်းရင်းသားကျေးရွာ)-ဒေါ်လဲ့လဲ့ဝင်း(မန်နေဂျာ၊ မြန်မာ့အာမခံလုပ်ငန်း)၊ ဦးကျော်ကျော်ဝင်း(ဒါရိုက်တာ၊ နေဖြိုးမောက်)-ဒေါ်ချိုချို(M.P.P.E ငြိမ်း)တို့၏ဖခင်၊ ဦးစိန်ဝင်း-ဒေါ်လှလှမြင့်တို့၏ဦးလေး၊ ဦးရဲမြတ်အောင်၊ ဦးအောင်စိုးမိုး-ဒေါက်တာယဉ်နွယ်အောင်၊ ဦးရဲမင်းအောင်(Mom Soon SHIPPING Co.Ltd)-ဒေါ်မင်းမင်းမြတ်၊ ဒေါက်တာအောင်ဇော်သိန်း၊ မထူးထူးအောင်(DKSH.Myanmar Ltd)တို့၏အဘိုး၊ မြစ်လေးယောက်တို့၏ဘိုးဘိုးသည် ၈-၆-၂၀၁၈ရက် ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်မိသားစု

---

ကျေးဇူးအထူးတင်ရှိခြင်း

**ဒေါက်တာတင်လှိုင် (အုတ်ဖို)**

**FMNP, Extra Master Mariner (UK),**

**M.Sc, Ph.D, Maritime Studies (Wales)**

**ရေကြောင်းသိပ္ပံကျောင်းအုပ်ကြီး(ငြိမ်း)**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**အသက်(၈၇)နှစ်**

၃-၆-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁း၃၂နာရီတွင် ကွယ်လွန်သွားသော ကျေးဇူးရှင်ဖခင်ကြီး ဒေါက်တာတင်လှိုင်၏နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ လိုအပ်မှုမရှိအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြသော ကုန်သွယ်ရေကြောင်းကောလိပ်မှ ကျောင်းအုပ်ကြီးနှင့် ကျောင်းသားများ၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရေကြောင်းဌာနခွဲမှ ညွှန်ကြားရေးမှူးနှင့် ဒုညွှန်ကြားရေးမှူးများ၊ ရေကြောင်းဆိုင်ရာအသင်းအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ အပတ်စဉ်အသီးသီးမှ လုပ်ဖော်ကိုင်ဖက်များနှင့် တပည့်များ၊ လှူဖွယ်ပစ္စည်းများ၊ လွမ်းသူ့ပန်းခြင်းများ၊ ပန်းခွေများပေးပို့သော လုပ်ဖော်ကိုင်ဖက်များ၊ တပည့်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ အနယ်နယ်အရပ်ရပ်မှ ဖုန်း၊ email, Facebook Social Media အသီးသီးမှလည်းကောင်း၊ သတင်းစာများမှလည်းကောင်း၊ ကိုယ်တိုင်လာရောက်၍သော်လည်းကောင်း နှစ်သိမ့်အားပေးခဲ့ကြပါသော ရပ်ဝေးရပ်နီးမှ ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်တင်ရွှေ(ခ)ဒေါ်တင်တင် (ခရမ်းမော်ရွာ)**

**အသက်(၈၃)နှစ်**

ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ ခရမ်းမော်ရွာနေ (ဦးမောင်ဘ-ဒေါ်ဧကလေး)တို့၏သမီး၊ (ဦးလှထွန်းအောင်-ဒေါ်မိဆိတ်)တို့၏သမီးချွေးမ၊ (ဦးဘအေး)-ဒေါ်မြရီ၊ ဆုထူးပန်ဆရာတော်(အရှင်နာယက)တို့၏ညီမ၊ ဒေါ်လှမြင့်၊ ဒေါ်လှကြွယ်တို့၏အစ်မ၊ ရွှေပြည်သာမြို့နယ်၊ ခရေလမ်း၊ အမှတ်(၅/၂/၁၅၂)နေ (ဦးတင်ဖေ)၏ဇနီး၊ (ဦးမြင့်စိုး-ဒေါ်ငွေးငွေး)၊ ဒေါ်ဥမ္မာစိုး၊ ဦးဝင်းမြင့်၊ ဦးညဏ်လင်း-ဒေါ်လွင်လွင်ဦး၊ ဦးအောင်ထူးနိုင်(YCDC၊ ရေသန့်ဌာန)-ဒေါ်အေးအေးမာ၊ ဦးသန်းစိုး-ဒေါ်ခင်လေးနိုင်၊ ဦးကျော်ဝင်းနိုင်-ဒေါက်တာခိုင်ခိုင်လင်း၊ ဦးစိုးဝင်းထွန်း(စက်မှုဝန်ကြီးဌာန)-ဒေါ်ခိုင်မိုးဝင်းတို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၀ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၉-၆-၂၀၁၈ရက် နံနက် ၄း၂၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ရွှေပြည်သာမြို့နယ်၊ ခရေလမ်း၊ အမှတ်(၅/၂/၁၅၂)နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ ရွှေပြည်သာမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်တိုးထွန်း အသက်(၄၀)**

**Project Manager, Fujitsu Australia Ltd.**

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ စာရင်းအင်းပညာဌာန ပါမောက္ခ/ဌာနမှူး(ငြိမ်း) ဒေါက်တာဒေါ်သန်းတိုး၏သားကြီးဖြစ်သူ ဦးကျော်တိုးထွန်းသည် ၇-၆-၂၀၁၈ရက် နံနက် ၄နာရီတွင် St. Vincent's ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းရပါသည်။

**ပါမောက္ခ/ဌာနမှူးနှင့် ဆရာ၊ ဆရာမများ**

**စာရင်းအင်းပညာဌာန**

**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

---

**ဒေါ်တင်အေး(ခ)ဒေါ်စိန်စိန်**

**အသက်(၉၇)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၅လမ်း၊ အမှတ် ၂၈နေ (ဦးကျိုလိန်ကျောင်း)၏ဇနီး၊ ဒေါ်ခင်ချို-(ဦးဇော်ဝင်း)၊ ဒေါ်ခင်ဝင်း-ဦးမြင့်သိန်း၊ဦးကျော်ထွန်းနိုင်-ဒေါ်ကြင်မြင့်၊ ဒေါ်ဖိတ်တင်-ဦးလှဝင်း၊ ဦးကျိုကန်လီ-ဒေါ်ချိုနွယ်ဦး(USA)၊ ဦးကျိုကန်လုံ-ဒေါ်ဝင်းဝင်းငွေး၊ဒေါ်ပြုံးပြုံး-Mr.Frank Morreale (USA)တို့၏မိခင်၊ မြေး ၁၆ယောက်တို့၏အဘွားသည် ၉-၆-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေး ဖုကျန့် တရုတ်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ညွန့်ညွန့်**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ(ဦးသိန်းတန်-ဒေါ်ခင်ဝင်း)တို့၏သမီး၊ တာမွေမြို့နယ်၊ ကျိုက္ကဆံအိမ်ရာ၊ ကျိုက္ကဆံလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တိုက် ၃၊ အခန်း ၂၀၂နေ (ဦးသန့်ဝင်း)၏ဇနီး၊ ဦးသစ်လွင်-ဒေါ်ခင်စန်းဦး၊ ဦးကျော်ကြီး၊ ဦးစိန်မြင့်-ဒေါ်မိမိခိုင် (အထက-၃၊ တာမွေ)၊ ဦးစောသိန်းကျော်-ဒေါ်ဇင်မာသန်းဝင်းတို့၏ ချစ်လှစွာသောမိခင်၊ မောင်ကျော်ကိုကို၊ မောင်ပြည့်ပိုင်ပိုင်၊ မသက်နှင်းဦး၊ မောင်ကျော်ဇင်ဝေ၊ မထက်ရတနာဝေ၊ မလဲ့ယမင်းဦးတို့၏အဘွားသည် ၉-၆-၂၀၁၈ရက်(စနေနေ့) နံနက် ၃း၀၅နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၁-၆-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဦးခင်ဦး အသက်(၆၃)နှစ်**

**(လှိုင်မဟာစည်ယောဂီ)**

**အနောက်ပိုင်းခရိုင်တရားရုံး**

**(ရှုပဗေဒ ၁၉၇၅-၇၉)၀/သရန်ကုန်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၄၃၊ ခေမာလမ်းနေ(ဦးအုန်းရွှေ-ဒေါ်ယဉ်အေး)တို့၏သား၊ ဦးငွေစန်း-ဒေါ်ကိုရီနာဂျိုဟာနစ်(ခေတ္တ-အစ္စရေး)၊ (ဦးဇော်ထွန်း)၊ ဦးအေးမင်း(မန်နေဂျာ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)-ဒေါ်ခင်ဝင်း(လက်ထောက်မန်နေဂျာ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)၊ ဦးသိန်းလင်း၊ ဒေါက်တာအေးမြတ်မွန်(တွဲဖက်ပါမောက္ခ၊ ဟသ်ာတတက္ကသိုလ်၊ သမိုင်းဌာန)တို့၏အစ်ကို၊ ဗိုလ်မှူးညဏ်စိုးလှိုင်(ငြိမ်း)-ဒေါ်အိအိမိုးတို့၏ဖခင်၊ မောင်ဝင်းလွင်မင်း၊ မသျှင်းသိမ့်စံတို့၏ဘကြီး၊မြေးနှစ်ယောက်တို့၏ အဘိုးသည် ၈-၆-၂၀၁၈ရက် (သောကြာနေ့) ညနေ ၅း၃၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တဓမ္မသာရ**

**သက်တော်(၇၃)နှစ်၊ သိက္ခာတော်(၅၃)ဝါ**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီး(မြောက်)ရပ်ကွက်၊ လိပ်ပြာကန်ကျောင်းတိုက်၊ သုခရိပ်သာကျောင်း၊ ဦးစီးပဓာနနာယက နယ်လှည့်ဓမ္မကထိကဆရာတော် ဘဒ္ဒန္တဓမ္မသာရသည် (၁၃၈၀ပြည့်နှစ် နယုန်လပြည့်ကျော် ၁၀ရက်) ၈-၆-၂၀၁၈ရက် (သောကြာနေ့) နံနက် ၈း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ပြည့်နှစ် နယုန်လကွယ်နေ့) ၁၂-၆-၂၀၁၈ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပနသဘင် ကျင်းပပြုလုပ်ပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူ တပည့်ဒါယကာ၊ ဒါယိကာမများ

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဦးဝံသပါလ(ခ)ဦးလှကြည် (ကဝမြို့)**

**သက်တော်(၇၀)၊ သိက္ခာတော်(၁၉)ဝါ**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကြူဝန်ကျေးရွာနှင့် (အောင်ဇေယျကျောင်းတိုက်)၊ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့၊ ပဲခူးလမ်း၊ အမှတ်(၁၀၁)နေ (ခမည်းတော် ဦးဘစော-မယ်တော် ဒေါ်ပွင့်)တို့၏သား၊ (ဒေါ်တင်ရီ)၏ခင်ပွန်း၊ ဒါးပိန်မြို့နေ (ဦးတင်လှ-ဒေါ်ရင်နွဲ့)၊ ကဝမြို့နယ်နေ (ဦးမြင့်ဦး)-ဒေါ်လှလှမြင့်တို့၏ညီ/မောင်၊(ကိုဇေယျာဦး)-မအိအိမြင့်၊ကိုသန့်ဇော်ဦး-မဝါဝါမွန်၊ ကိုရဲသူ-မမို့မို့သီတာ၊ ကိုကျော်မျိုးထွန်း-မမို့မို့သန္တာ၊ (ကိုသူရအောင်)၊ ကိုကျော်ကျော်ဦး-မဇာခြည်သိမ့်သိမ့်ထွေး၊ မဇာခြည်သိမ့်သိမ့်အေးတို့၏ဖခင်၊ မြေး ၁၀ယောက်၏အဘိုးသည် ၈-၆-၂၀၁၈ရက်(သောကြာနေ့) နံနက် ၉း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၀-၆-၂၀၁၈ရက် (တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ကဝမြို့သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဒေါ်ခင်ခင်ချို (တောင်ဥက္ကလာပ)**

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ် ၂၁၇နေ (ဦးဘိုရွှေ-ဒေါ်လှတင်)တို့၏သမီး၊ ဦးအေးလွင်၏ဇနီး၊ (ဦးမြင့်အောင်)၊ ဦးမြင့်စိုး-ဒေါ်အေးအေးပြုံးတို့၏ညီမ၊ ဦးမြင့်ရွှေ-ဒေါ်မြင့်မြင့်စိန်၊ ဦးဝင်းရွှေ [မြန်မာ့အလင်းသတင်းစာတိုက်(တပ်ကုန်း)]-ဒေါ်ခင်နု(အထက-၂၊ လသာ)၊ (ဦးတင်ဝင်း)-ဒေါ်ယုယုမော်၊ ဦးမြင့်လွင်-ဒေါ်စန္ဒာချိုတို့၏အစ်မ၊ သားသမီး ခြောက်ယောက်တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၈-၆-၂၀၁၈ရက်(သောကြာနေ့)မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးသန်းမြင့် အသက်(၈၁)နှစ်**

**တိုင်းဆောက်(၁၄)၊ အထူးဒေသ(၅)**

**လ/ထ အင်ဂျင်နီယာ(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

ထန်းတပင်မြို့နယ်၊ တော်လတဲ့ကျေးရွာနေ (ဦးသာရင်-ဒေါ်သန့်)တို့၏သား၊ ရန်ကုန်မြို့နေ(ဦးဘလွင်-ဒေါ်ကြည်ကြည်)တို့၏သားသမက်၊ ဒေါ်နုနုလွင်၏ခင်ပွန်း၊ ဦးလှကြည်-ဒေါ်ညွန့်ရင်၊ (ဦးအောင်မြိုင်-ဒေါ်မူမူ)တို့၏ညီ၊ ဦးသန်းလွင်-(ဒေါ်ခင်မာကြည်)တို့၏အစ်ကို၊ ဦးသန်းဝင်းဦး-ဒေါ်မူမူလှ၊ ဦးရဲဝင်းထွဋ်(Sea Crown Marine)-ဒေါ်အေးမိစံ(အထက-၂၊ လသာ)၊ ဦးသူမင်းထိုက်(နိုင်ငံခြားရေးဝန်ကြီးဌာန၊ ခေတ္တ-ဘရူနိုင်း)-ဒေါက်တာမေခင်သွယ်တို့၏ဖခင်၊ မသိမ့်ချမ်းမြေ့သွင်၊ မောင်ကောင်းထက်ဟိန်း(U.F.L, Thai)၊ မအိမေဖူးမောင်(Grade-11)၊ မောင်သူရမင်းမောင်(Grade-6)၊ မကြယ်စင်လင်းလက်ထွဋ်(Grade-5 B, အထက-၂၊ လသာ)တို့၏အဘိုးသည် ၉-၆-၂၀၁၈ရက်(စနေနေ့) နံနက် ၈း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၈ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဦးသန့်အောင် အသက်(၈၀)**

**ပညာရေးကောလိပ်ကျောင်းအုပ်ကြီး(ငြိမ်း)**

**ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်**

(ဦးဘလှိုင်-ဒေါ်စောခင်)တို့၏သား၊ [ဦးဘအေး(ဆရာဝန်ကြီး)-ဒေါ်စောမြင့်]တို့၏သားသမက်၊ ဒေါ်သန်းသန်းနွဲ့(အရီးသန်း)၏ခင်ပွန်း၊ ဦးပညာဓဇ(ဦးမျိုးမင်းသန့်)၊ ဒေါ်ချိုချိုဝင်း(အထက-၁၊ အမ်း)၊ ရဲမှူးဦးစိုးမင်းသန့်-ဒေါ်အေးအေးစိန်၊ ဦးဇော်မင်းသန့်-ဒေါ်ခင်ထွေးဖြူတို့၏ဖခင်၊ မခိုင်မေမျိုး(DWIR)၊ ကိုခိုင်ခန့်ဟိန်း(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ မောင်ကောင်းထက်စိုး(တတိယနှစ်၊ စိုက်ပျိုးရေး)၊ မဖြူဖြူမင်းသန့်(သတ္တမတန်း၊ ထ-၂၊ ဗဟန်း)တို့၏အဘိုး၊ (ဦးကျော်မြင့်-ဒေါ်သာနု)၊ (ဦးသောင်း)-ဒေါ်ခင်သန့်၊ (ဒေါ်ခင်နွဲ့)၊ (ဦးထွန်းခန့်-ဒေါ်စန်းမြင့်)၊ (ဦးထွန်းသန့်-ဒေါ်တင်စန်း)တို့၏ညီ/မောင်သည် ၉-၆-၂၀၁၈ရက်(စနေနေ့)မွန်းလွဲ ၁၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၈ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ [တာမွေမြို့နယ်၊ကျောက်မြောင်း၊အသောကလမ်း၊တိုက် ၁၂၊(ငါးလွှာ-A)နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။][ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၈ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ခင်လတ် (ညောင်လေးပင်မြို့)**

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်နေ ဦးမျိုးထွန်း မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၊ တွဲဖက်အထွေထွေအတွင်းရေးမှူးဟောင်း၏မိခင်သည် ၈-၆-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်**

# မြန်မာ့ရိုးရာလက်ဝှေ့ ဆီမီးဖိုင်နယ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်
# စောဘဟိန်း(ကရင်)က တင်ထွန်းအောင်(မန္တလေး)ကို အမှတ်ဖြင့်အနိုင်ယူ

**ရန်ကုန် ဇွန် ၉**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ဦးဆောင်ကျင်းပသော (၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့သိမ်ဖြူရိုးရာလက်ဝှေ့ရုံ၌ ဆက်လက်ကျင်းပရာ (ခ)အဆင့် ၆၀ ကီလိုတန်းပြိုင်ပွဲ၌ စောဘဟိန်း(ကရင်)က တင်ထွန်းအောင်(မန္တလေး)ကို လေးချီပြည့် ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး အမှတ်ဖြင့် အနိုင်ယူခဲ့သည်။



စောဘဟိန်း(ကရင်)နှင့် တင်ထွန်းအောင်(မန္တလေး)တို့ ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်စဉ်။ ဓာတ်ပုံ-မင်းထက်

ယနေ့ ယှဉ်ပြိုင်ထိုးသတ်သော လူသစ်တန်း ၄၈ ကီလို သုံးချီပြိုင်ပွဲများတွင် ထွန်းလင်း(မန္တလေး)က ဟိန်းထွဋ်ကျော်(ပဲခူး)ကို အမှတ်ဖြင့်အနိုင်ရခဲ့ပြီး သန့်ဇင်ထူး(ကရင်)က နိုင်လင်းထွန်း(ကယား)ကို အမှတ်ဖြင့် အနိုင်ရရှိခဲ့သဖြင့် ဖိုင်နယ်တွင် ထွန်းလင်း(မန္တလေး)နှင့် သန့်ဇင်ထူး(ကရင်)တို့ ချန်ပီယံလုကြရမည်ဖြစ်သည်။ အလားတူ လူသစ်တန်း ၅၁ ကီလိုတန်းပြိုင်ပွဲတွင် ကြယ်စင်ထွန်း(ရန်ကုန်)က အောင်ဇော်သက်(မန္တလေး)ကို အမှတ်ဖြင့် အနိုင်ရခဲ့ပြီး၊ ဘာမီတွန်(ကရင်)က ချစ်ဆူးငယ်(မွန်)ကို ပထမအချီ ၁ မိနစ် ၁၆ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရခဲ့သဖြင့် ဗိုလ်လုပွဲတွင်ကြယ်စင်ထွန်းနှင့် ဘာမီတွန်တို့ တွေ့ဆုံကြမည်ဖြစ်သည်။ လူသစ်တန်း ၅၄ ကီလိုတန်း ဆီမီးပွဲတွင် ခန့်မောင်(မန္တလေး)က ပြုံးချို(ကယား)ကို ပထမအချီ ၂ မိနစ် ၂၇ စက္ကန့်တွင် အလဲထိုးနိုင်ခဲ့ပြီး

စာမျက်နှာ ၁၂ ကော်လံ ၁ ✪

## မြန်မာ ယူ-၁၉ အသင်း ခြေစမ်းပွဲတွင် မောရစ်တီ အသင်းကို အနိုင်ရ

စာ » ၁၂

## မြစ်ကြီးနား၌ တက္ကသိုလ်ဝင်တန်း လေးဘာသာ ဂုဏ်ထူးရှင်တစ်ဦး ယာဉ်တိုက်မိပြီး သေဆုံး

စာ » ၁၃



# အောင်ခိုင်ဝင်းနှင့် ဆုပြည့်သင်းသင်းတို့ ကာယအလှ မောင်၊ မယ် ဆုများရရှိ

**ရန်ကုန် ဇွန် ၉**

၂၀၁၈ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲကို ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ကျင်းပရာ ကာယဗလမောင်(အလွတ်တန်း)ဆုကို ခါးနံပါတ်(၄၅) အောင်ခိုင်ဝင်းကရရှိပြီး အမျိုးသမီး Model Physique ၁၆၀ စင်တီမီတာ(အထက်)ဆုကို ခါးနံပါတ်(၈) ကာယအလှမယ် ဆုပြည့်သင်းသင်း (ဝဲပုံ)တို့က ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကာယဗလမောင် သက်ကြီးတန်းအသက် ၅၀ နှစ်အထက် ဝင်ရောက်ယှဉ်ပြိုင်သူ ၁၀ ဦး၊ အငယ်တန်းအသက် ၁၈ နှစ်အထက် ဝင်ရောက်ယှဉ်ပြိုင်သူ ၂၃ ဦး၊ အလွတ်တန်း ဝင်ရောက်ယှဉ်ပြိုင်သူ ၁၉ ဦး၊ Men Sport's Physique ဝင်ရောက်ယှဉ်ပြိုင်သူ ၂၈ ဦးတို့က အပြည်ပြည်ဆိုင်ရာ ကိုယ်ဟန်ပြကွက် ခုနစ်ကွက်နှင့် ၁ မိနစ် မိမိစိတ်ကြိုက်ကိုယ်ဟန်ပြကွက်များဖြင့် အသီးသီးပြိုင်ပွဲဝင်ခဲ့ကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၅ ❖

# MNL အမှတ်ပေးပြိုင်ပွဲ GFAနှင့် စစ်ကိုင်းအမှတ်ခွဲယူ

**ရန်ကုန် ဇွန် ၉**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၅) ပထမနေ့ကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ GFA နှင့်စစ်ကိုင်းအသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။

တန်းဆင်းဇုန်အတွက် အရေးပါသည့်ပွဲတွင် သရေကျခဲ့၍ GFA ရော စစ်ကိုင်းအသင်းပါ လာမည့်ပွဲများတွင် ဆက်လက်ရုန်းကန်ရတော့မည်ဖြစ်သည်။ စစ်ကိုင်းအသင်းသည် ယခုပွဲတွင် နှစ်ကြိမ်တိုင်ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်၍ GFA အသင်းကို အမှတ်ခွဲပေးခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် တန်းဆင်းဇုန်တိုက်ပွဲမှာ ရာသီကုန်အထိ အဆုံးအဖြတ်ခံယူရဖွယ်ရှိနေသည်။

နှစ်သင်းစလုံး နိုင်ငံခြားသားကစားသမား သုံးဦးစလုံးကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့ပြီး ပြည်တွင်းကစားသမားအစုံအလင်ဖြင့် ယှဉ်ပြိုင်ခဲ့သည်။ နှစ်သင်းစလုံးပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး အပြန်အလှန်ဂိုးပေါက်ခြိမ်းခြောက်မှုပြုလုပ်နိုင်သော်လည်း ဒုတိယပိုင်းမှ အပြန်အလှန်သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိခဲ့သည်။ ဒုတိယပိုင်းတွင် ဂိုးရရှိရေးအတွက်

စာမျက်နှာ ၁၂ ကော်လံ ၅ ▼



GFA နှင့် စစ်ကိုင်းအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်